# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**အလျှုဒါနကို ဝမ်းမြောက်နိုင်၏**

စေးနည်းဝန်တိုသူတို့သည် နတ်ပြည်သို့ မရောက်နိုင်ကြကုန်။ လူမိုက်တို့သည် အလှူဒါနကို မချီးမွမ်းကြကုန်။ ပညာရှိသည်သာ အလှူဒါနကို ဝမ်းမြောက်နိုင်၏။ ထိုဝမ်းမြောက်မှုကြောင့်သာလျှင် ထိုပညာရှိသည် တမလွန်ဘဝ၌ ချမ်းသာရ၏။

လောကဝဂ် (ဓမ္မပဒ-၁၇၇)


၁၃၈၃ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၄ ရက် | ၂၀၂၁ ခုနှစ်၊ ဧပြီ ၃၀ ရက်၊ သောကြာနေ့ | အတွဲ (၆၀)၊ အမှတ် (၂၀၉)


## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဗဟိုကော်မတီမှ အသိပေးကြေညာချက်

၁၃၈၃ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၃ ရက်
(၂၀၂၁ ခုနှစ်၊ ဧပြီလ ၂၉ ရက်)

Coronavirus Disease 2019 (COVID–19) ရောဂါပိုး ကူးစက်ပျံ့နှံ့မှုကို ဆက်လက်ထိန်းချုပ်ဆောင်ရွက်ရန် လိုအပ်ပါသဖြင့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများမှ Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ တားဆီးရေးအတွက် ၂၀၂၁ ခုနှစ်၊ ဧပြီလ ၃၀ ရက်နေ့အထိ ထုတ်ပြန်ထားသော ပြည်သူသို့ ပန်ကြားချက်၊ အမိန့်၊ အမိန့်ကြော်ငြာစာ၊ ညွှန်ကြားချက်များ (ဖြေလျှော့ပေးထားသည့် ကိစ္စရပ်များမပါ) အား ၂၀၂၁ ခုနှစ်၊ မေလ ၃၁ ရက်နေ့အထိ ရက်တိုးမြှင့် သတ်မှတ်ဆောင်ရွက်ထားပါကြောင်း အသိပေးကြေညာအပ်ပါသည်။



ရန်ကုန်ပြည်သူ့ဆေးရုံကြီး ပြန်လည်ဖွင့်လှစ်ထားမှုကို တွေ့ရစဉ်။ ဓာတ်ပုံ-လင်းလတ်

# ရန်ကုန်ပြည်သူ့ဆေးရုံကြီး ပြန်လည်ဖွင့်လှစ် လူနာများအား ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးလျက်ရှိ

ရန်ကုန် ဧပြီ ၂၉

ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ အထူးကုပြင်ပလူနာဌာန အပါအဝင် အခြားသော သက်ဆိုင်ရာ ဆေးကုသမှုဌာနများ ပြန်လည်ဖွင့်လှစ်ကာ ပြင်ပလူနာ၊ အတွင်းလူနာများအား ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

" အခုအချိန်မှာ အထူးကု ပြင်ပလူနာဌာန အားလုံးကို အရင်မူလ ဖွင့်လှစ်ခဲ့တဲ့ နေရာမှာ သက်ဆိုင်ရာဌာနရဲ့ လူနာကြည့်ရှုရက်အလိုက် ပြန်လည်ဖွင့်လှစ်ပြီး ဖြစ်ပါတယ်။ ကင်ဆာဆေးပညာဌာနနဲ့ ဓာတ်ရောင်ခြည် ကင်ဆာဌာနရဲ့ ပြင်ပလူနာဌာနတွေကိုတော့ နံနက် ၈ နာရီကနေ ကြည့်ရှုပေးပြီး ဆေးသွင်းလူနာနဲ့ ဓာတ်ကင်လူနာတွေကို ညနေ ၄ နာရီအထိ ကုသမှုပေးလျက်ရှိပါတယ်'' ဟု ရန်ကုန် ပြည်သူ့ဆေးရုံကြီးမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ကင်ဆာဝေဒနာရှင်များ၊ နှလုံးရောဂါ၊ ဦးနှောက်နှင့် အာရုံကြောဆိုင်ရာ ရောဂါဝေဒနာရှင်များအနေဖြင့် အထူးကု ပြင်ပလူနာဌာနရှိ နှလုံးဆေးကု၊ နှလုံးနှင့် သွေးကြောခွဲစိတ်၊ ဦးနှောက်နှင့် အာရုံကြောဆေးကု၊ ဦးနှောက်နှင့် အာရုံကြော ခွဲစိတ်ကု၊ ကင်ဆာဆေးပညာ၊ ဓာတ်ရောင်ခြည်ဆေးကု စသည့်ဌာနခြောက်ခုတွင် မတ် ၂၂ ရက်မှစ၍ လိုအပ်သည့် ဆေးဝါးကုသမှုများ ပြုလုပ်နိုင်ပြီဖြစ်ကြောင်းနှင့် အရေးပေါ် အထွေထွေခွဲစိတ်ကုသခြင်းများနှင့် နှလုံးနှင့် ပတ်သက်၍

စာမျက်နှာ ၄ ကော်လံ ၁ ➔

**ယနေ့ ဖတ်စရာ**


ဆေးပေးခန်းထဲ ပင့်ကူတွေလည်း အခိုင်အမာ အိမ်ရာဖွဲ့ ...
ဆောင်းပါး စာ » ၆

ဥပဒေဆိုင်ရာ အထောက်အကူပေးရေး ဥပဒေကို ပြင်ဆင်သည့် ဥပဒေ ပြဋ္ဌာန်း
ဥပဒေ စာ » ၇

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်၏ သတင်းထုတ်ပြန်ချက်
ပြည်တွင်းသတင်း စာ » ၁၀

ကိုဗစ်အလွန် ရာသီဥတုနှင့် လိုက်လျောညီထွေသော လယ်ယာကဏ္ဍ ပြုပြင်ပြောင်းလဲရေး
ဆောင်းပါး စာ » ၂၄

# တန်းဖြုတ်၍မရသေးသည့် ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ရေး

အိန္ဒိယနိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖြစ်ပွားမှုနှင့် သေဆုံးမှု ကိန်းဂဏန်းတို့က ကြောက်ခမန်းလိလိ မြင့်တက်နေသည်။ နေ့စဉ် ရောဂါကူးစက်ခံရသူသုံးသိန်းကျော် လေးသိန်းခန့်ရှိပြီး သေဆုံးသူမှာ သုံးထောင်ကျော်အထိ မြင့်မားလျက်ရှိရာ ဆေးရုံများမှာ မနိုင်မနင်းကုသနေရကာ ဆေးရုံခုတင်မလုံလောက်မှု၊ အောက်ဆီဂျင်မလုံလောက်မှုတို့နှင့်ပါ ရင်ဆိုင်နေကြရကြောင်း စိတ်မချမ်းမြေ့ဖွယ်သတင်းများ တွေ့ရှိရသည်။ ဗီဇပြောင်းလဲလာသည့် ကိုရိုနာဗိုင်းရပ်စ်မျိုးကွဲသစ်များ အိန္ဒိယနိုင်ငံသို့ ရောက်ရှိနေခြင်းကြောင့် ကူးစက်မှုနှုန်းမှာ ယခင်ထက် ၇၀ ရာခိုင်နှုန်းခန့် ပိုမိုမြင့်မားလာရခြင်းဖြစ်သည်ဟုလည်း ဆိုသည်။ ထို့အပြင် မြန်မာနိုင်ငံနှင့် နယ်နိမိတ်ထိစပ်နေသည့် အခြားနိုင်ငံများဖြစ်ကြသော ဘင်္ဂလားဒေ့ရှ်နှင့် ထိုင်းနိုင်ငံတို့တွင်လည်း ကိုဗစ်- ၁၉ ရောဂါ ကူးစက်မှုနှုန်း သိသိသာသာ မြင့်တက်လာလျက်ရှိရာ မြန်မာနိုင်ငံသူ နိုင်ငံသားတို့လည်း သတိထားကြဖို့ပင်ဖြစ်သည်။

ကိုရိုနာဗိုင်းရပ်စ်မျိုးကွဲသစ်များ၏ အန္တရာယ်နီးကပ်လာနေပြီး မြန်မာနိုင်ငံ၏ အရှေ့ဘက်နှင့် အနောက်ဘက်အိမ်နီးချင်းတို့ထံ ဝင်ရောက်နေပြီဖြစ်ရာ ပြည်တွင်းသို့ ဝင်ရောက်မလာရေးအတွက် ကုန်းလမ်း၊ ရေလမ်း၊ လေကြောင်းလမ်း ဝင်ပေါက်ထွက်ပေါက်များအားလုံးကို ဂရုစိုက်ကြပ်မတ်စစ်ဆေးကြရတော့မည်ဖြစ်သည်။ မိမိတို့နိုင်ငံအနေဖြင့် ကိုဗစ်- ၁၉ ရောဂါကူးစက်ပြန့်ပွားမှုကာကွယ်ထိန်းချုပ်နိုင်ရန်အတွက် ချမှတ်ထားသည့် စည်းမျဉ်း စည်းကမ်း သတ်မှတ်ချက်များနှင့်အညီ အချိန်ကာလကြာမြင့်စွာ ရပ်နားထားခဲ့ရသည့် စီးပွားရေးနှင့် ပညာရေး ယန္တရားတို့ ပြန်လည်ခုတ်မောင်းလည်ပတ်နိုင်ရန် ကြိုးပမ်းလျက်ရှိရာ လူတိုင်းလူတိုင်း ကိုဗစ်-၁၉ ကာကွယ်ရေးနည်းလမ်းများကို လိုက်နာနေထိုင်ရင်း ဥစ္စာရှာဖွေခြင်း၊ ပညာသင်ကြားခြင်းတို့ကို ဆက်လက်ပြုလုပ်သွားကြရမည်ဖြစ်သည်။

နိုင်ငံတကာတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖြစ်ပွားမှုနှုန်း မြင့်တက်လာရခြင်း၏ အကြောင်းရင်းများတွင် ကိုဗစ်-၁၉ ရောဂါပိုး၏ မျိုးဗီဇပြောင်းလဲသွားမှု၊ လူစုလူဝေးများ ဖြစ်ပေါ်ခဲ့မှု၊ ရောဂါဖြစ်ပွားမှု ကျဆင်းလာခြင်းကြောင့် ကိုဗစ်-၁၉ ကာကွယ်ရေးစည်းကမ်းများကို ဖြေလျှော့ပေးလိုက်မှု၊ လူများက ရောဂါကာကွယ်ရေးနည်းလမ်းများကို လိုက်နာရန် အားနည်းလာမှု၊ ကာကွယ်ဆေးထိုးပြီးသူများကလည်း ရောဂါကာကွယ်ရေးနည်းလမ်းများကို ဆက်လက်လိုက်နာခြင်းမရှိတော့ဘဲ အားနည်းလာမှုတို့ ပါဝင်လျက်ရှိရာ မြန်မာနိုင်ငံအနေဖြင့်လည်း ကိုဗစ်-၁၉ ကာကွယ်ရေးနှင့်ပတ်သက်၍ တန်းဖြုတ်မရသေးဟူ၍သာ ဆိုရမည်ဖြစ်သည်။ ဖြစ်မလာမီ ကြိုတင်ကာကွယ်ခြင်းသည်သာ ကုသခြင်းထက် ပိုမိုထိရောက်ခြင်း ဖြစ်သည့်အလျောက် ရောဂါကာကွယ်ရေးကို လူတိုင်းက မိမိကိုယ်ကို ကာကွယ်ခြင်းဖြင့် စတင်ကြရန်လိုအပ်သည်။ အလွန်ရိုးရှင်းလွယ်ကူသည့် နည်းလမ်းကလေး အနည်းငယ်မျှကို ကျင့်သုံးရုံဖြင့် ဆေးရုံ၊ အရေးပေါ်ခန်းနှင့် အသက်အန္တရာယ်တို့ကို ရှောင်ရှားနိုင်ပြီး ကျန်းမာပျော်ရွှင်စွာ နေထိုင်သွားနိုင်သည်။

မဖြစ်မနေအိမ်ပြင်ထွက်ကြသည့်အခါ ပါးစပ်၊ နှာခေါင်းစည်းတပ်ဆင်ခြင်းနှင့် လူအများနှင့် ထိတွေ့ဆက်ဆံရသည့်နေရာများတွင် မျက်နှာကာ (Face Shield) ကိုပါ တွဲဖက်တပ်ဆင်ခြင်း၊ တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေထိုင်ခြင်း၊ လက်ကို မကြာမကြာစနစ်တကျဆေးကြောခြင်း၊ အလုံပိတ်ခန်းအဲကွန်းခန်း၊ လေဝင်လေထွက်မကောင်းသော အခန်းများကို ရှောင်ကြဉ်ခြင်းတို့ အပါအဝင် အခြေခံအချက်ကလေး (၁၀)ချက်ခန့်ကို မိမိနှင့်တကွ မိသားစုဝင်များ၊ ပတ်ဝန်းကျင်နှင့် မိတ်ဆွေများအားလုံး၏ အကျိုး၊ အများပြည်သူအကျိုးတို့အတွက် လိုက်နာကျင့်သုံးကြရမည်ဖြစ်ရာ အသိတရားဖြင့် သတိထား နေထိုင်နိုင်ကြစေရေးအတွက် နှိုးဆော်တိုက်တွန်းအပ်ပါကြောင်း။ ။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလောဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက်
ဂျာနယ် ထွက်ရှိ



၁-၅-၂၀၂၁ ရက်နေ့ထုတ် အတွဲ(၁၈)၊ အမှတ်(၉)တွင်
- နိုင်ငံတည်ဆောက်ရေးအတွက် အဓိကအရေးပါသော အလုပ်သမားစွမ်းအားထု
- မြန်မာ့သရက်သီးဈေးကွက် ပြန်လည်ဦးမော့နိုင်ရန် မျှော်မှန်း
- မရှိမဖြစ် ဟင်းခတ်အမွှေးအကြိုင် ကြက်သွန်ဖြူ
- နွားမတမ်း ပြုစုမွေးမြူခြင်းနှင့် မှန်ကန်သော နို့ထုတ်လုပ်မှုရလဒ်ကောင်းများ
- ဝက်များကို ရေချိုးပေးခြင်းထက် ရေစိမ်ကန်ထားပေးခြင်း၏ အားသာချက်များ
- ဝက်သက်ရောဂါအကြောင်း သိမှတ်ဖွယ်ရာအဖြာဖြာ
- အင်ဒိုနီးရှားနိုင်ငံရှိ ကျေးရွာများတွင် ဝါးပင်များမှ ဝါးစွမ်းအင်အသုံးချနိုင်ရန် ကြိုးပမ်း အပါအဝင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကျန်းမာရေး၊ သုတရသစုံလင်စွာဖြင့် ထွက်ရှိပြီ ဖြစ်ပါသည်။

တစ်စောင် (၂၀၀) ကျပ်
အမြို့မြို့အနယ်နယ်ရှိ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုံးများတွင် ဝယ်ယူရရှိနိုင်ပါသည်။
DKY Journal

## မှတ်သားဖွယ်ရာ မိုးရေချိန်များ

**နေပြည်တော် ဧပြီ ၂၉**

မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ ပြင်ဦးလွင်မြို့တွင် ၂ ဒသမ ၂၄ လက်မ၊ ကွမ်းလုံမြို့တွင် ၁ ဒသမ ၉၇ လက်မ၊ ကျောက်ဆည်မြို့တွင် ၁ ဒသမ ၈၉ လက်မ၊ လွန်ကျော် (စိုက်ပျိုးရေးမိုးလေဝသ)တွင် ၁ ဒသမ ၅၀ လက်မ၊ ညောင်ဦးမြို့တွင် ၁ ဒသမ ၂၂ လက်မနှင့် မင်းတပ်မြို့တွင် ၀ ဒသမ ၉၄ လက်မတို့ ဖြစ်ကြသည်။

မိုး/ဇလ

## ရွှေသွေးဂျာနယ်ထွက်ရှိ

**နေပြည်တော် ဧပြီ ၂၉**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်ရုံးက အပတ်စဉ် စနေနေ့တိုင်း ရွှေသွေးဂျာနယ်ကို ထုတ်ဝေဖြန့်ချိလျက်ရှိသည်။

မေလ ၁ ရက်(စနေနေ့)တွင် ထုတ်ဝေမည့် ရွှေသွေးဂျာနယ်တွင် ကောင်းကျိုးမပေးသော မူးယစ်ဆေးကို ကလေးတို့အနေဖြင့် ဝေးဝေးရှောင်ကြဉ်ရမည်ဖြစ်ကြောင်း ပညာပေးတင်ဆက်ထားသည့် "ဆုရခဲ့သော အင်္ကျီလေး" မျက်နှာဖုံးကာတွန်း၊ မေလ ၁ ရက်နေ့တွင် ကျရောက်သည့် ကမ္ဘာ့အလုပ်သမားနေ့အကြောင်းကို ကလေးတို့ဗဟုသုတဖြစ်ဖွယ် တင်ဆက်ထားသည့် "ကမ္ဘာ့အလုပ်သမားနေ့" သုတဆောင်းပါး၊ ကလေးတို့ကိုယ်တိုင် ရေးဆွဲထားသည့် ကာတွန်းလက်ရာများကို တင်ဆက်ထားသည့် "ရွှေသွေးတို့လက်ရာ" ကဏ္ဍ၊ မြန်မာငွေကျပ်အဆင့်မှ ပြားအဆင့်သို့ ပြောင်းပုံအကြောင်းကို ရေးဖွဲ့ထားသည့် "ပေါက်ကျော်ပါဝင်သော 'ဒသမ' ဘာကြောင့် ဖျောက်ရတယ်" နှစ်မျက်နှာကာတွန်း၊ အောင်အောင်သည် ဖွဲ့မလျှော့ဘဲ ကြိုးစားမှုကြောင့် အောင်မြင်မှုရရှိပြီး ဝမ်းသာပီတိဖြစ်ရပုံအကြောင်းကို တင်ဆက်ထားသည့် "ဖွဲ့ဆုတစ်နေ့ရလိမ့်မည်" ဝတ္ထုကဏ္ဍ၊ အပန်းဖြေစခန်းများအကြောင်းကို ဗဟုသုတဖြစ်ဖွယ် တင်ဆက်ထားသည့် "ရေပူစမ်းနဲ့ အပန်းဖြေစခန်းများ" သုတကဏ္ဍအပါအဝင် ရွှေသွေးစကားဝိုင်းကဏ္ဍ၊ ဉာဏ်စမ်းကဏ္ဍ၊ ကဗျာကဏ္ဍ စုံလင်စွာဖြင့် ဖတ်စရာ မှတ်စရာများ ပါရှိကြောင်း သိရှိရသည်။

သတင်းစဉ်



## စဉ်ဆက်မပြတ် လေ့လာအကဲဖြတ်၍ အတန်းတင်ပေးသည့်စနစ်အပေါ် ပြန်လည်ဆန်းစစ်ရန်လိုအပ်

ပညာရေးစနစ်၌ တန်းစဉ်ကူးပြောင်းမှု၊ အတန်းပညာတတ်မြောက်မှုများစွာ နည်းပါးသည်ကို တွေ့ရကြောင်း၊ အခြေခံပညာအထက်တန်းစာမေးပွဲ အောင်မြင်မှုမှာလည်း ရာခိုင်နှုန်းများစွာ နည်းပါကြောင်း၊ အခြေခံပညာအထက်တန်းစာမေးပွဲ အောင်မြင်မှု နည်းပါးရခြင်းမှာ ယခင်နဝမတန်းသင်ခန်းစာများကို တတ်မြောက်ခဲ့မှုနည်းပါးခဲ့၍ ဖြစ်နိုင်ကြောင်း၊ ထို့ကြောင့် စဉ်ဆက်မပြတ် လေ့လာအကဲဖြတ်၍ အတန်းတင်ပေးသည့် စနစ်အပေါ် ပြန်လည်ဆန်းစစ်ရန် လိုအပ်နိုင်ကြောင်း၊ သို့ဖြစ်၍ ပညာရေးနှင့် ပတ်သက်ပြီး အမှန်တကယ် စာတတ်အောင် ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ထို့အတွက် ပညာရေး၊ ကျန်းမာရေးနှင့် နိုင်ငံ့ဝန်ထမ်းများ၏ အခန်းကဏ္ဍမြှင့်တင်ပေးနိုင်ရန် ဆရာ ဆရာမများကို အရည်အချင်းနှင့်အညီ ခံစားခွင့်များရရှိအောင် ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ဆရာဝန်များလည်း အလားတူဖြစ်ပါကြောင်း၊ ဝန်ထမ်းများကိုလည်း သင့်လျော်သည့် ခံစားခွင့်ရအောင် ဆောင်ရွက်ပေးရမည် ဖြစ်ပါကြောင်း။

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၆-၄-၂၀၂၁ ရက်နေ့တွင် ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌများနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့် ဒေသစီမံအုပ်ချုပ်ရေး အဖွဲ့ဥက္ကဋ္ဌများနှင့် တွေ့ဆုံစဉ် ပြောကြားသည့်အမှာစကားမှ ကောက်နုတ်ချက်)**

# ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦး ကရင်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအား တွေ့ဆုံ



**နေပြည်တော် ဧပြီ ၂၉**

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် ဒုတိယဥက္ကဋ္ဌ ဦးအောင်နိုင်ဦးသည် ကရင်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီ အဖွဲ့ဝင်များကို ယနေ့နံနက်ပိုင်းတွင် ကရင်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။ (ယာပုံ)

**ဦးစားပေးလုပ်ဆောင်**

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ကရင်ပြည်နယ်သည် အိမ်နီးချင်းထိုင်းနိုင်ငံနှင့် ထိစပ်လျက်ရှိသဖြင့် ရင်းနှီးမြှုပ်နှံလိုသူများအနေဖြင့် စိတ်ဝင်စားမှု ရှိပါကြောင်း၊ ပြည်နယ်အတွင်းရှိ ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများ လွယ်ကူလျင်မြန် အဆင်ပြေချောမွေ့စေရေးနှင့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့် အညီဖြစ်စေရေးသည် အရေးကြီးကြောင်း၊ ပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီက ခွင့်ပြုထားသည့် လုပ်ငန်းများအပြင် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်က ခွင့်ပြုပြီး လုပ်ငန်းများကိုလည်း ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့် အညီဖြစ်စေရေး ကြပ်မတ်ဆောင်ရွက်သွားရန်ဖြစ်ကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ၏ ရှေ့လုပ်ငန်းစဉ် ၅ ရပ်နှင့် ဦးတည်ချက် ၉ ရပ်ကို အခြေခံကာ ရင်းနှီးမြှုပ်နှံမှုမူဝါဒကို လိုက်လျောညီထွေ ချမှတ်အကောင်အထည်ဖော်လျက်ရှိပါကြောင်း၊ ပြည်နယ်အတွင်းရှိ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှုတိုးတက်ရေး၊ ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်ထုတ်လုပ်မှုကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ရေးနှင့် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ၊ အချိန်တိုတိုအတွင်း ရလဒ်ကောင်းများရရှိမည့် လုပ်ငန်းများကို ဦးစားပေးလုပ်ဆောင်ရမည် ဖြစ်ပါကြောင်း။

ရင်းနှီးမြှုပ်နှံမှုနှင့် ပတ်သက်သည့် တင်ပြလျှောက်ထားမှုများကို ဥပဒေပြဋ္ဌာန်းချက်ပါ သတ်မှတ်ကာလအတွင်း ပြီးပြတ်အောင် စိစစ်ဆောင်ရွက်ပေးရန်လိုကြောင်း၊ နိုင်ငံသား ကုန်ထုတ်လုပ်ငန်းများ၊ ဝန်ဆောင်မှုလုပ်ငန်းများ လွယ်ကူချောမွေ့စွာ ဆောင်ရွက်နိုင်ရေးနှင့် ရင်းနှီးမြှုပ်နှံသူများအတွက် အထောက်အကူပြုစေမည့် ရင်းနှီးမြှုပ်နှံမှု ဝန်းကျင်တစ်ရပ် ဖြစ်ပေါ်လာစေရေး ဌာနများက ဝိုင်းဝန်းကူညီဆောင်ရွက်ပေးရန် ဖြစ်ကြောင်း ပြောကြားသည်။

**ရှင်းလင်းဆွေးနွေး**

ထို့နောက် ကရင်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီဥက္ကဋ္ဌ/ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက ပြည်နယ်အတွင်းရှိ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ကိစ္စရပ်များအား ဆွေးနွေးပြောကြားပြီး တက်ရောက်လာကြသည့် ပြည်နယ်ရင်းနှီးမြှုပ်နှံမှု ကော်မတီဝင်များက ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ သိလိုသည်များကို မေးမြန်းရာ ပြည်ထောင်စုဝန်ကြီးက ပြန်လည် ရှင်းလင်းဆွေးနွေး ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဘားအံစက်မှုဇုန် အစည်းအဝေးခန်းမ၌ ကရင်ပြည်နယ်အတွင်းရှိ စီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံ၍ ရင်းနှီးမြှုပ်နှံမှု လွယ်ကူချောမွေ့စေရေး နိုင်ငံတော်အစိုးရက ပြင်ဆင်ဆောင်ရွက်နေသည့် အစီအစဉ်များ၊ COVID-19 ကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများ ပြန်လည်လည်ပတ်ဆောင်ရွက်နိုင်ရေး ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် တက်ရောက်လာကြသည့် စီးပွားရေးလုပ်ငန်းရှင်များက စီးပွားရေးလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများနှင့် လက်ရှိ ရင်ဆိုင်ကြုံတွေ့နေရသည့် လုပ်ငန်းအခက်အခဲများကို ဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန၊ ပြည်နယ်ဦးစီးမှူးရုံးသို့ သွားရောက်၍ ရုံးလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ပြီး ဝန်ထမ်းများနှင့် ရင်းနှီးပွင့်လင်းစွာ တွေ့ဆုံကာ အခက်အခဲများကိုဖြည့်ဆည်း ဆောင်ရွက်ပေးသည်။ **သတင်းစဉ်**

## (၂၀၂၁)ပညာသင်နှစ် ဘွဲ့လွန်ဆေးပညာသင်တန်းများဝင်ခွင့်အတွက် လျှောက်လွှာခေါ်ယူထားရာ နောက်ဆုံးထား လျှောက်ထားရမည့်ရက် တိုးမြှင့်ကြောင်းကြေညာချက်

(၂၀၂၁)ပညာသင်နှစ်အတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ကျန်းမာရေး လူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာနအောက်ရှိ ဆေးပညာနှင့် ဆေးပညာနီးနွယ်တက္ကသိုလ်များတွင် ဖွင့်လှစ်မည့် ဘွဲ့လွန်ဆေးပညာသင်တန်းများသို့ သတ်မှတ်အရည်အချင်းနှင့် ပြည့်စုံသူများသည် မိမိတက်ရောက်လိုသော ဦးစားပေးတက္ကသိုလ်အလိုက်၊ ဘာသာရပ်အလိုက် လျှောက်ထားနိုင်ပြီး ဘွဲ့လွန်ဆေးပညာသင်တန်းဝင်ခွင့်လျှောက်လွှာများကို (၃၀-၄-၂၀၂၁)ရက်နေ့အထိ နောက်ဆုံးထား လျှောက်ထားနိုင်ကြောင်း ကြေညာခဲ့ပြီးဖြစ်ပါသည်။

သို့သော် ဘွဲ့လွန်သင်တန်းဝင်ခွင့် စာမေးပွဲဖြေဆိုသူများ လျှောက်ထားရာတွင် ပိုမိုအဆင်ပြေစေရန် နောက်ဆုံးထား လျှောက်ထားရမည့်ရက်ကို (၃၀-၄-၂၀၂၁)ရက်နေ့အစား (၁၅-၅-၂၀၂၁)ရက်နေ့အထိ ရက်တိုးမြှင့်ထားပါကြောင်း ကြေညာအပ်ပါသည်။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

# ပြည်ထောင်စုဝန်ကြီး ဦးကိုကို အမျိုးသားစာကြည့်တိုက် (နေပြည်တော်) ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဧပြီ ၂၉**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုသည် ယနေ့ နံနက် ၁၀ နာရီတွင် အမျိုးသားစာကြည့်တိုက် (နေပြည်တော်)အတွင်း လုပ်ငန်းဆောင်ရွက်မှုများကို ကြည့်ရှုစစ်ဆေးသည်။ **(ယာပုံ)**



**လိုအပ်သည်များ မှာကြား**

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးကို အမျိုးသားစာကြည့်တိုက် (နေပြည်တော်)၊ ရှင်းလင်းဆောင်၌ အမျိုးသားစာကြည့်တိုက် (နေပြည်တော်)၏ သမိုင်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က Power Point ဖြင့် ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို မှာကြားသည်။

**ကြိုးပမ်းဆောင်ရွက်**

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် အမျိုးသားစာကြည့်တိုက် (နေပြည်တော်)ရှိ Digitial Library အခန်း၊ စာငှားဝန်ဆောင်မှုအခန်း၊ ပေ၊ ပုရပိုက်များ စုဆောင်းထိန်းသိမ်းထားသည့် အခန်း၊ သမိုင်းသုတေသနစာကြည့်တိုက်၊ Data Center တည်ဆောက်ထားမှုနှင့် e-Library စနစ် ဆောင်ရွက်ထားမှုအခြေအနေတို့ကို လှည့်လည်ကြည့်ရှုရာ သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်က လိုက်လံရှင်းလင်းပြသပြီး ပြည်ထောင်စုဝန်ကြီးက ကိုဗစ်-၁၉ အလွန်ကာလ၌ စာကြည့်တိုက်ဝန်ဆောင်မှုလုပ်ငန်းများ အရှိန်အဟုန်နှင့် ဆောင်ရွက်နိုင်ရေး၊ စာကြည့်တိုက်လှုပ်ရှားမှုများ တိုးမြှင့်ဆောင်ရွက်နိုင်ရေး၊ နိုင်ငံတကာစာကြည့်တိုက်များနှင့် ချိတ်ဆက်နိုင်ရေး ရှေးဟောင်းစာပေအမွေအနှစ်ဖြစ်သည့် ပေ၊ ပုရပိုက်များကို အထူးအလေးထား စုဆောင်းထိန်းသိမ်းနိုင်ရေးနှင့် စာကြည့်တိုက်စီမံခန့်ခွဲ မှုပညာ ဒီပလိုမာသင်တန်း ဖွင့်လှစ်နိုင်ရေးတို့ကို စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်သွားကြရန် မှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာနမှ ဝန်ထမ်းများအား တွေ့ဆုံ၍ စာကြည့်တိုက်သည် "True University is Collection of Book" ဟု ဆိုသည့်အတိုင်း အသိပညာနှင့် ဗဟုသုတများရှာမှီးရန် ဘဝတက္ကသိုလ်ဖြစ်ကြောင်း၊ တက္ကသိုလ်မှ ဘွဲ့ရရှိပြီးပါက စာကြည့်တိုက်သို့ သွား၍ Self Learning လုပ်၍ ဗဟုသုတနှင့် အသိပညာများ ထပ်မံရှာဖွေကြကြောင်း၊ အဆိုပါ Self Learning ဆောင်ရွက်သူများကို စာကြည့်တိုက် ဝန်ထမ်းများက မိမိတတ်ကျွမ်းထားသော စာကြည့်တိုက်ပညာ၊ ရှာဖွေလေ့လာထားသော အသိပညာများဖြင့် အကူအညီပေး ဝန်ဆောင်မှု ပြုရကြောင်း။

**စွမ်းအားပြည့် ဆောင်ရွက်**

သို့အတွက် စာကြည့်တိုက်၏ ဝန်ထမ်းများအနေဖြင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရန် သက်ဆိုင်ရာ သင်တန်းများ တက်ရောက်ရုံသာမကဘဲ စဉ်ဆက်မပြတ် ကိုယ်တိုင်လေ့လာဆည်းပူးရန် လိုအပ်ကြောင်း၊ ဝန်ထမ်းများသည် ပါတီနိုင်ငံရေး ကင်းရှင်းစွာဖြင့် နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ အမိန့်နှင့် ညွှန်ကြားချက်များကို တိတိကျကျလိုက်နာ၍ မိမိတာဝန်ကို စွမ်းအားပြည့် ဆောင်ရွက်ရန် လိုအပ်ကြောင်း မှာကြားသည်။

အမျိုးသားစာကြည့်တိုက်(နေပြည်တော်)ကို ၂၀၁၀ ပြည့်နှစ်၊ ဇွန် ၃ ရက်က စတင်တည်ဆောက်ခဲ့ပြီး ၂၀၁၃ ခုနှစ်၊ မေ ၃ ရက်တွင် စတင်ဖွင့်လှစ်နိုင်ခဲ့သည်။ အမျိုးသားစာကြည့်တိုက်(နေပြည်တော်)သည် မြန်မာအမျိုးသားစာပေစု အမွေအနှစ်ဗဟိုဌာနဖြစ်စေရန် ရည်ရွယ်၍ စာကြည့်တိုက်ဆိုင်ရာ အခမ်းအနားများကို ကျင်းပခြင်း၊ ပြည်တွင်းပြည်ပက ပုံနှိပ်ထုတ်ဝေသော မြန်မာနိုင်ငံဆိုင်ရာ စာစုများကို စုဆောင်းထိန်းသိမ်းသော ဗဟိုစာစုဌာနအဖြစ် ဆောင်ရွက်ခြင်း၊ ပြည်တွင်းမှ ပုံနှိပ်ထုတ်ဝေသော စာအုပ်စာတမ်းနှင့် စာအုပ်မဟုတ်သော အခြားပစ္စည်းများကို ပြည့်စုံစွာရရှိနိုင်ရေး စုဆောင်းထိန်းသိမ်းခြင်း၊ အမျိုးသားစာစုစာရင်း (National Bibliography) ကို ပြုစုထုတ်ဝေခြင်း၊ စာကြည့်တိုက် အချင်းချင်း ဆက်သွယ်ငှားရမ်းရေး (Interlibrary Loan)ကို ပြုလုပ်ခြင်း၊ နိုင်ငံတကာနှင့် ဆက်သွယ်၍ စာကြည့်တိုက်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဆောင်ရွက်ခြင်း၊ ပြည်သူလူထုအား စာကြည့်တိုက်နှင့် သုတပညာဆိုင်ရာ အသိပညာပေးခြင်း၊ အရှေ့တောင်အာရှဒေသမှ စာစုများကို ရယူစုဆောင်း၍ အများပြည်သူတို့အား ဖြန့်ဝေခြင်း၊ မြန်မာနိုင်ငံထုတ် စာနယ်ဇင်းများ၏ စာနယ်ဇင်းအညွှန်းများ (Periodical Indexes) ကို ပြုစုထုတ်ဝေခြင်း၊ နိုင်ငံ၏ စာကြည့်တိုက်နှင့် သုတပညာ လုပ်ငန်းများတွင် အသုံးပြုနေသော စာကြည့်တိုက်နည်းစနစ်များကို တစ်နိုင်ငံလုံး တစ်ပြေးညီဖြစ်စေရေးအတွက် "စံ"သတ်မှတ်ကာ ပြုစုထုတ်ဝေခြင်း၊ အရှေ့တောင်အာရှ ဒေသဆိုင်ရာကွန်ရက် (South East Asia Regional Network) နှင့် နိုင်ငံတကာကွန်ရက်စနစ် (Internet)တွင် ပါဝင်နိုင်ရေးအတွက် စာကြည့်တိုက်ဆိုင်ရာ နည်းပညာများကို ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ခြင်း၊ ကလေးစာကြည့်တိုက် ဝန်ဆောင်မှုပေးခြင်းဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# လယ်ယာထုတ်ကုန်စီမံခန့်ခွဲရေးအဖွဲ့ ပထမအကြိမ် ညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် ဧပြီ ၂၉**

လယ်ယာထုတ်ကုန်စီမံခန့်ခွဲရေးအဖွဲ့၏ ပထမအကြိမ် ညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၂ နာရီတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ Virtual စနစ်ဖြင့် ကျင်းပသည်။ **(ယာပုံ)**



**ရှင်းလင်းဆွေးနွေး**

အစည်းအဝေးတွင် လယ်ယာထုတ်ကုန်စီမံခန့်ခွဲရေးအဖွဲ့ဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးညွန့်အောင်က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက တောင်သူလယ်သမားအခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဦးဆောင်အဖွဲ့နှင့် လယ်ယာထုတ်ကုန်စီမံခန့်ခွဲရေးအဖွဲ့တို့ကို ပြင်ဆင်ဖွဲ့စည်းမှု၊ ယခုဘဏ္ဍာနှစ်အတွင်း အခြေခံရည်ညွှန်း စပါးဈေးနှုန်းဖြင့် တောင်သူလယ်သမားများထံမှ စပါးဝယ်ယူမှု၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ဆန်တန်ချိန်တစ်သိန်းကို G to G အစီအစဉ်ဖြင့် တင်ပို့နေမှု၊ နွေစပါးစိုက်ပျိုးထွက်ရှိသည့် ဒေသများတွင် စပါးဈေး ဖြစ်ပေါ်မှု အခြေအနေများကို စဉ်ဆက်မပြတ် လေ့လာစောင့်ကြည့်၍ အခြေခံရည်ညွှန်း စပါးဈေးနှုန်းဖြင့် ဝယ်ယူရန် လိုအပ်ပါက အဆင်သင့် ဝယ်ယူနိုင်ရေး ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် လယ်ယာထုတ်ကုန် စီမံခန့်ခွဲရေးအဖွဲ့အနေဖြင့် ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ရှင်းလင်းဆွေးနွေးပြောကြားသည်။

**ပေါင်းစပ်ညှိနှိုင်း**

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် လယ်ယာထုတ်ကုန်စီမံခန့်ခွဲရေးအဖွဲ့ဝင်များက လက်ရှိဈေးကွက်အတွင်း ဖြစ်ပေါ်နေသည့် ဆန်၊ စပါး ဈေးနှုန်းအခြေအနေများနှင့် ရောင်းဝယ်ဖောက်ကားမှု အခြေအနေများကို ဆွေးနွေးကြပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ကြသည်။

အစည်းအဝေးသို့ နေပြည်တော်ကောင်စီဝင်၊ ပဲခူးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဝင်နှင့် လယ်ယာထုတ်ကုန်စီမံခန့်ခွဲရေး အဖွဲ့ဝင်များနှင့် အသင်းအဖွဲ့များမှ တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။

**သတင်းစဉ်**

*❍ ရှေ့ဖုံးမှ*

အရေးပေါ်ဆေးကုသမှု(ဥပမာ) နှလုံးခုန်စက် (Pacemaker) လဲလှယ်ပေးခြင်းများကိုလည်း အဆိုပါ ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် ပြန်လည်လုပ်ဆောင်ပေးလျက်ရှိကြောင်း သိရသည်။

ထို့ပြင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၏ အရေးပေါ် ဆေးကုသမှုဌာနကိုလည်း ဧပြီ ၁၂ ရက်မှစတင်၍ လက်ရှိ ဝန်ထမ်းအင်အားအရ နေ့ဘက်တွင် ရုံးချိန်အတိုင်း ပြန်လည်ဖွင့်လှစ်ထားပြီး အရေးပေါ်ခွဲစိတ်ကုသမှုများကိုလည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ဆေးရုံသို့လာရောက်ပြသသည့် လူနာများထဲမှ ဆေးရုံတက်ရောက်ကုသရမည့် လူနာများအတွက်လည်း အတွင်းလူနာ၊ အထွေထွေဆေးကုသဆောင်အား ဧပြီ ၁၂ ရက်တွင် ဖွင့်လှစ်ပေးခဲ့ပြီး အထွေထွေခွဲစိတ်ကုသဆောင်နှင့် နှလုံးဆေးကုသဆောင် (CCU) ဌာနများကိုလည်း တိုးချဲ့ဖွင့်လှစ်ခဲ့ပြီး အခြားသော ဆေးကုသဆောင်များ တိုးချဲ့ဖွင့်လှစ်ရန်လည်း စီစဉ်လျက်ရှိကြောင်း သိရသည်။

ထို့ပြင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ အနယ်နယ်အရပ်ရပ်မှ လွှဲပြောင်းလူနာများ လက်ခံကုသရာတွင် သက်ဆိုင်ရာဒေသမှ ဆေးရုံအုပ်ကြီး (သို့မဟုတ်) သက်ဆိုင်ရာ ဆရာဝန်က ရန်ကုန်ပြည်သူ့ဆေးရုံကြီး ဆေးရုံအုပ်ချုပ်မှုအဖွဲ့ထံသို့ ချိတ်ဆက်ပြီးမှသာ လက်ခံကုသပေးမည်ဖြစ်ကြောင်း သိရသည်။

ယခုအခါ ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ တစ်နေ့လျှင် ပြင်ပလူနာဦးရေ ၃၀၀ ကျော်ခန့် လာရောက်ပြသလျက်ရှိပြီး အတွင်းလူနာဦးရေ ၁၀၀ ကျော် တက်ရောက်၍ ဆေးကုသမှု ခံယူလျက်ရှိကြောင်း သိရသည်။

**စိမ်းခက်**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး၊

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး၊

(ဂ) လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး၊

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး၊

၃။ **လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

# ဝန်ကြီးဌာန၏ မျှော်မှန်းချက်၊ ရည်မှန်းချက်များအတိုင်း ဆက်လက်အကောင်အထည်ဖော်

**နေပြည်တော် ဧပြီ ၂၉**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ပွင့်ဆန်းသည် ယနေ့နံနက် ၁၀ နာရီတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၃) စုပေါင်းခန်းမ၌လည်းကောင်း၊ နံနက် ၁၁ နာရီတွင် ရုံးအမှတ် (၅၂) အစည်းအဝေးခန်းမ၌လည်းကောင်း ဝန်ကြီးဌာနမှ အရာထမ်းများနှင့် တွေ့ဆုံအမှာစကားပြောကြားသည်။ **(ယာပုံ)**



**ကြိုးပမ်းဆောင်ရွက်**

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် ၅ နှစ်တာကာလအတွင်း အဆောက်အအုံကဲ့သို့ ရုပ်ပိုင်းဆိုင်ရာ ပြောင်းလဲတိုးတက်မှုများ ရှိလာသလို လုပ်ငန်းပိုင်းဆိုင်ရာတွင်လည်း များစွာတိုးတက်လာသည်ကို မြင်တွေ့ရသည့်အတွက် အားရကျေနပ်မိပါကြောင်း၊ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်လာစေရန် ကုန်သွယ်မှုကဏ္ဍသည် အရေးကြီးသည်ဖြစ်ရာ ကုန်သွယ်မှုဖွံ့ဖြိုးတိုးတက်စေရေးအတွက် ချမှတ်ထားသည့် ဝန်ကြီးဌာန၏ မျှော်မှန်းချက်၊ ရည်မှန်းချက်များအတိုင်း ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ဝန်ကြီးဌာနတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် ဝန်ထမ်းများ၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် အရည်အချင်းပြည့်မီအောင် စဉ်ဆက်မပြတ် အကောင်အထည်ဖော် ဆောင်ရွက်သွားရန် လိုအပ်သကဲ့သို့ နောင်လာမည့် မျိုးဆက်သစ်များကို ပခုံးပြောင်းတာဝန်ပေးအပ်နိုင်အောင်လည်း ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ဝန်ကြီးဌာနတွင် တာဝန်ထမ်းဆောင်နေသည့် ဝန်ထမ်းများအတွက် ဝန်ထမ်းသက်သာချောင်ချိရေးအတွက် ခွင့်ပြုထားသည့် အတိုင်းအတာအတွင်းမှ အကောင်းဆုံး ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း။

ဝန်ထမ်းများ၏ မျှော်မှန်းချက်တစ်ခုဖြစ်သည့် ရာထူးအဆင့်တိုးမြှင့်ရေးနှင့် စပ်လျဉ်း၍ ဌာန၏လုပ်ထုံးလုပ်နည်း စည်းမျဉ်းစည်းကမ်းများနှင့်အညီ မှန်မှန်ကန်ကန်ဖြစ်အောင် ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်းနှင့် လက်ရှိဖြစ်ပွားနေသည့် ကိုဗစ်-၁၉ ရောဂါကူးစက်မှု မရှိစေရန်အတွက် Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဗဟိုကော်မတီနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနတို့မှ ချမှတ်ထားသည့် စည်းမျဉ်း စည်းကမ်းများနှင့်အညီ လိုက်နာဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း မှာကြားသည်။

**လျင်မြန်စွာ တိုးတက်လာမည်**

ယင်းနောက် ဒုတိယဝန်ကြီးက မိမိတို့ဝန်ကြီးဌာနသည် နိုင်ငံတော်မှ ပေးအပ်သည့် တာဝန်များကို ထမ်းဆောင်ရာတွင် စွမ်းစွမ်းတမံလိုက်ပါအကောင်အထည်ဖော် ဆောင်ရွက်နိုင်သည့် ဝန်ကြီးဌာနဖြစ်သည်နှင့်အညီ မိမိတို့အနေဖြင့် အစဉ်အလာကောင်းများကို ဆက်လက် ထိန်းသိမ်းထားရန် လိုအပ်ပါကြောင်း၊ ဝန်ကြီးဌာန၏ မူလတာဝန်များအပြင် ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေး ဗဟိုကော်မတီကဲ့သို့ လိုအပ်ချက်အရ ထပ်မံဖွဲ့စည်းထားသည့် ကော်မတီများတွင်လည်း တာဝန်ယူဆောင်ရွက်နေရသည်ဖြစ်ရာ ဆက်စပ်ဝန်ကြီးဌာနများ၊ အသင်းအဖွဲ့များနှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ အခက်အခဲများစွာ ကြုံတွေ့နေရသော်လည်း တက်ညီလက်ညီ ဆောင်ရွက်နေကြသည့်အတွက် ကုန်သွယ်မှုများ လျင်မြန်စွာ တိုးတက်လာမည်ဟု ယုံကြည်ပါကြောင်း၊ ဝန်ကြီးဌာနတွင်ရှိသော ဝန်ထမ်းများအနေဖြင့် တာဝန်ပေးအပ်လာပါက ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ကြိုးစားလုပ်ဆောင်စေလိုပါကြောင်း မှာကြားသည်။

**တက်ရောက်**

အခမ်းအနားများသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် အရာထမ်းများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ဂီမှာန်နွေရာသီ တေးသီချင်းများ ဖျော်ဖြေပွဲကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၌ ပြသမည်

**နေပြည်တော် ဧပြီ ၂၉**

ဂီမှာန်နွေရာသီတေးသီချင်းများ ဖျော်ဖြေပွဲကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၌ ထုတ်လွှင့်ပြသမည်ဖြစ်သည်။ ပွဲစဉ်(၁) အဖြစ် မြန်မာ့အသံ ခေတ်ပေါ်တေးဂီတအဖွဲ့၊ မြန်မာ့အသံ ဆိုင်းဝိုင်းကြီးအဖွဲ့၊ သံစုံတီးဝိုင်းအဖွဲ့တို့နှင့်အတူ နိုင်ငံကျော်အဆိုတော်များဖြစ်ကြသည့် တင်ဦးလေး၊ မြန်မာပြည်သိန်းတန်၊ ကေတုဝင်းထွဋ်၊ မောင်မောင်အေး (အလင်္ကာဝတ်ရည်)၊ ကိုမြင့်အောင်၊ ယဉ်ဝေယံထွန်း၊ ဆွေဆွေမြင့်နှင့် အိအိချွန်တို့က ဖျော်ဖြေတင်ဆက်သွားမည်ဖြစ်သည်။




အဆိုပါတင်ဆက်ခဲ့မှုကို မေ ၂ ရက်၊ တနင်္ဂနွေနေ့၊ နံနက် ၁၀ နာရီခွဲတွင် ဒုတိယအကြိမ် ပြန်လည်ထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း သိရသည်။**သတင်းစဉ်**

## ပညာရေးဝန်ကြီးဌာနရှိ သင်ကြား၊ စီမံဝန်ထမ်းအားလုံး လုပ်ငန်းခွင်သို့ မပျက်မကွက်ဝင်ရောက်ရေးကိစ္စ

**နေပြည်တော် ဧပြီ ၂၉**

ပညာရေးဝန်ကြီးဌာန၊ အခြေခံပညာဦးစီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာန၊ နည်းပညာသက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာနရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်၊ သိပ္ပံနှင့် ကျောင်းများမှ သင်ကြားရေးဆရာ/ ဆရာမများအားလုံးနှင့် စီမံဝန်ထမ်းများအားလုံးတို့သည် မိမိတို့၏ လုပ်ငန်းခွင်သို့ မေ ၃ ရက် နောက်ဆုံးထား၍ မပျက်မကွက် (မပျက်မကွက်) ဝင်ရောက်ကြရန် ပညာရေးဝန်ကြီးဌာနက အသိပေးထားကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ဆေးပေးခန်းထဲ ပင့်ကူတွေလည်း အခိုင်အမာ အိမ်ရာဖွဲ့ ...

## စာချစ်သူ

သည်နေ့ ဘာရယ်မှန်းမသိ၊ သီချင်းလေးတစ်ပုဒ်ကို နှုတ်က အကြိမ်ကြိမ်ဆိုညည်းနေမိ၏။ သည်သီချင်းက နှစ်ကာလ အတော်ကြာခဲ့ပါပြီ။ ပြီးတော့ အကျိုးပြုတေးသီချင်း တစ်ပုဒ်ဖြစ်သည်။

၁၉၈၀ ကျော်လွန်နှစ်များက ထုတ်ဝေဖြန့်ချိတဲ့ တေးစီးရီး အခွေတိုင်းမှာ အကျိုးပြု တေးသီချင်းစာသားတစ်ပုဒ် ထည့်သွင်းဖော်ပြရသည့်ပေါ်လစီရှိသည်။ အချို့က အတုံးလိုက် အတစ်လိုက်၊ အချို့ကား အကျိုးပြုစာသားဖြစ်ပေမယ့် အဓိပ္ပာယ်ပြည့်ဝရုံမက အနုပညာအရလည်း ရသဂုဏ်မြောက်ကြသည်။

ယခု ကျွန်တော့်နှုတ်က သူ့အလိုလိုစီးဆင်းလာပြီး ဆိုညည်းမိသည့် အကျိုးပြုတေးသီချင်းကတော့ ကွယ်လွန်သူ နိုင်ငံကျော် အဆိုတော် ကိုငှက်(ထူးအိမ်သင်)ရဲ့ ၁၉၈၆ ခုနှစ်က ပထမဦးဆုံးထွက်ခဲ့သော "နာရီပေါ်မှ မျက်ရည်စက်များ" တေးစီးရီး အယ်လ်ဘမ်ထဲက သီချင်းတစ်ပုဒ်။

တေးရေးက ကိုငှက်ကိုယ်တိုင်လို့ မှတ်မိနေသည်။ သီချင်းခေါင်းစဉ်က သူငယ်ချင်း အတွက် တဲ့။ သီချင်းစာသားအချို့ကိုလည်း ယနေ့တိုင် မမေ့နိုင်သေးပါ။

**"ကလေးများအားလုံးလည်း စာသင်မယ့်ဆရာကို မျှော်နေတယ် ...**

**အို စာသင်ခုံတွေလည်း ဖရိုဖရဲ ပိုးစားခြကိုက်နဲ့ ...**

**ခေါင်းလောင်းကြီးလည်း အိပ်ပျော်နေဆဲ အသံမမြည်နိုင်ရှာတယ် ...**

**စာအံသံတွေ ကြားချင်ပါတယ် ကွက်လပ်ဖြည့်လိုက်ပေါ့ကွယ် ....။**

**"ကျေးလက်က ဆရာသူငယ်ချင်းရယ် ခေါင်းလောင်းကြီးအသံတွေ ချိုမြမယ် ....**

**အားလုံးအတွက် တာဝန်တွေထမ်းဆောင်မယ့် မင်းအတွက် တို့ဂုဏ်ယူလိုက်ပါတယ်။**

**" ဆေးပေးခန်းထဲ ပင့်ကူတွေလည်း အခိုင်အမာအိမ်ရာဖွဲ့ ...**

**အို လူနာခုတင်တွေလည်း ဖရိုဖရဲ ပိုးစားခြကိုက်နဲ့ ဆင်းရဲလွန်းတဲ့ဘဝတွေ ...**

**တကယ်ပဲချူချာနေရှာတယ် လူတွေအကုန် ...**

**ကျန်းမာရေးအတွက် ကွက်လပ်ဖြည့်လိုက်ပေါ့ကွယ် ....။**

**"ကျေးလက်က ဒေါက်တာသူငယ်ချင်းရယ် စိတ်ဓာတ်လေး ဖြူစင်သန့်ရှင်းတယ်**

**အားလုံးအတွက် တာဝန်တွေထမ်းဆောင်မယ့် မင်းအတွက် တို့ ဂုဏ်ယူလိုက်ပါတယ် ။**

**ကလေးများအားလုံးလည်း စာသင်မယ့်ဆရာကို ....**

**မျှော်နေတယ် အို စာသင်ခုံတွေလည်း ....**

**ဖရိုဖရဲ ပိုးစားခြကိုက်နဲ့ ခေါင်းလောင်းကြီးလည်း ....**

**အိပ်ပျော်နေဆဲ အသံမမြည်နိုင်ရှာတယ် ....**

**စာအံသံတွေကြားချင်ပါတယ် ကွက်လပ်ဖြည့်လိုက်ပေါ့ကွယ်" ....**

**"အကျိုးတရားတို့သည် အကြောင်းသာလျှင် အမွန်အစရှိကြကုန်၏"** ဆိုသည့် ဓမ္မနိယာမအတိုင်း ကျွန်တော်သည် ယနေ့ဖော်ပြပါ အကျိုးပြုတေးသီချင်းတစ်ပုဒ်ကို အဘယ်ကြောင့် နှုတ်ကအကြိမ်ကြိမ် ပြန်ပြောင်းဆိုညည်းနေမိပါသနည်း။

စေ့ငုအဖြေထုတ်ကြည့်တော့ ဧပြီလ ၂၈ ရက်နေ့ နိုင်ငံပိုင်သတင်းစာများပါ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့၏ "အကြောင်းအမျိုးမျိုးကြောင့် CDM လှုပ်ရှားမှုတွင် ပါဝင်ခဲ့ပြီး အရေးယူခံခဲ့ရသည့် နိုင်ငံ့ဝန်ထမ်းများနှင့် စပ်လျဉ်း၍ အသိပေးထုတ်ပြန်ချက်" တစ်ရပ်ကို ဖတ်လိုက်ရခြင်းက အစပြုသည်။

CDM လှုပ်ရှားမှုတွင် ပါဝင်ခဲ့ပြီး အရေးယူခံရသည့် နိုင်ငံ့ဝန်ထမ်းများအပေါ် ချမှတ်ထားသည့်ပြစ်ဒဏ်များကို လျှော့ပေါ့ပြောင်းပေးပြီး နိုင်ငံ့ဝန်ထမ်းတာဝန်ကို ပြန်လည်ထမ်းဆောင်ခွင့်ပြုသွားမည့် ထုတ်ပြန်ချက်ပါ အကြောင်းအရာများကြောင့် ဖြစ်လေသည်။

**အဆိုပါ အသိပေးထုတ်ပြန်ချက်ကို ဖတ်လိုက်ရသည့်တစ်ခဏဝယ် ကျွန်တော်သည် ကျန်းမာရေးဝန်ထမ်းများကို ပထမဆုံး ပြေးမြင်ယောင်မိလေသည်။ တစ်ဆက်တည်းမှာပင် ထိုထုတ်ပြန်ချက်ကိုဖတ်လိုက်ရမည့် မျက်စိခွဲစိတ်ဖို့ စောင့်မျှော်နေကြသော ဝေဒနာရှင်ပြည်သူများ၊ ကျောက်ကပ်ဆေးကြောရန်၊ ကင်ဆာရောဂါအတွက် ဓာတ်ကင်ရန်၊ ထိုထိုသော အထူးကုဆေးရုံ ဆေးခန်းကြီးများတွင် ဆေးဝါးကုသရန် မတတ်နိုင်၍ အစိုးရဆေးရုံဆေးခန်းများတွင် ဆေးဝါးကုသရန် စောင့်မျှော်နေကြသည့် အထွေထွေရောဂါဝေဒနာရှင် ပြည်သူများသည်လည်း မည်မျှအားတက်ဝမ်းမြောက်ရှာကြလေမလဲဟု တွေးမိပါသည်။**

ထို့အတူ စိတ်လှုပ်ရှားလွယ်မှုကို အသုံးချခံရခြင်း၊ ပတ်ဝန်းကျင်အသိုင်းအဝိုင်းမှ ဖိအားပေးခြိမ်းခြောက် အကျပ်ကိုင်ခံရခြင်း၊ လူ့ဂုဏ်သိက္ခာထိခိုက်စေမည့် Social Punishment ပြုလုပ်ခံရမည်ကို စိုးရိမ်ခြင်း၊ မမျှော်မှန်းနိုင်သည့်အခြေအနေများကို စိုးရိမ်ပူပန်ခြင်း စသည့်အကြောင်းတစ်ရပ်ရပ်ကြောင့် CDM လှုပ်ရှားမှုများတွင် ပါဝင်ခဲ့ကြသဖြင့် အရေးယူခံခဲ့ရသည့် ကျန်းမာရေးဝန်ထမ်းများ အနေဖြင့်လည်း နိုင်ငံ့တာဝန်များ ပြန်လည်ထမ်းဆောင်နိုင်မည့် အခွင့်အလမ်းကောင်းတစ်ရပ်ကို သိမှသိကြပါလေစဟု တွေးပူမိပြန်ပါသည်။

တကယ်တော့ မြန်မာ့လူ့ဘောင်တွင် ဆရာဝန်၊ သူနာပြု စသောကျန်းမာရေးဝန်ထမ်းတို့၏ လုပ်ငန်းဆောင်တာအလုပ်ကို မွန်မြတ်သောလုပ်ငန်းကြီးအဖြစ် မြန်မာလူမျိုးတို့က မှတ်ယူထားကြပါသည်။

ပါမောက္ခချုပ် ဆရာတော်ကြီး အရှင်နန္ဒမာလာဘိဝံသကလည်း ၂၀၁၂ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့က ရန်ကုန်မြို့ ရွှေဂုံတိုင်ဆေးရုံ SSC..., OPD ခန်းမ၌ နှစ်သစ်မင်္ဂလာဓမ္မသဘင်အဖြစ် ဆင်ယင်ကျင်းပသော "နှစ်ဦးမေတ္တာ လူတိုင်းမှာ" တရားဒေသနာတော်တွင်–

"မေတ္တာပုဗ္ဗင်္ဂမံ ဝေဇ္ဇသိပ္ပံ။ ဝေဇ္ဇသိပ္ပံ – ဆေးပညာအတတ်ဟာ၊ မေတ္တာပုဗ္ဗင်္ဂမံ – မေတ္တာနဲ့ဦးဆောင်ပြီးတော့ ပြုလုပ်ရတဲ့အလုပ်ကိစ္စဖြစ်တယ်။ ဒါကြောင့် မေတ္တာထားမယ်ဆိုလို့ရှိရင် အင်မတန်မှ တန်ဖိုးရှိတဲ့ လုပ်ငန်းကြီးပဲ၊ မြင့်မြတ်တဲ့အလုပ်ပဲ။ တချို့အလုပ်က လုပ်တဲ့ကိစ္စကိုက မြင့်မြတ်တာမဟုတ်ဘူး။ အခု ဒီဆေးဝါးကုသပေးတဲ့အလုပ်ဆိုတာ အင်မတန်မှ မြင့်မြတ်တဲ့အလုပ်၊ မြင့်မြတ်တဲ့အလုပ်ကို ထပ်ပိုးပေးရမှာတော့ ကိုယ့်ရဲ့စိတ်နေသဘောထားလေးပဲ။ မေတ္တာစိတ်လေး ထပ်ပိုးပေးလိုက်လို့ရှိရင် အလုပ်က မြင့်မြတ်ပြီးသားဖြစ်သည့်အတွက်ကြောင့် အားလုံးဟာ မြင့်မြတ်သွားတယ်။ စိတ်ကလည်း မြင့်မြတ်တယ်၊ အလုပ်ကလည်း မြင့်မြတ်တယ်ဆိုတော့ နှစ်ထပ်ကွမ်းမြင့်မြတ်တယ်၊ ပြီးပြည့်စုံတယ်။ ကုသိုလ်ဖြစ်တဲ့လုပ်ငန်းတစ်ခုလို့ ပြောရမယ်။ ဒါက ဟုတ်/ မဟုတ် ကိုယ့်ဟာကိုယ်ပဲ ဆင်ခြင်သုံးသပ်လို့ရပါတယ်။

ဆရာဇီဝက ပညာသင်မလို့လုပ်တဲ့အခါမှာ သူစဉ်းစားတဲ့အထဲမှာပါတယ်။ "ဘယ်ပညာ ငါသင်ရကောင်းမလဲ" လို့ စဉ်းစားတယ်။ ပညာရပ်တွေအများကြီး သူစဉ်းစားမိတဲ့အထဲမယ် မကျန်းမမာတဲ့ပုဂ္ဂိုလ်တွေကို ကျန်းမာအောင်ကုစားပေးတဲ့ ဆေးသမားတို့ရဲ့ အတတ်ပညာဟာ မကျန်းမာတဲ့သူကို ကျန်းမာအောင်လုပ်ပေးတာ ဖြစ်သောကြောင့် အလုပ်ကိုက မေတ္တာထားတဲ့အလုပ်ဖြစ်သွားတယ်။ ဒါကြောင့်မို့လို့ "ဒီအလုပ်လောက် မွန်မြတ်တာမရှိဘူး"လို့ ဆိုပြီး ဆေးပညာအလုပ်ကိုရွေးချယ်တာလေ။

အဲဒီတော့ ကိုယ်လုပ်နေတဲ့လုပ်ငန်းဟာ အင်မတန်မှမြင့်မြတ်တဲ့အလုပ်ဖြစ်တယ်ဆိုတာ ရှေးဦးစွာခံယူထားပြီး မြင့်မြတ်တဲ့အလုပ်ကို မြင့်မြတ်တဲ့စိတ်ဓာတ်နဲ့ အကောင်အထည်ဖော်ရမယ်။ "တို့ဟာ နေ့စဉ်နဲ့အမျှ ကုသိုလ်ရတဲ့လုပ်ငန်းကြီးတစ်ခု လုပ်နေရတယ်"လို့ ဝမ်းသာရတယ်။ တချို့က ပြောကောင်းပြောလိမ့်မယ်၊ ဒါက business လုပ်ငန်းပဲ။ ပိုက်ဆံရလို့ လုပ်တာလို့၊ ပိုက်ဆံရလို့လုပ်တယ်ဆိုပေမယ့် စိတ်ဓာတ်မြင့်မြတ်ရင် (ကိုယ်မျှော်ကိုးတာက ငွေကြေးခနမဟုတ်ဘဲနဲ့နော်) တစ်ဖက်သားရဲ့ ရောဂါဝေဒနာ ပျောက်ကင်းရေးကို အာရုံစိုက်နေတဲ့အချိန်မှာဖြစ်တဲ့ စိတ်ကို ကုသိုလ်စိတ်လို့ ခေါ်တာပဲ။ အဲဒီကုသိုလ်စိတ်ကို ကိုယ်အရ ယူဖို့လိုတယ်။

အေး၊ ရောက်လာတဲ့လူနာအပေါ်မှာ "ဒီလူနာဆီက ပိုက်ဆံများများရအောင် လုပ်လိုက်မယ်"ဆိုရင်တော့ ဒါ ကုသိုလ်စိတ်မဟုတ်ဘူးပေါ့နော်၊ ရောက်လာတဲ့လူနာဟာ ရှိတဲ့ရောဂါ အမှန်အကန်သိရအောင် စစ်ဆေးပြီး "ဒီဆေးနဲ့ကုရင် ရောဂါ ပျောက်တယ်၊ အမှန်အတိုင်း ကုသပေးတယ်၊ သူ့ကို ကူညီပေးတယ်။ ရောဂါပျောက်ကင်းကြပါစေ၊ ချမ်းသာပါစေ"လို့ စိတ်ထားတယ်။ ဒါ မေတ္တာပဲ။ မေတ္တာဟာဘယ်သူ့ သန္တာန်မှာပဲဖြစ်ဖြစ် ကုသလာ အနဝဇ္ဇသုခဝိပါက လက္ခဏာ–အပြစ်ကင်းတယ်တဲ့။ အပြစ်မရှိတဲ့အရာတစ်ခု၊ အပြစ်မရှိဘူးဆိုတာ ဘယ်သူက အပြစ်တင်စရာမှမရှိတာ၊ မကောင်းတာ ကောင်းအောင်လုပ်ပေးတယ်ဆိုတာ အပြစ်ပြောစရာမရှိဘူး။ ဒါက အပြစ် မဟုတ်ဘူး။ အပြစ်က ဒီ့ပြင်ဟာ။ ဆိုပါစို့၊ ရောဂါပျောက်ကင်းအောင် လုပ်ပေးတာက အပြစ်မဟုတ်ဘူး၊ ဒီ့ပြင်ကိစ္စလုပ်ရင်တော့ အပြစ်ပေါ့။

### ရန်သူမိတ်ဆွေမရွေး လူသားအားလုံးရဲ့ ကျန်းမာသုခအတွက် မွန်မြတ်သော စိတ်ထားဖြင့် မွန်မြတ်သည့် တာဝန်ဝတ္တရားများကို ပြန်လည်ထမ်းရွက် ကွက်လပ်ဖြည့်ကြမည့် ဆရာဝန် ဆရာမအပေါင်းကိုလည်း ပြည်သူ လူထုကြီးတစ်ရပ်လုံးက မျှော်လင့် စောင့်စားနေကြပါပြီ

ဥပမာမယ် "ရောဂါမရှိဘဲနဲ့ ရှိတယ်"လို့ ပြောပြီး ငွေကြေးများများရအောင်လုပ်ရင်တော့ ဒါအပြစ်ပဲ။ ရှိတာကို ရှိတဲ့အတိုင်းပြောပြပြီး "ဒါက ဒီရောဂါ ဒီလိုကုရမယ်၊ ငွေကြေး ဒီလောက်ကုန်ကျလိမ့်မယ်" ဒီဟာက အပြစ်မဟုတ်ဘူးလေ၊ ဒါက မှန်ကန်တဲ့ အလုပ်ပဲ။ ဒီလိုပဲပြောတာ။

အဲဒါကြောင့် ရောဂါပျောက်စေချင်တဲ့စိတ်က မေတ္တာစိတ်ဓာတ်ပဲပေါ့။ အေး၊ သမားတို့ အတတ်ဟာ မေတ္တာအခြေခံပြီးတော့ လုပ်ရတာဖြစ်သောကြောင့် အဲဒီမေတ္တာအခြေခံတဲ့စိတ်ဓာတ်နဲ့ လုပ်ကြမယ်ဆိုလို့ရှိရင် အင်မတန်မှ ကုသိုလ်ရပါတယ်။ ကုသိုလ် ရအောင် စိတ်ထဲမှာ နှလုံးသွင်းဖို့ပဲ အရေးကြီးပါတယ်" စသဖြင့် ဟောကြားတော်မူခဲ့ပါ သည်။

သို့အတွက် အကြောင်းအမျိုးမျိုးကြောင့် CDM လှုပ်ရှားမှုများတွင်ပါဝင်ခဲ့ကြသည့် ကျန်းမာရေးဝန်ထမ်းများအနေဖြင့် အတ္တပရနှစ်ဦးနှစ်ဝ အကျိုးရှိစေမည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့၏ အသိပေးထုတ်ပြန်ချက်အပေါ် ကိုယ်စီကိုယ်င မိမိရရ အသုံးချကြစို့ရဲ့လား။

**ရန်သူမိတ်ဆွေမရွေး လူသားအားလုံးရဲ့ ကျန်းမာသုခအတွက် မွန်မြတ်သော စိတ်ထားဖြင့် မွန်မြတ်သည့်တာဝန်ဝတ္တရားများကို ပြန်လည်ထမ်းရွက် ကွက်လပ်ဖြည့်ကြမည့် ဆရာဝန် ဆရာမအပေါင်းကိုလည်း ပြည်သူလူထုကြီးတစ်ရပ်လုံးက မျှော်လင့်စောင့်စားနေကြပါပြီ။**

ပင့်ကူမျှင်တွေ ယှက်ဖြာသိုင်းနေပြီဖြစ်တဲ့ ဆေးရုံဆေးပေးခန်းများအတွင်းက၊ ဖရို ဖရဲ ပိုးစားခြကိုက်နေပြီဖြစ်သော လူနာခုတင်များကြားက ဝေဒနာရှင်ပြည်သူများသည်လည်း ဆရာကို မျှော်နေဆဲပါ။

ကျွန်တော်ကတော့ **"ကျေးလက်က ဒေါက်တာ သူငယ်ချင်းရယ် ... စိတ်ဓာတ်လေး ဖြူစင်သန့်ရှင်းတယ်... အားလုံးအတွက် တာဝန်တွေထမ်းဆောင်မယ့်... မင်းအတွက် တို့ဂုဏ်ယူလိုက်ပါတယ်"** ဟူသည့် ကိုငှက်(ထူးအိမ်သင်)ရဲ့ အကျိုးပြု တေးသီချင်းလေးကို နှုတ်ကအကြိမ်ကြိမ် ဆိုညည်းမိနေဆဲ ...။

❖ **အဆိုပါ အသိပေးထုတ်ပြန်ချက်ကို ဖတ်လိုက်ရသည့်တစ်ခဏဝယ် ကျွန်တော်သည် ကျန်းမာရေးဝန်ထမ်းများကို ပထမဆုံး ပြေးမြင်ယောင်မိလေသည်။ တစ်ဆက်တည်းမှာပင် ထိုထုတ်ပြန်ချက်ကိုဖတ်လိုက်ရမည့် မျက်စိခွဲစိတ်ဖို့ စောင့်မျှော်နေကြသော ဝေဒနာရှင်ပြည်သူများ၊ ကျောက်ကပ်ဆေးကြောရန်၊ ကင်ဆာရောဂါအတွက် ဓာတ်ကင်ရန်၊ ထိုထိုသော အထူးကုဆေးရုံ ဆေးခန်းကြီးများတွင် ဆေးဝါးကုသရန်မတတ်နိုင်၍ အစိုးရဆေးရုံဆေးခန်းများတွင် ဆေးဝါးကုသရန် စောင့်မျှော်နေကြသည့် အထွေထွေရောဂါဝေဒနာရှင်ပြည်သူများသည်လည်း မည်မျှအားတက်ဝမ်းမြောက်ရှာကြလေမလဲဟု တွေးမိပါသည်။**

# ဥပဒေဆိုင်ရာအထောက်အကူပေးရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေပြဋ္ဌာန်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**ဥပဒေအမှတ်၊ ၁၉ / ၂၀၂၂**
**ဥပဒေဆိုင်ရာအထောက်အကူပေးရေးဥပဒေကို**
**ပြင်ဆင်သည့်ဥပဒေ**
**၁၃၈၃ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၃ ရက်**
**(၂၀၂၂ ခုနှစ် ၊ ဧပြီလ ၂၉ ရက်)**

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၂။ ဤဥပဒေကို ဥပဒေဆိုင်ရာအထောက်အကူပေးရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေ ဟု ခေါ်တွင်စေရမည်။

၃။ ဥပဒေဆိုင်ရာအထောက်အကူပေးရေးဥပဒေပုဒ်မ ၂ ၊ ပုဒ်မခွဲ (ခ)နှင့် ပုဒ်မခွဲ (ဃ) တို့ကို အောက်ပါအတိုင်း အစားထိုးရမည် –

"(ခ) **ဥပဒေဆိုင်ရာ အထောက်အကူတောင်းခံခွင့်ရှိသူများ** ဆိုသည်မှာ ပြစ်မှုတစ်ခုခုဖြင့် တရားစွဲဆိုခြင်း၊ ပြစ်ဒဏ်ချမှတ်ခြင်းခံရသည့် ဆင်းရဲနွမ်းပါးသူ၊ ကလေးသူငယ်၊ အမျိုးသမီး၊ အထူးပြုစုစောင့်ရှောက်မှု လိုအပ်နေသူ၊ သက်ကြီးရွယ်အို၊ မသန်စွမ်းသူ၊ ခုခံအားကျဆင်းမှုရောဂါ သို့မဟုတ် အခြားကူးစက်မြန်ရောဂါ ခံစားနေရသူကို ဆိုသည်။

(ဃ) **အဖွဲ့ဝင်** ဆိုသည်မှာ သက်ဆိုင်သည့် ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့၏ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်တို့ကို ဆိုသည်။"

၄။ ဥပဒေဆိုင်ရာအထောက်အကူပေးရေးဥပဒေပုဒ်မ ၃ တွင် –

(က) ပုဒ်မခွဲ (ခ)ကို အောက်ပါအတိုင်း အစားထိုးရမည်–

"(ခ) ပြစ်မှုများတွင် ဥပဒေနှင့်အညီ ခုခံချေပခွင့်နှင့် အယူခံပိုင်ခွင့်တို့ကို ဆောင်ရွက်ရာ၌ ထိရောက်သည့် ဥပဒေဆိုင်ရာအထောက်အကူရရှိစေရန်၊"

(ခ) ပုဒ်မခွဲ (င)ကို ပယ်ဖျက်ရမည်။

၅။ ဥပဒေဆိုင်ရာအထောက်အကူပေးရေးဥပဒေပုဒ်မ ၄ တွင် –

(က) ပုဒ်မခွဲ (ဂ)ကို အောက်ပါအတိုင်း အစားထိုးရမည် –

" (ဂ) တရားစွဲဆိုခံရသူများနှင့် ပြစ်ဒဏ်ချမှတ်ခြင်းခံနေရသူများကိုဥပဒေဆိုင်ရာအထောက်အကူပေးရေး၊"

(ခ) ပုဒ်မခွဲ (ဃ) ၊ (င)နှင့် (ဈ) တို့ကို ပယ်ဖျက်ရမည်။

(ဂ) ပုဒ်မခွဲ (စ)ကို အောက်ပါအတိုင်း အစားထိုးရမည်–

"(စ) ဥပဒေဆိုင်ရာ အထောက်အကူတောင်းခံခွင့်ရှိသူများကို လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ ကိုးကွယ်ယုံကြည်မှု၊ အသက်အရွယ်၊ ကျား ၊ မ မခွဲခြားဘဲ ဥပဒေဆိုင်ရာအထောက်အကူပေးရေး၊"

၆။ ဥပဒေဆိုင်ရာ အထောက်အကူပေးရေး ဥပဒေပုဒ်မ ၅ ကို အောက်ပါအတိုင်း အစားထိုးရမည် –

"၅။(က) ပြည်ထောင်စုတရားသူကြီးချုပ်သည် ပြည်ထောင်စု ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့ကို ပြည်ထောင်စုအစိုးရအဖွဲ့နှင့်ညှိနှိုင်း၍ အောက်ပါအတိုင်း ဖွဲ့စည်းရမည်–

(၁) ထင်ပေါ်ကျော်ကြားသည့် ဂုဏ်သတင်းရှိသော ဥပဒေပညာရှင်တစ်ဦး၊ — ဥက္ကဋ္ဌ

(၂) ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ ညွှန်ကြားရေးမှူး ရာထူးအောက်မနိမ့်သော ကိုယ်စားလှယ်တစ်ဦး၊ — အဖွဲ့ဝင်

(၃) ပြည်ထောင်စုရှေ့နေချုပ်မှ ရွေးချယ် တာဝန်ပေးအပ်သည့် ညွှန်ကြားရေးမှူး ရာထူးအောက် မနိမ့်သော ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ ကိုယ်စားလှယ်တစ်ဦး၊ — အဖွဲ့ဝင်

(၄) ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက တာဝန်ပေးအပ်သည့် ညွှန်ကြားရေးမှူးရာထူးအောက် မနိမ့်သော ကိုယ်စားလှယ်တစ်ဦး၊ — အဖွဲ့ဝင်

(၅) လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ရွေးချယ်တာဝန်ပေးအပ်သည့် ညွှန်ကြားရေးမှူးရာထူးအောက် မနိမ့်သော ကိုယ်စားလှယ်တစ်ဦး၊ — အဖွဲ့ဝင်

(၆) ပညာရေးဝန်ကြီးဌာန လက်အောက်ရှိ တက္ကသိုလ်တစ်ခုခုမှ ဥပဒေပါမောက္ခတစ်ဦး၊ — အဖွဲ့ဝင်

(၇) လူမှုအဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သောအဖွဲ့အစည်း များမှ ဥပဒေဆိုင်ရာ အထောက် အကူပေးရေးလုပ်ငန်းများနှင့် ပတ်သက်သည့် အတွေ့အကြုံ ဗဟုသုတရှိသော ကိုယ်စားလှယ်တစ်ဦး၊ — အဖွဲ့ဝင်

(၈) ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြား စီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဦးစီးဌာနမှ ညွှန်ကြားရေးမှူး ရာထူးအောက်မနိမ့်သော ကိုယ်စားလှယ်တစ်ဦး၊ — အဖွဲ့ဝင်

(၉) တရားလွှတ်တော်ရှေ့နေများ ကောင်စီမှ အမည်စာရင်း တင်သွင်းသော တရားလွှတ်တော် ရှေ့နေအဖြစ် အနည်းဆုံး ၁၅နှစ် အမှုလိုက်ပါ ဆောင်ရွက်ခဲ့သည့် ရှေ့နေတစ်ဦး။ — အဖွဲ့ဝင်

(ခ) ပြည်ထောင်စုဥပဒေဆိုင်ရာ အထောက်အကူပေးရေး အဖွဲ့ဝင်များသည် နိုင်ငံသားဖြစ်ရမည့်အပြင် နိုင်ငံရေး ပါတီဝင်မဟုတ်သူ၊ လွှတ်တော်ကိုယ်စားလှယ် မဟုတ်သူ ဖြစ်ရမည်။

(ဂ) ပြည်ထောင်စုတရားသူကြီးချုပ်သည် ပြည်ထောင်စု အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ပြည်ထောင်စု ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့ကို လိုအပ်ပါက ပြင်ဆင်ဖွဲ့စည်းနိုင်သည်။"

၇။ ဥပဒေဆိုင်ရာအထောက်အကူပေးရေးဥပဒေပုဒ်မ ၆ ၊ ပုဒ်မခွဲ (ည) ကို အောက်ပါအတိုင်း အစားထိုးရမည်–

"**(ည)** ဥပဒေအကူအညီပေးရေးလုပ်ငန်း လုပ်ဆောင်လိုသော အဖွဲ့အစည်းများက ဥပဒေဆိုင်ရာ အထောက်အကူပေးရေးလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်နိုင်ရန် **ဥပဒေဆိုင်ရာ အထောက်အကူပေးရေး အဖွဲ့အဆင့်ဆင့်မှ** လျှောက်ထားလာပါက အသိအမှတ်ပြု အဖွဲ့အစည်းအဖြစ် ခွင့်ပြုပေးနိုင်ရန် **ပြည်ထောင်စု တရားလွှတ်တော်ချုပ်သို့ တင်ပြခြင်း၊"**

၈။ ဥပဒေဆိုင်ရာအထောက်အကူပေးရေး ဥပဒေ ပုဒ်မ ၇ ကို ပယ်ဖျက်ရမည်။

၉။ ဥပဒေဆိုင်ရာအထောက်အကူပေးရေး ဥပဒေ ပုဒ်မ ၈ ကို အောက်ပါအတိုင်း အစားထိုးရမည် –

"၈။ (က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်သည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့နှင့် ညှိနှိုင်း၍ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့ကို ပြည်ထောင်စု တရားသူကြီးချုပ်၏ သဘောတူညီချက်ဖြင့် အောက်ပါအတိုင်း ဖွဲ့စည်းရမည်–

(၁) ထင်ပေါ်ကျော်ကြားသည့် ဂုဏ်သတင်းရှိသော ဥပဒေပညာရှင်တစ်ဦး၊ — ဥက္ကဋ္ဌ

(၂) တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်တရားလွှတ်တော်မှ ဒုတိယညွှန်ကြားရေးမှူးရာထူး အောက်မနိမ့်သောကိုယ်စားလှယ်တစ်ဦး၊ — အဖွဲ့ဝင်

(၃) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေချုပ်ရုံးမှ ဒုတိယညွှန်ကြားရေးမှူးရာထူးအောက် မနိမ့်သောကိုယ်စားလှယ်တစ်ဦး၊ — အဖွဲ့ဝင်

(၄) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှဒုတိယညွှန်ကြားရေးမှူး ရာထူးအောက်မနိမ့်သော ကိုယ်စားလှယ်တစ်ဦး၊ — အဖွဲ့ဝင်

(၅) လူမှုအဖွဲ့အစည်းများနှင့်အစိုးရ မဟုတ်သောအဖွဲ့အစည်းများမှ ဥပဒေဆိုင်ရာအထောက်အကူပေးရေး လုပ်ငန်းများနှင့်စပ်ဆိုင်သည့် အတွေ့အကြုံ ဗဟုသုတရှိသော ကိုယ်စားလှယ်တစ်ဦး၊ — အဖွဲ့ဝင်

(၆) လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဦးစီးဌာနမှူးတစ်ဦး၊ — အဖွဲ့ဝင်

(၇) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့က သဘောတူညီသော တရားလွှတ်တော်ရှေ့နေအဖြစ် အနည်းဆုံး ၁၀ နှစ် အမှုလိုက်ပါ ဆောင်ရွက်ခဲ့သည့်ရှေ့နေတစ်ဦး။ — အဖွဲ့ဝင်

(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေဆိုင်ရာ အထောက်အကူပေးရေး အဖွဲ့ဝင်များသည် နိုင်ငံသား ဖြစ်ရမည့်အပြင် နိုင်ငံရေးပါတီဝင်မဟုတ်သူ၊ လွှတ်တော် ကိုယ်စားလှယ်မဟုတ်သူ ဖြစ်ရမည်။

(ဂ) ပြည်ထောင်စုတရားသူကြီးချုပ်သည် ပြည်ထောင်စု အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေဆိုင်ရာ အထောက်အကူ ပေးရေးအဖွဲ့ကို လိုအပ်ပါက ပြင်ဆင်ဖွဲ့စည်းနိုင်ရန် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်အား ညွှန်ကြားနိုင်သည်။"

၁၀။ ဥပဒေဆိုင်ရာအထောက်အကူပေးရေးဥပဒေပုဒ်မ ၉ ၊ ပုဒ်မခွဲ (ဃ) ကို အောက်ပါအတိုင်း အစားထိုးရမည် –

"(ဃ) ဥပဒေအကူအညီပေးရေးလုပ်ငန်း လုပ်ဆောင်လိုသော အဖွဲ့**အစ**ည်းများက ဥပဒေဆိုင်ရာ အထောက်အကူပေးရေးလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်နိုင်ရန် လျှောက်ထားလာပါက အသိအမှတ်ပြုအဖွဲ့အစည်းအဖြစ် ခွင့်ပြုပေးနိုင်ရန် **ပြည်ထောင်စုဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့မှတစ်ဆင့် ပြည်ထောင်စု တရားလွှတ်တော်ချုပ်သို့ တင်ပြခြင်း၊"**

၁၁။ ဥပဒေဆိုင်ရာအထောက်အကူပေးရေးဥပဒေပုဒ်မ ၁၁ ၊ ပုဒ်မခွဲ (ဃ) ကို အောက်ပါအတိုင်း အစားထိုးရမည် –

"(ဃ) ဥပဒေအကူအညီပေးရေးလုပ်ငန်း လုပ်ဆောင်လိုသော အဖွဲ့အစည်းများက ဥပဒေဆိုင်ရာ အထောက်အကူပေးရေး လုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်နိုင်ရန် လျှောက်ထားလာပါက စည်းမျဉ်းစည်းကမ်းများနှင့်အညီ စိစစ်ပြီး အသိအမှတ်ပြု အဖွဲ့အစည်းအဖြစ် ခွင့်ပြုပေးနိုင်ရန် **အဆင့်ဆင့်သော ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့များမှတစ်ဆင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ တင်ပြခြင်း၊"**

၁၂။ ဥပဒေဆိုင်ရာအထောက်အကူပေးရေး ဥပဒေပုဒ်မ ၁၂ ကို အောက်ပါအတိုင်း အစားထိုးရမည် –

"၁၂။ (က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်သည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့နှင့် ညှိနှိုင်း၍ မြို့နယ် ဥပဒေဆိုင်ရာ အထောက်အကူပေးရေး အဖွဲ့ကို အောက်ပါအတိုင်းဖွဲ့စည်းရမည်–

(၁) အများက ယုံကြည်လေးစားပြီး ဂုဏ်သတင်းရှိသော ဥပဒေပညာ တတ်ကျွမ်းနားလည်သူတစ်ဦး၊ — ဥက္ကဋ္ဌ

(၂) လူမှုအဖွဲ့အစည်းများနှင့်အစိုးရ မဟုတ်သော အဖွဲ့အစည်းများမှ ဥပဒေဆိုင်ရာအထောက်အကူပေးရေး လုပ်ငန်းများနှင့်ပတ်သက်သည့် အတွေ့အကြုံ ဗဟုသုတရှိသော ကိုယ်စားလှယ်တစ်ဦး၊ — အဖွဲ့ဝင်

*စာမျက်နှာ ၈ သို့*

# ဥပဒေပြဋ္ဌာန်း

*စာမျက်နှာ ၇ မှ*

(၃) တိုင်းဒေသကြီး သို့မဟုတ် အဖွဲ့ဝင် ပြည်နယ် အစိုးရအဖွဲ့က သဘောတူညီသော အနည်းဆုံး ၃ နှစ် အမှုလိုက်ပါ ဆောင်ရွက်ခဲ့သည့်ရှေ့နေတစ်ဦး။

(ခ) မြို့နယ် ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့ဝင်များသည် နိုင်ငံသားဖြစ်ရမည့်အပြင် နိုင်ငံရေးပါတီဝင် မဟုတ်သူ၊ လွှတ်တော်ကိုယ်စားလှယ် မဟုတ်သူ ဖြစ်ရမည်။

(ဂ) ပြည်ထောင်စုတရားသူကြီးချုပ်သည် ပြည်ထောင်စု အစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့် မြို့နယ်ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့ကို လိုအပ်ပါက ပြင်ဆင်ဖွဲ့စည်းနိုင်ရန် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် တရားလွှတ်တော် တရားသူကြီးချုပ်အား ညွှန်ကြားနိုင်သည်။"

၁၃။ ဥပဒေဆိုင်ရာအထောက်အကူပေးရေးဥပဒေပုဒ်မ ၁၃ ၊ ပုဒ်မခွဲ (ဃ) ကို အောက်ပါအတိုင်း အစားထိုးရမည် –

"(ဃ) ဥပဒေအကူအညီပေးရေးလုပ်ငန်း လုပ်ဆောင်လိုသော အဖွဲ့အစည်းများက ဥပဒေဆိုင်ရာ အထောက်အကူ ပေးရေးလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်နိုင်ရန် လျှောက်ထားလာပါက စည်းမျဉ်းစည်းကမ်းများနှင့် အညီစိစစ်ပြီး အသိအမှတ်ပြု အဖွဲ့အစည်းအဖြစ် ခွင့်ပြုပေးနိုင်ရန် **အဆင့်ဆင့် ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့များမှတစ်ဆင့် ပြည်ထောင်စု တရားလွှတ်တော်ချုပ်သို့ တင်ပြခြင်း၊"**

၁၄။ ဥပဒေဆိုင်ရာအထောက်အကူပေးရေးဥပဒေ ပုဒ်မ ၁၄ ပုဒ်မခွဲ (က) ကို အောက်ပါအတိုင်း အစားထိုးရမည်–

"(က) သက်ဆိုင်သည့် ဥပဒေဆိုင်ရာအထောက်အကူပေးရေး အဖွဲ့၏သက်တမ်းသည် စတင်ဖွဲ့စည်းသည့်နေ့မှ ငါးနှစ် ဖြစ်သည်။"

၁၅။ ဥပဒေဆိုင်ရာအထောက်အကူပေးရေးဥပဒေ ပုဒ်မ ၁၆ တွင်–

(က) ခေါင်းစဉ်ကို အောက်ပါအတိုင်း အစားထိုးရမည်–

"၁၆။ သက်ဆိုင်သည့် ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့တွင် တာဝန်ထမ်းဆောင်နေကြသော အဖွဲ့ဝင်တစ်ဦးဦးသည် အောက်ဖော်ပြပါ အခြေအနေတစ်ရပ်ရပ်ပေါ်ပေါက်ပါက အဖွဲ့ဝင်အဖြစ်မှ ရပ်စဲစေရမည်–"

(ခ) ပုဒ်မခွဲ (ဂ) ကို အောက်ပါအတိုင်း အစားထိုးရမည်–

"(ဂ) အဖွဲ့ဝင်တစ်ဦးဦးကို ဆက်လက်တာဝန်ပေးအပ်ရန် မသင့်ကြောင်း ပြည်ထောင်စုတရားသူကြီးချုပ်က ထင်မြင်ယူဆလျှင် ပြည်ထောင်စု အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့်အဖွဲ့ဝင်အဖြစ်မှ ရပ်စဲခြင်း၊"

၁၆။ ဥပဒေဆိုင်ရာ အထောက်အကူပေးရေး ဥပဒေပုဒ်မ ၂၁ ကို ပယ်ဖျက်ရမည်။

၁၇။ ဥပဒေဆိုင်ရာအထောက်အကူပေးရေး ဥပဒေ ပုဒ်မ ၂၂ ကို အောက်ပါအတိုင်း အစားထိုးရမည် –

"၂၂။ ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်လိုသည့် အဖွဲ့အစည်းတစ်ခုခုသည် ဥပဒေဆိုင်ရာ အထောက်အကူပေးရေး လုပ်ငန်းများတွင် အသိအမှတ်ပြုအဖွဲ့အစည်းအဖြစ် ပူးပေါင်းဆောင်ရွက်နိုင်ရန် သက်ဆိုင်သည့် ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့သို့ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားရမည်။"

၁၈။ ဥပဒေဆိုင်ရာအထောက်အကူပေးရေး ဥပဒေ ပုဒ်မ ၂၃ ကို အောက်ပါအတိုင်း အစားထိုးရမည်–

"၂၃။ သက်ဆိုင်သည့်ဥပဒေဆိုင်ရာအထောက်အကူပေးရေး အဖွဲ့သည် ပုဒ်မ ၂၂ အရ လျှောက်ထားချက်ကို စိစစ်ပြီး သက်ဆိုင်သည့် ဥပဒေဆိုင်ရာ အထောက်အကူပေးရေး အဖွဲ့အဆင့်ဆင့်သို့ သဘောထားမှတ်ချက်ဖြင့် တင်ပြရမည်။ ယင်းကိစ္စအတွက် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ အဆုံးအဖြတ်သည် အပြီးအပြတ် ဖြစ်သည်။"

၁၉။ ဥပဒေဆိုင်ရာ အထောက်အကူပေးရေး ဥပဒေ ပုဒ်မ ၂၅ ကို အောက်ပါအတိုင်း အစားထိုးရမည်–

"၂၅။ ဥပဒေဆိုင်ရာအထောက်အကူပေးသူသည် တရားရုံးတွင် အမှုစစ်ဆေးဆဲကာလအတွင်း လိုအပ်သော ဥပဒေဆိုင်ရာ အထောက်အကူပေးရမည်။"

၂၀။ ဥပဒေဆိုင်ရာအထောက်အကူပေးရေးဥပဒေပုဒ်မ ၂၆ ပုဒ်မခွဲ (ခ) ကို အောက်ပါအတိုင်း အစားထိုးရမည်–

" (ခ) အကျဉ်းထောင် သို့မဟုတ် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကုန်ထုတ်လုပ်ရေးနှင့် သက်မွေးပညာသင်စခန်းများသို့ အပို့ခံရသူများ ရထိုက်သည့် သက်သာခွင့်အရပ်ရပ် အတွက် ဥပဒေဆိုင်ရာ အထောက်အကူပေးရမည်။"

၂၁။ ဥပဒေဆိုင်ရာအထောက်အကူပေးရေး ဥပဒေပုဒ်မ ၂၇ ကို အောက်ပါအတိုင်း အစားထိုးရမည်–

"၂၇။ ဥပဒေဆိုင်ရာအထောက်အကူပေးသူသည် တရားစွဲဆိုခြင်း၊ ပြစ်ဒဏ်ချမှတ်ခြင်းခံရသူနှင့်ပတ်သက်၍–

(က) နိုင်ငံသားဖြစ်သော်လည်း ဆက်သွယ်ပြောဆိုရာ၌ ဘာသာစကား အခက်အခဲရှိလျှင် ဘာသာစကား နားလည်သူမှတစ်ဆင့် ဆောင်ရွက်ရမည်။

(ခ) မသန်စွမ်းသူဖြစ်လျှင် ၎င်း၏ ကိုယ်အမူအရာ သို့မဟုတ် ခြေဟန်၊ လက်ဟန်၊ လက်သင်္ကေတပြ ဘာသာစကား၊ လက်စမ်းစာပေကို နားလည် သိရှိသူမှတစ်ဆင့် ဆောင်ရွက်ရမည်။"

၂၂။ ဥပဒေဆိုင်ရာအထောက်အကူပေးရေးဥပဒေပုဒ်မ ၂၉ နှင့် ၃၂ တို့ကို ပယ်ဖျက်ရမည်။

၂၃။ ဥပဒေဆိုင်ရာအထောက်အကူပေးရေးဥပဒေပုဒ်မ ၃၆ တွင် ပါရှိသော "ယင်းအဖွဲ့၏ အကြံပေးပုဂ္ဂိုလ်များ" ဆိုသည့်စကားရပ်ကို ပယ်ဖျက်ရမည်။

၂၄။ ဥပဒေဆိုင်ရာအထောက်အကူပေးရေးဥပဒေ ပုဒ်မ ၃၈ ကို ပယ်ဖျက်ရမည်။

၂၅။ ဥပဒေဆိုင်ရာအထောက်အကူပေးရေးဥပဒေ ပုဒ်မ ၄၁ ကို အောက်ပါအတိုင်း အစားထိုးရမည်–

"၄၁။ (က) ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့တွင် ဤဥပဒေနှင့်အညီ ဥပဒေဆိုင်ရာ အထောက်အကူပေးရေး လုပ်ငန်းတာဝန်ထမ်းဆောင်နေသည့် နိုင်ငံ့ဝန်ထမ်းမဟုတ်သူကို ရာဇသတ်ကြီး ပုဒ်မ ၂၁ အရ ပြည်သူ့ဝန်ထမ်းအဖြစ် မှတ်ယူရမည်။

(ခ) ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့ဝင်အဖြစ် ပါဝင်သော ရှေ့နေသည် ဥပဒေဆိုင်ရာ အထောက်အကူပေးရေးနှင့် သက်ဆိုင်သော ဤဥပဒေအရ လိုက်ပါဆောင်ရွက်သည့် အမှုမှအပ အခြားမည်သည့် အမှုတွင်မျှ လိုက်ပါ ဆောင်ရွက်ခြင်းမပြုရ။"

၂၆။ ဥပဒေဆိုင်ရာအထောက်အကူပေးရေး ဥပဒေပုဒ်မ ၄၂ ကို ပယ်ဖျက်ရမည်။

၂၇။ ဥပဒေဆိုင်ရာအထောက်အကူပေးရေး ဥပဒေပုဒ်မ ၄၅ ကို အောက်ပါအတိုင်း အစားထိုးရမည်–

"၄၅။ ပြည်ထောင်စုဥပဒေဆိုင်ရာ အထောက်အကူပေးရေး အဖွဲ့သည် ဥပဒေအထောက်အကူပေးရေးဆိုင်ရာ လုပ်ငန်း ဆောင်ရွက်မှုအစီရင်ခံစာကို ပြည်ထောင်စုအစိုးရအဖွဲ့ နှင့်ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ ခြောက်လ တစ်ကြိမ်တင်ပြရမည်။"

၂၈။ ဥပဒေဆိုင်ရာအထောက်အကူပေးရေးဥပဒေပုဒ်မ ၄၇ ကို ပယ်ဖျက်ရမည်။

၂၉။ ဥပဒေဆိုင်ရာအထောက်အကူပေးရေးဥပဒေပုဒ်မ ၄၈၊ ပုဒ်မခွဲ (ခ) ကို အောက်ပါအတိုင်း အစားထိုးရမည်–

" (ခ) ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် လည်းကောင်း၊ ပြည်ထောင်စုဥပဒေဆိုင်ရာ အထောက်အကူပေးရေး အဖွဲ့သည် ပြည်ထောင်စု တရားလွှတ်တော်ချုပ်၏ သဘောတူညီချက်ဖြင့်လည်းကောင်း အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။"

---

ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ)မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့က Video Conferencing ဖြင့် အပတ်စဉ် သတင်းစာရှင်းလင်းပွဲ ပြုလုပ်

**နေပြည်တော် မေ ၂၉**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့၏ အပတ်စဉ် သတင်းစာရှင်းလင်းပွဲကို ယနေ့မွန်းလွဲပိုင်းတွင် Video Conferencing ပြုလုပ်ပြီး သတင်းမီဒီယာများ၏ သိရှိလိုသည့် မေးမြန်းချက်များကို ပြန်လည်ဖြေကြားခဲ့သည်။ **(ယာပုံ)**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့မှ ဗိုလ်ချုပ်ဇော်မင်းထွန်းက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၏ လမ်းညွှန်ချက်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ မေ ၂၆ ရက်နေ့ ကောင်စီအစည်းအဝေးဆုံးဖြတ်ချက်အရ သတင်းစီးဆင်းမှု မှန်ကန်မြန်ဆန်စေရေး၊ ပြည်သူများ သတင်းမှန်များ အချိန်မီ သိရှိစေရေး၊ မီဒီယာများ၏ သတင်းရရှိမှုပိုမိုတိုးတက်စေရေး ရည်ရွယ်၍ သတင်းထုတ်ပြန်ရေးအဖွဲ့၏ သတင်းစာရှင်းလင်းပွဲကို အပတ်စဉ် ဆောင်ရွက်သွားမည့် အခြေအနေ၊ လက်ရှိတွင် အွန်လိုင်းမှ Video Conferencing ဖြင့် ပြုလုပ်၍ မီဒီယာများ၏ သိရှိလိုသည်များရှင်းလင်း ဖြေကြားမည့် အခြေအနေ၊ ထိုသို့ပြုလုပ်ရာတွင် သတင်းထုတ်ပြန်ရေး အဖွဲ့တွင် တိုးချဲ့ဖွဲ့စည်းထားသည့် ဗိုလ်မှူးကောင်းထက်စံ၊ ဗိုလ်ကြီး ရဲဘုန်းကျော်နှင့် ဗိုလ်ကြီးဒေါ်အေးသဇင်မြင့်တို့ဖြင့် အလှည့်ကျ ရှင်းလင်းဆောင်ရွက်သွားမည့် အခြေအနေများနှင့် တပ်မတော်အနေဖြင့် ပါတီစုံဒီမိုကရေစီစနစ်နှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို ခိုင်ခိုင်မာမာအာမခံသည့်အနေဖြင့် မီဒီယာကို စတုတ္ထမဏ္ဍိုင်အဖြစ် အသိအမှတ်ပြုမှုနှင့်အညီ သတင်းမှန်များ ပြန့်ပွားစေရေး၊ သတင်းစီးဆင်းမှုမြန်ဆန်စေရေး၊ ပြည်သူများ သတင်းမှန်သိစေရေးတို့အတွက် ဆောင်ရွက်လျက်ရှိရာ မီဒီယာများအနေဖြင့်လည်း စတုတ္ထမဏ္ဍိုင်ပီသစွာ ပူးပေါင်းဆောင်ရွက်သွားရန် လိုအပ်သည့် အခြေအနေများကို ရှင်းလင်းပြောကြားပြီး သတင်းထုတ်ပြန်ရေးအဖွဲ့မှ တာဝန်ရှိသူများနှင့် တက်ရောက်လာကြသည့် သတင်းမီဒီယာများကို တစ်ဦးချင်း မိတ်ဆက်ပေးသည်။






ထို့နောက် သတင်းထုတ်ပြန်ရေးအဖွဲ့မှ ဗိုလ်ကြီး ဒေါ်အေးသဇင်မြင့်က အာဆီယံနိုင်ငံခေါင်းဆောင်များ အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပါဝင်တက်ရောက်၍ တပ်မတော်အနေဖြင့် ဖေဖော်ဝါရီ ၁ ရက်မှစ၍ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ နိုင်ငံတော်တာဝန်ကိုလွှဲပြောင်းရယူခဲ့မှု၊ ငြိမ်းချမ်းစွာဆန္ဒပြမှုမှတစ်ဆင့် ဆူပူအကြမ်းဖက်မှုများ ဖြစ်ပေါ်လာခဲ့မှုနှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ (SAC) ၏ ဖွဲ့စည်းပုံ၊ ရှေ့လုပ်ငန်းစဉ် များ၊ ရည်မှန်းချက်များအား အထောက်အထားခိုင်ခိုင်လုံလုံ၊ အကြောင်းပြချက် ပြည့်ပြည့်စုံစုံဖြင့် အာဆီယံခေါင်းဆောင်များကို လူချင်းတွေ့ဆုံပြီး တစ်နေရာတည်း၊ တစ်ချိန်တည်းတွင် တူညီသည့်စကားလုံးများနှင့် ရှင်းလင်းပြောကြားခဲ့မှု အခြေအနေ၊ CDM လှုပ်ရှားမှုတွင်ပါဝင်မှုကြောင့် အရေးယူခံခဲ့ရသည့် နိုင်ငံ့ဝန်ထမ်းများနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခဲ့မှု အခြေအနေ၊ နယ်စပ်ဒေသလုံခြုံရေးတာဝန်ထမ်းဆောင်နေသည့် တပ်မတော်စခန်းများအား KNLA တပ်မဟာ (၅) က NCA သဘောတူညီချက်များကို ချိုးဖောက်ပြီး တိုက်ခိုက်ခဲ့မှု အခြေအနေများနှင့် ယနေ့နံနက်အစောပိုင်းတွင် မကွေးမြို့နှင့် မိတ္ထီလာမြို့တို့ရှိ နယ်မြေခံတပ်စခန်းများအား သောင်းကျန်းသူ (စိစစ်ဆဲ) အဖွဲ့က ၁၀၇ မမ ရှေ့တိုက်ဒုံးများဖြင့် လာရောက်နှောင့်ယှက်ပစ်ခတ်ခဲ့မှု အခြေအနေ၊ မေ ၂၄ ရက်တွင် ဖြစ်ပွားခဲ့သည့် မင်းတပ်မြို့ဖြစ်စဉ်နှင့်ပတ်သက်၍ အချို့မီဒီယာများတွင် ကောလာဟလသတင်းအမှားများဖြန့်ချိနေပြီး သွေးထိုးလှုံ့ဆော်နေမှု အခြေအနေ စသည့်အကြောင်းအရာများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့မှ ဗိုလ်ကြီး ဒေါ်အေးသဇင်မြင့် က သတင်းမီဒီယာများ၏ သိရှိလိုသည့် မေးမြန်းမှုများအပေါ် ပြန်လည်ရှင်းလင်းဖြေကြားသည်။

အဆိုပါ Video Conferencing ဖြင့် ပြုလုပ်သည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့ သတင်းစာရှင်းလင်းပွဲသို့ ပြည်တွင်းသတင်းဌာနများ၊ နေ့စဉ်ထုတ်သတင်းစာများ၊ ဂျာနယ်များ၊ ပြည်တွင်း ရုပ်မြင်သံကြားသတင်းဌာနများ၊ ပြည်တွင်းအခြေစိုက် ပြည်ပသတင်းဌာနများမှ သတင်းထောက်များ တက်ရောက် သတင်းရယူခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာနက ကြီးမှူးကျင်းပသည့် (၇၃) ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေး(သဘောရေးဖြေ)စာမေးပွဲနှင့် ၂၀၂၁-ခုနှစ် အစိုးရဓမ္မာစရိယနှင့် ပါဠိပထမပြန်စာမေးပွဲများကျင်းပမည်

**နေပြည်တော် မေ ၂၉**

၁၃၈၃-ခုနှစ်၊ တန်ခူးလပြည့်ကျော် ၂ ရက် မေ ၂၈ ရက်တွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်ကြီးနှင့် အကျိုးတော်ဆောင်ဆရာတော်ကြီး ဦးစီးကျင်းပသည့် အဋ္ဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့တာဝန်ကျ (ပထမအဖွဲ့ခွဲ)၏ ဒုတိယအကြိမ် ဒုတိယအစည်းအဝေးက (၇၃) ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေး(သဘောရေးဖြေ)စာမေးပွဲကို ၁၃၈၃ ခုနှစ်၊ ကဆုန်လဆန်း ၇ ရက်၊ တနင်္လာနေ့မှ ကဆုန်လဆန်း ၁၁ ရက်၊ သောကြာနေ့ မေ ၁၇ ရက်မှ ၂၁ ရက်အထိ လည်းကောင်း၊ ၂၀၂၁ ခုနှစ်၊ အစိုးရဓမ္မာစရိယနှင့် ပါဠိပထမပြန်စာမေးပွဲများကို ၁၃၈၃ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၇ ရက်၊ အင်္ဂါနေ့မှ နယုန်လဆန်း ၄ ရက်၊ တနင်္ဂနွေနေ့ ဇွန် ၁ ရက်မှ ၁၃ ရက်အထိလည်းကောင်း ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန
သာသနာရေးဦးစီးဌာန

၁၃၈၃ (၂၀၂၁)ခုနှစ်၊ ဓမ္မာစရိယစာမေးပွဲကို အောက်ပါအချိန်ဇယားအတိုင်း ကျင်းပမည် ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်-

**ဓမ္မာစရိယစာမေးပွဲ အချိန်ဇယား**

| ရက်စွဲ | အချိန် | ဘာသာ |
|---|---|---|
| ၁၃၈၃ ခုနှစ်၊ ကဆုန်လပြည့်ကျော်(၇)ရက် (၁-၆-၂၀၂၁) အင်္ဂါနေ့ | မွန်းတည့် (၁၂)နာရီမှ ညနေ(၄)နာရီအထိ | ကျမ်းရင်း ပါရာဇိကကဏ္ဍပါဠိအဋ္ဌကထာ(၁) |
| ၁၃၈၃ ခုနှစ်၊ ကဆုန်လပြည့်ကျော်(၈)ရက် (၂-၆-၂၀၂၁) ဗုဒ္ဓဟူးနေ့ | မွန်းတည့် (၁၂)နာရီမှ ညနေ(၄)နာရီအထိ | ကျမ်းရင်း ပါရာဇိကကဏ္ဍပါဠိအဋ္ဌကထာ(၂) |
| ၁၃၈၃ ခုနှစ်၊ ကဆုန်လပြည့်ကျော်(၉)ရက် (၃-၆-၂၀၂၁) ကြာသပတေးနေ့ | မွန်းတည့် (၁၂)နာရီမှ ညနေ(၄)နာရီအထိ | ကျမ်းရင်း သီလက္ခန္ဓဝဂ္ဂပါဠိအဋ္ဌကထာ(၁) |
| ၁၃၈၃ ခုနှစ်၊ ကဆုန်လပြည့်ကျော် (၁၀)ရက် (၄-၆-၂၀၂၁) သောကြာနေ့ | မွန်းတည့် (၁၂)နာရီမှ ညနေ(၄)နာရီအထိ | ကျမ်းရင်း သီလက္ခန္ဓဝဂ္ဂပါဠိအဋ္ဌကထာ(၂) |
| ၁၃၈၃ ခုနှစ်၊ ကဆုန်လပြည့်ကျော် (၁၁)ရက် (၅-၆-၂၀၂၁) စနေနေ့ | မွန်းတည့် (၁၂)နာရီမှ ညနေ(၄)နာရီအထိ | ကျမ်းရင်း ဓမ္မသင်္ဂဏီပါဠိအဋ္ဌကထာ(၁) |
| ၁၃၈၃ ခုနှစ်၊ ကဆုန်လပြည့်ကျော် (၁၂)ရက် (၆-၆-၂၀၂၁) တနင်္ဂနွေနေ့ | မွန်းတည့် (၁၂)နာရီမှ ညနေ(၄)နာရီအထိ | ကျမ်းရင်း ဓမ္မသင်္ဂဏီပါဠိအဋ္ဌကထာ(၂) |
| ၁၃၈၃ ခုနှစ်၊ ကဆုန်လပြည့်ကျော် (၁၃)ရက် (၇-၆-၂၀၂၁) တနင်္လာနေ့ | မွန်းတည့် (၁၂)နာရီမှ ညနေ(၄)နာရီအထိ | **မြန်မာဂုဏ်ထူး** ပါစိတျာဒိပါဠိအဋ္ဌကထာ သုတ်မဟာဝါ၊ သုတ်ပါထိကပါဠိအဋ္ဌကထာ မဇ္ဈိမနိကာယပါဠိအဋ္ဌကထာ သံယုတ္တနိကာယပါဠိအဋ္ဌကထာ အင်္ဂုတ္တရနိကာယပါဠိအဋ္ဌကထာ ဝိဘင်္ဂဒိပါဠိအဋ္ဌကထာ ပဋ္ဌာနသမ္ဘိဒါမဂ္ဂပါဠိအဋ္ဌကထာ |
| ၁၃၈၃ ခုနှစ်၊ ကဆုန်လပြည့်ကျော် (၁၄)ရက် (၈-၆-၂၀၂၁) အင်္ဂါနေ့ | မွန်းတည့် (၁၂)နာရီမှ ညနေ(၄)နာရီအထိ | **ပါဠိဂုဏ်ထူး** ပါစိတျာဒိပါဠိအဋ္ဌကထာ(၁) သုတ်မဟာဝါ၊ သုတ်ပါထိကပါဠိအဋ္ဌကထာ(၁) ဝိဘင်္ဂဒိပါဠိအဋ္ဌကထာ(၁) |
| ၁၃၈၃ ခုနှစ်၊ ကဆုန်လကွယ်နေ့ (၉-၆-၂၀၂၁) ဗုဒ္ဓဟူးနေ့ | မွန်းတည့် (၁၂)နာရီမှ ညနေ(၄)နာရီအထိ | **ပါဠိဂုဏ်ထူး** ပါစိတျာဒိပါဠိအဋ္ဌကထာ(၂) သုတ်မဟာဝါ၊ သုတ်ပါထိကပါဠိအဋ္ဌကထာ(၂) ဝိဘင်္ဂဒိပါဠိအဋ္ဌကထာ(၂) |

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန
သာသနာရေးဦးစီးဌာန

၁၃၈၃ (၂၀၂၁)ခုနှစ်၊ ပါဠိပထမပြန်စာမေးပွဲ(ကြီး၊ လတ်၊ ငယ်၊ မူ) တန်းများကို အောက်ပါအချိန်ဇယားအတိုင်း ကျင်းပမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်-

**ပါဠိပထမပြန်စာမေးပွဲ အချိန်ဇယား**

| ရက်စွဲ | အချိန် | အတန်း | ဘာသာ |
|---|---|---|---|
| ၁၃၈၃ ခုနှစ်၊ ကဆုန်လပြည့်ကျော် (၁၃)ရက် (၇-၆-၂၀၂၁) တနင်္လာနေ့ | မွန်းတည့် (၁၂)နာရီ မှ ညနေ(၃) နာရီထိ | အခြေပြုမူလတန်း ပထမငယ်တန်း ပထမလတ်တန်း ပထမကြီးတန်း | ဝိနည်းကျင့်ဝတ်/ သုကုမာရမဂ္ဂဒီပနီ ဘိက္ခုပါတိမောက်ဘာသာ/ ဓမ္မပဒ ဒွေမာတိကာဘာသာ/ ဓမ္မပဒ ॥ |
| ၁၃၈၃ ခုနှစ်၊ ကဆုန်လပြည့်ကျော် (၁၄)ရက် (၈-၆-၂၀၂၁) အင်္ဂါနေ့ | မွန်းတည့် (၁၂)နာရီ မှ ညနေ(၃) နာရီထိ | အခြေပြုမူလတန်း ပထမငယ်တန်း ပထမလတ်တန်း ပထမကြီးတန်း | ကစ္စည်းသဒ္ဒါကြီးဘာသာ ॥ ॥ ॥ |
| ၁၃၈၃ ခုနှစ်၊ ကဆုန်လကွယ်နေ့ (၉-၆-၂၀၂၁) ဗုဒ္ဓဟူးနေ့ | မွန်းတည့် (၁၂)နာရီမှ ညနေ(၃) နာရီထိ | အခြေပြုမူလတန်း ပထမငယ်တန်း ပထမလတ်တန်း ပထမကြီးတန်း | အဘိဓမ္မတ္ထသင်္ဂဟဘာသာ ॥ ॥ ॥ |
| ၁၃၈၃ ခုနှစ်၊ နယုန်လဆန်း(၁)ရက် (၁၀-၆-၂၀၂၁)၊ ကြာသပတေးနေ့ | မွန်းတည့် (၁၂)နာရီ မှ ညနေ(၃) နာရီထိ | အခြေပြုမူလတန်း ပထမငယ်တန်း ပထမလတ်တန်း ပထမကြီးတန်း | တိကမာတိကာ တိကမာတိကာ၊ ဒုကမာတိကာနှင့် ဓာတုကထာဘာသာ သုတ္တန္တိကမာတိကာနှင့် ဓာတုကထာဘာသာ အဘိဓာန်၊ အလင်္ကာ၊ ဆန်းဘာသာ |
| ၁၃၈၃ ခုနှစ်၊ နယုန်လဆန်း(၂)ရက် (၁၁-၆-၂၀၂၁)၊ သောကြာနေ့ | မွန်းတည့် (၁၂)နာရီ မှ ညနေ(၃) နာရီထိ | ပထမငယ်တန်း ပထမလတ်တန်း ပထမကြီးတန်း | ဘာသာပြန်ဘာသာ ယမိုက်အောက်(၅)ကျမ်းဘာသာ ယမိုက်အထက်(၅)ကျမ်းဘာသာ |
| ၁၃၈၃ ခုနှစ်၊ နယုန်လဆန်း(၃)ရက် (၁၂-၆-၂၀၂၁)၊ စနေနေ့ | မွန်းတည့် (၁၂)နာရီ မှ ညနေ(၃) နာရီထိ | ပထမလတ်တန်း ပထမကြီးတန်း | ဘာသာပြန်ဘာသာ ပဋ္ဌာန်းကုသလတိက်ဘာသာ |
| ၁၃၈၃ ခုနှစ်၊ နယုန်လဆန်း(၄)ရက် (၁၃-၆-၂၀၂၁)၊ တနင်္ဂနွေနေ့ | မွန်းတည့် (၁၂)နာရီ မှ ညနေ(၃) နာရီထိ | ပထမကြီးတန်း | ဘာသာပြန်ဘာသာ |

**မှတ်ချက်။** လူနှင့်သီလရှင်များသည် (၇-၆-၂၀၂၁) ရက်နေ့တွင် ဝိနည်းဘာသာအစား ပထမကြီးတန်း၌ ဓမ္မပဒပါဠိအဋ္ဌကထာ(သုခဝဂ်မှ အဆုံးထိ)၊ ပထမလတ်တန်း၌ ဓမ္မပဒပါဠိအဋ္ဌကထာ (ပဏ္ဍိတဝဂ်မှ ဗုဒ္ဓဝဂ် အဆုံးထိ)၊ ပထမငယ်တန်း၌ ဓမ္မပဒပါဠိအဋ္ဌကထာ (အစမှ ဗာလဝဂ် အဆုံးထိ)၊ အခြေပြုမူလတန်း၌ သုကုမာရမဂ္ဂဒီပနီ(လယ်တီ)တို့ကို ဖြေဆိုကြရန်ဖြစ်ပါသည်။ **သတင်းစဉ်**

---

## တိမ်အသင့်အတင့် ဖြစ်ထွန်းနေ

**နေပြည်တော် မေ ၂၉**

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့် ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခြောက်ပေခန့် ရှိနိုင်သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေသည်။

**မိုး/ဇလ**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ သတင်းထုတ်ပြန်ချက်

## ၂၀၂၁ ခုနှစ်၊ ဧပြီလ ၂၉ ရက်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ ချင်းပြည်နယ်၊ ကန်ပက်လက်မြို့နယ်နှင့် ထန်တလန်မြို့နယ်တို့၏ မဲဆန္ဒရှင်စာရင်းများနှင့် ဆန္ဒမဲလက်မှတ်များ ထုတ်ယူ/ ရရှိ/ သုံးစွဲ/ လက်ကျန် မြေပြင်အခြေအနေများကို စစ်ဆေးခဲ့သည်။

၂။ မြို့နယ်အလိုက် မဲဆန္ဒရှင်စာရင်း စစ်ဆေးတွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

**မြို့နယ်အလိုက် မဲဆန္ဒရှင်စာရင်းများ စိစစ်တွေ့ရှိမှု**

| စဉ် | မြို့နယ်နှင့် မဲရုံအရေအတွက် | မြို့နယ် ကော်မရှင် စာရင်း | လဝက စာရင်း | နိုင်ငံသား စိစစ်ရေးကတ် မရှိဘဲ မဲစာရင်းတွင် ပါဝင်နေသူများ | နိုင်ငံသား စိစစ်ရေးကတ် တစ်ခုတည်းဖြင့် မဲစာရင်း ၃ ကြိမ် နှင့် အထက် ပါဝင်နေသူများ | နိုင်ငံသား စိစစ်ရေးကတ် တစ်ခုတည်းဖြင့် မဲစာရင်း ၂ ကြိမ် ပါဝင်နေသူများ |
|---|---|---|---|---|---|---|
| ၁ | ချင်းပြည်နယ် ကန်ပက်လက်မြို့နယ် မဲရုံ ၈၀ ရုံ | ၁၄၇၁၂ | ၁၁၀၇၃ | ၄၅၅ | ၁၅၂ | ၂၁၃၄ |
| ၂ | ချင်းပြည်နယ် ထန်တလန်မြို့နယ် မဲရုံ ၁၀၅ ရုံ | ၃၃၈၀၆ | ၃၂၈၉၈ | ၂၁၂၄ | ၁၇၅ | ၃၃၀၆ |

၃။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၅၃ အရ ချင်းပြည်နယ်၊ ကန်ပက်လက်မြို့နယ်နှင့် ထန်တလန်မြို့နယ်တို့၏ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲတွင် အသုံးပြုခဲ့သည့် ဆန္ဒမဲလက်မှတ်များ ထုတ်ယူ/ ရရှိ/ သုံးစွဲ/ လက်ကျန်အခြေအနေများကို သက်ဆိုင်ရာမြို့နယ်အလိုက် ယခင် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ် ရဲတပ်ဖွဲ့မှူး၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနဦးစီးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးတို့နှင့်အတူ သက်ဆိုင်ရာ မြို့နယ်များရှိ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၏ ရှေ့မှောက်တွင် မြေပြင်ဖွင့်ဖောက်စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ပါသည်။

၄။ မြေပြင်စစ်ဆေးချက်များအရ အဆိုပါ ၂ မြို့နယ်တွင် မဲရုံပေါင်း ၁၈၅ ရုံ၊ စုစုပေါင်း ထုတ်ယူရရှိခဲ့သော ဆန္ဒမဲလက်မှတ်အရေအတွက်မှာ ၆၁၆၃၃ ဖြစ်ပြီး မဲပေးအသုံးပြုခဲ့သော လက်မှတ်ဖြတ်ပိုင်းများမှာ ၃၈၃၈၉၊ ကျန်ရှိရမည့်အရေအတွက်မှာ ၂၃၂၄၄၊ မြေပြင်လက်ကျန် ၂၄၁၄၇ ဖြစ်ကြောင်း စိစစ်တွေ့ရှိရသည်။ ကွာခြားချက်အနေဖြင့် ကျန်ရှိရမည့်အရေအတွက်ထက် လျော့နည်းပျောက်ဆုံးနေသော မဲလက်မှတ်အရေအတွက် ၂၂၃၁ ဖြစ်ပြီး၊ အပိုတွေ့ရှိရသော မဲလက်မှတ် အရေအတွက်မှာ ၃၁၃၄ ဖြစ်သည်။ မြို့နယ်အလိုက် ဆန္ဒမဲလက်မှတ်များ လျော့နည်းပျောက်ဆုံးခြင်း၊ တရားမဝင် အပိုရရှိနေခြင်းတို့ကို တွေ့ရှိရသည်။ မြို့နယ်အလိုက် စိစစ်တွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

**မြို့နယ်အလိုက် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ်များ မြေပြင်စစ်ဆေးတွေ့ရှိချက်**

| စဉ် | မြို့နယ် | မဲရုံ ပေါင်း | ထုတ်ယူ ရရှိ | အသုံးပြု | ကျန်ရမည့် မဲလက်မှတ် | မြေပြင် လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|---|
| | | | | | | | ပျောက် ဆုံး | ပို |
| ၁ | ကန်ပက်လက်မြို့နယ် | ၈၀ | ၁၉၇၂၀ | ၁၁၀၁၂ | ၈၇၀၈ | ၇၈၅၅ | ၁၀၀၀ | ၁၄၇ |
| ၂ | ထန်တလန်မြို့နယ် | ၁၀၅ | ၄၁၉၁၃ | ၂၇၃၇၇ | ၁၄၅၃၆ | ၁၆၂၉၂ | ၁၂၃၁ | ၂၉၈၇ |
| | **စုစုပေါင်း** | **၁၈၅** | **၆၁၆၃၃** | **၃၈၃၈၉** | **၂၃၂၄၄** | **၂၄၁၄၇** | **၂၂၃၁** | **၃၁၃၄** |

**ကန်ပက်လက်မြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ်များ မြေပြင်စစ်ဆေးတွေ့ရှိချက်**

၅။ မြေပြင်စစ်ဆေးချက်များအရ ချင်းပြည်နယ်၊ ကန်ပက်လက်မြို့နယ်တွင် ရပ်ကွက် ၆ ရပ်ကွက်၊ ကျေးရွာအုပ်စု ၂၆ အုပ်စု၊ မဲရုံစုစုပေါင်း ၈၀ ရုံ၊ ထုတ်ယူရရှိခဲ့သော ဆန္ဒမဲလက်မှတ် အရေအတွက်မှာ ၁၉၇၂၀ ဖြစ်ပြီး မဲပေးအသုံးပြုခဲ့သော လက်မှတ်ဖြတ်ပိုင်းများမှာ ၁၁၀၁၂၊ ကျန်ရှိရမည့် အရေအတွက်မှာ ၈၇၀၈ ဖြစ်သော်လည်း မြေပြင်လက်ကျန် ၇၈၅၅ ဖြစ်ကြောင်း စိစစ်တွေ့ရှိရသည်။ မဲရုံများအလိုက် မဲလက်မှတ် အပို/လျော့နည်းပျောက်ဆုံးမှုများ တွေ့ရှိရပြီး စိစစ်တွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| စဉ် | အကြောင်းအရာ | ထုတ်ယူ ရရှိ | အသုံးပြု | ကျန်ရမည့် မဲလက်မှတ် | မြေပြင် လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|
| | | | | | | ပျောက် ဆုံး | ပို |
| ၁ | ရပ်/ကျေး မဲလက်မှတ် | ၁၈၅၀၀ | ၁၀၉၉၂ | ၇၅၀၈ | ၆၆၅၃ | ၁၀၀၀ | ၁၄၅ |
| ၂ | မြို့နယ်ကြိုတင်မဲလက်မှတ် | ၂၀ | ၂၀ | | ၂ | | ၂ |
| ၃ | မြို့နယ်လက်ကျန်မဲလက်မှတ် | ၁၂၀၀ | | ၁၂၀၀ | ၁၂၀၀ | | |
| | **စုစုပေါင်း** | **၁၉၇၂၀** | **၁၁၀၁၂** | **၈၇၀၈** | **၇၈၅၅** | **၁၀၀၀** | **၁၄၇** |

၆။ ကန်ပက်လက်မြို့နယ် ရပ်ကွက် ၆ ရပ်ကွက်၊ ကျေးရွာအုပ်စု ၂၆ အုပ်စု၊ မဲရုံပေါင်း ၈၀ တို့တွင် မဲလက်မှတ်အရေအတွက် ၁၀၀၀ ပျောက်ဆုံးနေပြီး ၁၄၅ စောင် အပိုတွေ့ရှိရသည်။ မြို့နယ်ကြိုတင်မဲလက်မှတ်တွင် ၂ စောင် ပိုနေကြောင်း စစ်ဆေးတွေ့ရှိရသည်။

၇။ ကန်ပက်လက်မြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ်များ ရပ်ကွက်/ ကျေးရွာအုပ်စုအလိုက် မြေပြင်စစ်ဆေးတွေ့ရှိချက်မှာ အောက်ပါအတိုင်းဖြစ်သည်-

| စဉ် | ရပ်ကွက်/ ကျေးရွာအုပ်စု | မဲရုံ ပေါင်း | ထုတ်ယူ ရရှိ | အသုံးပြု | ကျန်ရမည့် မဲလက်မှတ် | မြေပြင် လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|---|
| | | | | | | | ပျောက် ဆုံး | ပို |
| ၁ | အမှတ်(၁)ရပ်ကွက်၊ ကန်ပက်လက် | ၂ | ၁၅၅၀ | ၉၄၀ | ၆၁၀ | ၆၁၀ | | |
| ၂ | အမှတ်(၂) ရပ်ကွက်၊ ကန်ပက်လက် | ၄ | ၂၂၅၀ | ၁၆၆၀ | ၅၉၀ | ၆၉၀ | | ၁၀၀ |
| ၃ | မကြွားကျေးရွာအုပ်စု | ၆ | ၁၀၀၀ | ၄၇၉ | ၅၂၁ | ၃၇၁ | ၁၅၀ | |
| ၄ | တုံငယ်ကျေးရွာအုပ်စု | ၂ | ၃၅၀ | ၂၀၈ | ၁၄၂ | ၈၈ | ၅၄ | |
| ၅ | ခိတော်ကျေးရွာအုပ်စု | ၄ | ၈၅၀ | ၅၆၅ | ၂၈၅ | ၃၃၀ | | ၄၅ |
| ၆ | ငုံလောင်းကျေးရွာအုပ်စု | ၃ | ၆၅၀ | ၃၇၄ | ၂၇၆ | ၂၇၆ | | |
| ၇ | ကန့်သာရုံကျေးရွာအုပ်စု | ၄ | ၉၅၀ | ၆၆၉ | ၂၈၁ | ၂၈၁ | | |
| ၈ | ကြက်ခြံကျေးရွာအုပ်စု | ၃ | ၆၀၀ | ၃၃၃ | ၂၆၇ | ၂၆၇ | | |
| ၉ | လွန်ဒုံကျေးရွာအုပ်စု | ၂ | ၅၅၀ | ၂၅၅ | ၂၉၅ | ၂၄၅ | ၅၀ | |
| ၁၀ | ဘောင်ဘင်ကျေးရွာအုပ်စု | ၃ | ၆၅၀ | ၃၄၂ | ၃၀၈ | ၂၉၈ | ၁၀ | |
| ၁၁ | ဆေကေးကျေးရွာအုပ်စု | ၂ | ၃၀၀ | ၁၂၃ | ၁၇၇ | ၁၂၇ | ၅၀ | |
| ၁၂ | မာကြွားကျေးရွာအုပ်စု | ၃ | ၃၅၀ | ၁၅၈ | ၁၉၂ | ၁၉၂ | | |
| ၁၃ | ကျင်ခွေးရပ်ကွက် (ကျင်ခွေးမြို့) | ၂ | ၉၅၀ | ၇၇၃ | ၁၇၇ | ၁၇၇ | | |
| ၁၄ | ဟုတ်ပုံကျင်းရပ်ကွက် (ကျင်ခွေးမြို့) | ၁ | ၁၀၀ | ၅၉ | ၄၁ | ၄၁ | | |
| ၁၅ | ဖုံးတွီကျင်းရပ်ကွက် (ကျင်ခွေးမြို့) | ၁ | ၁၀၀ | ၆၁ | ၃၉ | ၃၉ | | |
| ၁၆ | ထန်းကုန်းရပ်ကွက် (ကျင်ခွေးမြို့) | ၁ | ၁၀၀ | ၅၄ | ၄၆ | ၄၆ | | |
| ၁၇ | မှန်တောင်ကျေးရွာအုပ်စု | ၄ | ၁၁၀၀ | ၅၃၉ | ၅၆၁ | ၂၇၅ | ၂၈၆ | |
| ၁၈ | လဲပုံကျေးရွာအုပ်စု | ၁ | ၂၅၀ | ၁၈၇ | ၆၃ | ၆၃ | | |
| ၁၉ | ငွန်းဖိုင်ကျေးရွာအုပ်စု | ၂ | ၄၀၀ | ၂၃၉ | ၁၆၁ | ၁၆၁ | | |
| ၂၀ | လောက်မော့ကျေးရွာအုပ်စု | ၂ | ၃၀၀ | ၂၀၁ | ၉၉ | ၉၉ | | |
| ၂၁ | အောက်ကန့်ကျေးရွာအုပ်စု | ၂ | ၄၅၀ | ၃၀၉ | ၁၄၁ | ၁၄၁ | | |
| ၂၂ | အောက်လှယ်ကျေးရွာအုပ်စု | ၁ | ၁၅၀ | ၁၀၀ | ၅၀ | ၅၀ | | |
| ၂၃ | ပူစောကျေးရွာအုပ်စု | ၃ | ၄၅၀ | ၂၁၈ | ၂၃၂ | ၁၈၂ | ၅၀ | |
| ၂၄ | မှုးချိန်းဒိန်းကျေးရွာအုပ်စု | ၂ | ၆၀၀ | ၁၆၀ | ၄၄၀ | ၁၄၀ | ၃၀၀ | |
| ၂၅ | ကာနန်းကျေးရွာအုပ်စု | ၂ | ၂၀၀ | ၁၀၁ | ၉၉ | ၉၉ | | |
| ၂၆ | မုလောင်းကျေးရွာအုပ်စု | ၂ | ၂၀၀ | ၈၀ | ၁၂၀ | ၁၂၀ | | |
| ၂၇ | မကြွားအိမ်နူးကျေးရွာအုပ်စု | ၂ | ၅၅၀ | ၃၄၈ | ၂၀၂ | ၁၅၂ | ၅၀ | |
| ၂၈ | ခါနန်းကျေးရွာအုပ်စု | ၂ | ၅၀၀ | ၃၀၇ | ၁၉၃ | ၁၉၃ | | |
| ၂၉ | လုံအိမ်နူးကျေးရွာအုပ်စု | ၄ | ၈၀၀ | ၅၃၇ | ၂၆၃ | ၂၆၃ | | |
| ၃၀ | ခါရိုင်းကျေးရွာအုပ်စု | ၃ | ၆၅၀ | ၃၄၀ | ၃၁၀ | ၃၁၀ | | |
| ၃၁ | ဆတ်ခြောက်ကျေးရွာအုပ်စု | ၃ | ၃၅၀ | ၁၅၂ | ၁၉၈ | ၁၉၈ | | |
| ၃၂ | ပင်းလောင်းကျေးရွာအုပ်စု | ၂ | ၂၅၀ | ၁၂၁ | ၁၂၉ | ၁၂၉ | | |
| | ရပ်/ကျေးချုပ်စုစုပေါင်း | ၈၀ | ၁၈၅၀၀ | ၁၀၉၉၂ | ၇၅၀၈ | ၆၆၅၃ | ၁၀၀၀ | ၁၄၅ |
| | မြို့နယ်ကြိုတင်မဲလက်မှတ် | | ၂၀ | ၂၀ | | ၂ | | ၂ |
| | မြို့နယ်လက်ကျန်မဲလက်မှတ် | | ၁၂၀၀ | | ၁၂၀၀ | ၁၂၀၀ | | |
| | မြို့နယ်ချုပ်စုစုပေါင်း | ၈၀ | ၁၉၇၂၀ | ၁၁၀၁၂ | ၈၇၀၈ | ၇၈၅၅ | ၁၀၀၀ | ၁၄၇ |

*စာမျက်နှာ ၁၁ သို့*

စာမျက်နှာ ၁၀ မှ



ကန်ပက်လက်မြို့နယ် ဆန္ဒမဲလက်မှတ် မြေပြင်စစ်ဆေးမှု မှတ်တမ်းဓာတ်ပုံ။



ထန်တလန်မြို့နယ် ဆန္ဒမဲလက်မှတ် မြေပြင်စစ်ဆေးမှု မှတ်တမ်းဓာတ်ပုံ။

## ထန်တလန်မြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ်များ မြေပြင်စစ်ဆေးတွေ့ရှိချက်

၈။ မြေပြင်စစ်ဆေးချက်များအရ ချင်းပြည်နယ်၊ ထန်တလန်မြို့နယ်တွင် ရပ်ကွက် ၅ ရပ်ကွက်၊ ကျေးရွာအုပ်စု ၃၆ အုပ်စု၊ မဲရုံစုစုပေါင်း ၁၀၅ ရုံ၊ ထုတ်ယူရရှိခဲ့သော ဆန္ဒမဲလက်မှတ် အရေအတွက်မှာ ၄၁၉၁၃ ဖြစ်ပြီး မဲပေးအသုံးပြုခဲ့သော လက်မှတ်ဖြတ်ပိုင်းများမှာ ၂၇၃၇၇ ၊ ကျန်ရှိရမည့် အရေအတွက်မှာ ၁၄၅၃၆ ဖြစ်သော်လည်း မြေပြင်လက်ကျန် ၁၆၂၉၂ ဖြစ်ကြောင်း စိစစ်တွေ့ရှိရသည်။ မဲရုံများအလိုက် မဲလက်မှတ်အပို/ လျော့နည်းပျောက်ဆုံးမှုများ တွေ့ရှိရပြီး စိစစ်တွေ့ရှိချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

| စဉ် | အကြောင်းအရာ | ထုတ်ယူရရှိ | အသုံးပြု | ကျန်ရမည့်မဲလက်မှတ် | မြေပြင်လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|
| | | | | | | ပျောက်ဆုံး | ပို |
| ၁ | ရပ်/ကျေးမဲလက်မှတ် | ၃၇၅၀၀ | ၂၇၃၇၇ | ၁၀၁၂၃ | ၁၁၉၄၂ | ၁၁၆၈ | ၂၉၈၇ |
| ၂ | မြို့နယ်ကြိုတင်မဲလက်မှတ် | ၆၃ | | ၆၃ | | ၆၃ | |
| ၃ | မြို့နယ်လက်ကျန်မဲလက်မှတ် | ၄၃၅၀ | | ၄၃၅၀ | ၄၃၅၀ | | |
| | စုစုပေါင်း | ၄၁၉၁၃ | ၂၇၃၇၇ | ၁၄၅၃၆ | ၁၆၂၉၂ | ၁၂၃၁ | ၂၉၈၇ |

၉။ ထန်တလန်မြို့နယ် ရပ်ကွက် ၅ ရပ်ကွက်၊ ကျေးရွာအုပ်စု ၃၆ အုပ်စုရှိ မဲရုံပေါင်း ၁၀၅ ရုံ တို့တွင် မဲလက်မှတ်အရေအတွက် ၁၁၆၈ ပျောက်ဆုံးနေပြီး ၂၉၈၇ ပိုနေကြောင်း တွေ့ရှိရသည်။ မြို့နယ်ကြိုတင်မဲလက်မှတ် ၆၃ စောင် ပျောက်ဆုံးနေကြောင်း တွေ့ရှိရသည်။ မြို့နယ်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲတွင် ကျန်ရှိရမည့် လက်ကျန်အရေအတွက်မှာ ၄၃၅၀ ဖြစ်ပြီး မြေပြင်လက်ကျန်မှာ ၄၃၅၀ ကျန်ရှိသဖြင့် ကိုက်ညီမှုရှိကြောင်း တွေ့ရှိရသည်။

၁၀။ ထန်တလန်မြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ် ရပ်ကွက်/ကျေးရွာအုပ်စုအလိုက် မြေပြင်စစ်ဆေးတွေ့ရှိချက်မှာ အောက်ပါအတိုင်းဖြစ်သည်-

| စဉ် | ရပ်ကွက်/ကျေးရွာအုပ်စု | မဲရုံပေါင်း | ထုတ်ယူရရှိ | အသုံးပြု | ကျန်ရမည့်မဲလက်မှတ် | မြေပြင်လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|---|
| | | | | | | | ပျောက်ဆုံး | ပို |
| ၁ | အမှတ်(၁)ရပ်ကွက်၊ထန်တလန် | ၂ | ၂၆၅၀ | ၂၀၃၂ | ၆၁၈ | ၁၀၁၈ | | ၄၀၀ |
| ၂ | အမှတ်(၂)ရပ်ကွက်၊ထန်တလန် | ၂ | ၂၇၅၀ | ၂၁၀၈ | ၆၄၂ | ၁၀၈၇ | | ၄၄၅ |
| ၃ | လုံဇာရ်ကျေးရွာအုပ်စု | ၅ | ၈၀၀ | ၅၃၃ | ၂၆၇ | ၂၀၅ | ၆၂ | |
| ၄ | တလန်သဲကျေးရွာအုပ်စု | ၃ | ၆၀၀ | ၅၂၆ | ၇၄ | ၁၈၈ | | ၁၁၄ |
| ၅ | တလန်ခွါကျေးရွာအုပ်စု | ၂ | ၆၅၀ | ၄၃၀ | ၂၂၀ | ၂၆၄ | | ၄၄ |
| ၆ | သီးခွန်သွမ်းကျေးရွာအုပ်စု | ၃ | ၇၀၀ | ၅၆၇ | ၁၃၃ | ၁၃၃ | | |
| ၇ | ဗန်ဇန်ကျေးရွာအုပ်စု | ၃ | ၁၂၀၀ | ၁၀၀၆ | ၁၉၄ | ၃၀၀ | | ၁၀၆ |
| ၈ | လုံဒိန်းကျေးရွာအုပ်စု | ၁ | ၃၀၀ | ၂၁၂ | ၈၈ | ၁၁၀ | | ၂၂ |
| ၉ | တလန်ပီးကျေးရွာအုပ်စု | ၃ | ၁၀၀၀ | ၇၈၄ | ၂၁၆ | ၂၂၂ | | ၆ |
| ၁၀ | ထန်ဇန်ကျေးရွာအုပ်စု | ၄ | ၁၀၀၀ | ၁၀၅၃ | -၅၃ | ၄၆၁ | | ၅၁၄ |
| ၁၁ | ဆိုင်ကကျေးရွာအုပ်စု | ၃ | ၅၅၀ | ၃၉၆ | ၁၅၄ | ၁၅၄ | | |
| ၁၂ | လုံလဲရ်ကျေးရွာအုပ်စု | ၃ | ၁၁၅၀ | ၈၁၆ | ၃၃၄ | ၂၃၄ | ၁၀၀ | |
| ၁၃ | ဇန်တလန်ကျေးရွာအုပ်စု | ၁ | ၄၅၀ | ၃၁၀ | ၁၄၀ | ၁၃၄ | ၆ | |
| ၁၄ | ဒွန်းကျေးရွာအုပ်စု | ၂ | ၁၀၅၀ | ၆၅၈ | ၃၉၂ | ၄၂၀ | | ၂၈ |
| ၁၅ | ထွာလမ်းကျေးရွာအုပ်စု | ၂ | ၅၅၀ | ၃၉၇ | ၁၅၃ | ၆၁ | ၉၂ | |
| ၁၆ | ဟရိန်းခန်းကျေးရွာအုပ်စု | ၂ | ၈၀၀ | ၆၂၈ | ၁၇၂ | ၁၉၂ | | ၂၀ |
| ၁၇ | ထာအိုကျေးရွာအုပ်စု | ၂ | ၅၅၀ | ၃၉၁ | ၁၅၉ | ၉၃ | ၆၆ | |
| ၁၈ | ဘုန်တလန်ကျေးရွာအုပ်စု | ၂ | ၃၅၀ | ၂၉၁ | ၅၉ | ၅၉ | | |
| ၁၉ | ဆလဲင်းကျေးရွာအုပ်စု | ၁ | ၅၀၀ | ၄၂၅ | ၇၅ | ၁၀၃ | | ၃၈ |
| ၂၀ | သီကီရ်ကျေးရွာအုပ်စု | ၂ | ၆၀၀ | ၄၈၁ | ၁၁၉ | ၁၇၁ | | ၅၂ |
| ၂၁ | ရှာလမ်းကျေးရွာအုပ်စု | ၃ | ၈၀၀ | ၄၁၂ | ၃၈၈ | ၃၃၈ | ၅၀ | |
| ၂၂ | လူလ်ပီးလုံကျေးရွာအုပ်စု | ၂ | ၃၅၀ | ၂၂၆ | ၁၂၄ | ၇၆ | ၄၈ | |
| ၂၃ | အမှတ်(၃)ရပ်ကွက်၊ထန်တလန် | ၂ | ၁၇၀၀ | ၁၄၄၄ | ၂၅၆ | ၅၇၄ | | ၃၁၈ |
| ၂၄ | အမှတ်(၁)ရပ်ကွက်၊ နှာဟရိန်မြို့ | ၂ | ၁၀၀၀ | ၆၇၉ | ၃၂၁ | ၄၅၃ | | ၁၃၂ |
| ၂၅ | အမှတ်(၂)ရပ်ကွက်၊ နှာဟရိန်မြို့ | ၁ | ၆၅၀ | ၄၆၂ | ၁၈၈ | ၂၈၈ | | ၁၀၀ |
| ၂၆ | ဘဲလ်ဟာရ်ကျေးရွာအုပ်စု | ၄ | ၇၅၀ | ၂၉၄ | ၄၅၆ | ၃၀၆ | ၁၅၀ | |
| ၂၇ | တလန်ရွားကျေးရွာအုပ်စု | ၂ | ၆၀၀ | ၄၈၁ | ၁၁၉ | ၁၃၃ | | ၁၄ |
| ၂၈ | မှောင်တလန်ကျေးရွာအုပ်စု | ၄ | ၁၃၅၀ | ၉၄၆ | ၄၀၄ | ၆၈၂ | | ၂၇၈ |
| ၂၉ | ကြောင်ထီယားကျေးရွာအုပ်စု | ၃ | ၁၁၀၀ | ၉၁၇ | ၁၈၃ | ၁၈၅ | | ၂ |
| ၃၀ | အိုင်ဘူရ်းကျေးရွာအုပ်စု | ၂ | ၇၀၀ | ၅၃၀ | ၁၇၀ | ၁၇၀ | | |
| ၃၁ | ဟာရီဖီးကျေးရွာအုပ်စု | ၃ | ၈၅၀ | ၆၁၈ | ၂၃၂ | ၁၆၂ | ၇၀ | |
| ၃၂ | ဖဲဖိုင်(က) ကျေးရွာအုပ်စု | ၃ | ၁၄၀၀ | ၁၁၁၅ | ၂၈၅ | ၂၈၉ | | ၄ |
| ၃၃ | ခွါဘုံကျေးရွာအုပ်စု | ၃ | ၆၀၀ | ၄၃၀ | ၁၇၀ | ၁၇၂ | | ၂ |
| ၃၄ | လောင်တလန်ကျေးရွာအုပ်စု | ၂ | ၄၅၀ | ၃၃၁ | ၁၁၉ | ၈၇ | ၃၂ | |
| ၃၅ | ဖန်ထဲင်ကျေးရွာအုပ်စု | ၂ | ၉၀၀ | ၅၉၃ | ၃၀၇ | ၃၇၉ | | ၇၂ |
| ၃၆ | ဆူရ်ငင်းကျေးရွာအုပ်စု | ၄ | ၁၂၅၀ | ၈၄၉ | ၄၀၁ | ၅၀၉ | | ၁၀၈ |
| ၃၇ | ခွါဟရန်ကျေးရွာအုပ်စု | ၂ | ၁၂၀၀ | ၇၅၅ | ၄၄၅ | ၆၁၃ | | ၁၆၈ |
| ၃၈ | ထန်သြကျေးရွာအုပ်စု | ၂ | ၆၅၀ | ၄၄၅ | ၂၀၅ | ၁၇၉ | ၂၆ | |
| ၃၉ | ငါဖိုင်သဲကျေးရွာအုပ်စု | ၄ | ၉၅၀ | ၆၃၀ | ၃၂၀ | ၂၄၆ | ၇၄ | |
| ၄၀ | ငါဖိုင်ပီးကျေးရွာအုပ်စု | ၅ | ၁၄၀၀ | ၇၃၅ | ၆၆၅ | ၂၇၅ | ၃၉၀ | |
| ၄၁ | လိုင်လင်းကျေးရွာအုပ်စု | ၂ | ၆၅၀ | ၄၄၁ | ၂၀၉ | ၂၀၇ | ၂ | |
| | ရပ်/ကျေးချုပ်စုစုပေါင်း | ၁၀၅ | ၃၇၅၀၀ | ၂၇၃၇၇ | ၁၀၁၂၃ | ၁၁၉၄၂ | ၁၁၆၈ | ၂၉၈၇ |
| | မြို့နယ်ကြိုတင်မဲလက်မှတ် | | ၆၃ | | ၆၃ | | ၆၃ | |
| | မြို့နယ်လက်ကျန်မဲလက်မှတ် | | ၄၃၅၀ | | ၄၃၅၀ | ၄၃၅၀ | | |
| | မြို့နယ်ချုပ်စုစုပေါင်း | ၁၀၅ | ၄၁၉၁၃ | ၂၇၃၇၇ | ၁၄၅၃၆ | ၁၆၂၉၂ | ၁၂၃၁ | ၂၉၈၇ |

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# မြန်မာနိုင်ငံတော်ဗဟိုဘဏ် သတင်းထုတ်ပြန်ချက်

ရက်စွဲ၊ ၂၀၂၁ ခုနှစ် ၊ ဧပြီလ ၂၉ ရက်

Mobile Internet ယာယီပြတ်တောက်နေစဉ်ကာလအတွင်း ဘဏ်နှင့် မိုဘိုင်း ငွေရေးကြေးရေး ဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်သူများ၏ Internet အသုံးပြု၍ ဆောင်ရွက်ရသည့် ငွေရေးကြေးရေးဆိုင်ရာ System များ၊ Application များကို ပုံမှန်အတိုင်း ပြန်လည်ဆောင်ရွက်နိုင်ရန် ကြိုးပမ်းခဲ့ရာ ရောဝတီဘဏ်၊ ကမ္ဘောဇဘဏ်၊ သမဝါယမဘဏ်၊ အင်းဝဘဏ်နှင့် ရောဝတီတောင်သူလယ်သမားများဖွံ့ဖြိုးရေးဘဏ်တို့မှ Mobile Banking၊ Internet Banking၊ Mobile top-up၊ Other Cards top-up၊ Bill payment များ၊ Visa Master Credit Card Payment၊ MPU Cards၊ All ATMs၊ Bank Pay များမှ Account to Account Transfer၊ Wallet to Wallet၊ Bank to Wallet၊ Wallet to Bank၊ CBM Net ၏ CCT Function စသည့် ဝန်ဆောင်မှုများကို အများပြည်သူများအတွက် မေ ၂၈ ရက်မှစ၍ ဝန်ဆောင်မှုပေးနေပြီ ဖြစ်ပါကြောင်းနှင့် တိုးမြှင့်ဆောင်ရွက်ပေးနိုင်မည့် ဘဏ်များနှင့် မိုဘိုင်းငွေရေးကြေးရေး ဝန်ဆောင်မှုလုပ်ငန်းများ၏ ဝန်ဆောင်မှုများကိုလည်း ထပ်မံအသိပေးသွားမည်ဖြစ်သည်။

# အသက် ရာပေါင်းများစွာ ထိခိုက်ဆုံးရှုံးမှုကို ကာကွယ်တားဆီးနိုင်လိုက်သူများအား ကျေးဇူးတင်ခြင်း

OMNI FOCUS

မိမိတို့သည် ရန်ကုန်မြို့အတွင်း ဘတ်စ်ကားသယ်ယူပို့ဆောင်ရေးလုပ်ငန်းကို လုပ်ကိုင်နေသော ကုမ္ပဏီတစ်ခုဖြစ်ပြီး နေ့စဉ် ခရီးသွားပြည်သူ သိန်းပေါင်းများစွာကို ဝန်ဆောင်မှုပေးလျက်ရှိပါသည်။

၂၀၂၁ ဖေဖော်ဝါရီ (၁) ရက် အစိုးရသစ်တာဝန်များ ယူပြီးချိန်မှစ၍ အချို့သော အင်အားစုများသည် ဆန္ဒထုတ်ဖော်ခြင်း၊ စီတန်းလှည့်လည်ခြင်းများသာမက အခြားသော နည်းလမ်းများဖြင့်လည်း လှုပ်ရှားမှုများ ပြုလုပ်ကာ မိမိတို့ကိုယ်မိမိတို့ စင်ပြိုင်အစိုးရအဖြစ် ပေါ်ပေါက်ရန် ကြိုးပမ်းလျက် ရှိကြပါသည်။

သို့ရာတွင် လွန်ခဲ့သော သီတင်းပတ်က ပုန်အောင်းဆောင်ရွက်နေသော လှုပ်ရှားမှုတစ်ခု၏ မိမိကိုယ်မိမိ ဝန်ကြီးဟု တစ်ဖက်သတ် သတ်မှတ်ထားသူ တစ်ဦးက သူ၏လူမှုကွန်ရက်စာမျက်နှာပေါ်မှ အပြစ်မဲ့ အရပ်သူ အရပ်သားများ နေထိုင်ရာ မြို့နယ်များကို ပစ်မှတ်ထား တိုက်ခိုက်မည့် "မြို့သိမ်းတိုက်ပွဲ" ပြုလုပ်မည်ဟူသော လက်မခံနိုင်စရာ ဆော်သြမှု တစ်ရပ်ပြုလုပ်လာသည်ကို တွေ့ရပါသည်။

အကျိုးဆက်အားဖြင့် (၂၈-၄-၂၀၂၁) ရက်က မိမိတို့ပြေးဆွဲနေသော အများပြည်သူ စီးနင်းရာယာဉ်တစ်စီးပေါ်တွင် ဗုံးတစ်လုံး တွေ့ရှိရပြီး ကံကောင်းထောက်မစွာပင် ပေါက်ကွဲခြင်း မဖြစ်ပွားခင် အသက်မဲ့ပြုလုပ်နိုင်ခဲ့သဖြင့် ၎င်းတို့ ရည်ရွယ်သကဲ့သို့ လူအများသေကျေပျက်စီးမှု မဖြစ်ပေါ်ဘဲ အချိန်မီ ထိန်းသိမ်းနိုင်ခဲ့ပါသည်။

ထိုကဲ့သို့ သူရဲဘောကြောင်ပြီး ယုတ်မာပက်စက်သော လုပ်ရပ်ကို မည်သည့်အဖွဲ့အစည်းက ပြုလုပ်သည်ဟု ဝန်ခံထားခြင်း မရှိသေးသော်လည်း အထက်တွင်ဖော်ပြခဲ့သော မိမိကိုယ် မိမိဝန်ကြီးအဖြစ် တစ်ဖက်သတ် သတ်မှတ်ထားသူက အကြမ်းဖက်လုပ်ငန်းများ ပြုလုပ်ရန် ထပ်မံညွှန်ကြားသော ကြေညာချက်တစ်ရပ် ထပ်မံထွက်ပေါ်လာပြီး နာရီပိုင်းအကြာမှာပင် ယခုလိုဗုံးတွေ့ရှိခဲ့ခြင်းဖြစ်ပါသည်။ သူ၏ကြေညာချက်တွင် အဆင့် (၄) ဆင့်ဖြင့် ညွှန်ကြားထားရာ အမှတ်စဉ် (၃) တွင် "မြို့တွင်း၊ မြို့ပြင် ပြည်သူ့စစ်၊ ပြောက်ကျားစစ် အချိန်ကိုက် တိုက်ပွဲဝင်ရန်" ဟူ၍လည်းကောင်း၊ အမှတ်စဉ် (၄) တွင် "ခေတ်မီနည်းပညာသုံး တိုက်ပွဲဝင်နိုင်ရေး" ဟူ၍လည်းကောင်း ဖော်ပြထားသည်ကို တိုက်ဆိုင်စွာ တွေ့ရှိရပါသည်။

မြန်မာနိုင်ငံ၏ စီးပွားရေး လုပ်ငန်းများ၊ သံတမန်များနှင့် NGO များ ရုံးစိုက်ရာ မြို့တော်ဖြစ်သော ရန်ကုန်မြို့၏ ခရီးသွားပြည်သူများ၏ အသက်အန္တရာယ်ကို ခြိမ်းခြောက်ရန်ပြုသော ယခုကဲ့သို့အပြုအမူမျိုးမှန်သမျှကို လုံးဝအကြွင်းမဲ့ ပြစ်တင်ရှုတ်ချလိုက်သည်။ ရန်ကုန်မြို့ကြီးတွင် နေထိုင်ကြသော ခရီးသွားလုပ်သားပြည်သူများနှင့် သံတမန်များ အပါအဝင် မြို့သူမြို့သားအားလုံးတို့အား မိမိတို့ သယ်ယူပို့ဆောင်ရေးလုပ်ငန်းတွင် ဝန်ဆောင်မှုပေးနေသော ခရီးသည်များ၏ အသက်နှင့် လုံခြုံရေးကို အထူးဦးစားပေး အလေးထားကာကွယ်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

ဖော်ပြခဲ့သော ဖြစ်စဉ်၌ လုံခြုံရေး ကင်မရာ (၄) လုံးတွင် မသင်္ကာစရာလှုပ်ရှားမှုတစ်ရပ် တွေ့ရှိခဲ့သည်နှင့် တစ်ပြိုင်နက် ကျွမ်းကျင်မှုအဆင့်မြင့်မားစွာ ဗုံးကို သတိထားဖော်ထုတ်နိုင်ခဲ့သည့် မိမိတို့ ကုမ္ပဏီမှ အမှုထမ်းကောင်းများကိုလည်းကောင်း၊ ပေါက်ကွဲခြင်းမဖြစ်ပွားစဉ် စွန့်စားဖယ်ရှားနိုင်ခဲ့သော တပ်မတော်နှင့် ရဲတပ်ဖွဲ့တို့မှ လုံခြုံရေးတပ်ဖွဲ့ဝင်များအား လည်းကောင်း၊ ရှင်းလင်းနေစဉ် မတော်တဆတစ်ခုခု ဖြစ်ပေါ်ခဲ့သည်ရှိသော် ကူညီရန် အမြဲအသင့်ဖြစ်နေသော ကျန်းမာရေး စောင့်ရှောက်မှု အရာထမ်း၊ အမှုထမ်းများ အားလုံးကိုလည်း အထူးကျေးဇူးတင်ဂုဏ်ပြုအပ်ပါကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

# အခြေခံပညာမူလတန်း (လွန်) ကျောင်း ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်ပွဲကျင်းပ

လပွတ္တာ မေ ၂၉

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ်ကျောက်တန်းကြီးကျေးရွာအုပ်စု ဂန်ချောင်းကျေးရွာ အခြေခံပညာမူလတန်း (လွန်) ကျောင်း ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်ပွဲကို ယနေ့နံနက် ၉ နာရီက အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေး ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် အောင်အောင်၊ ဧရာဝတီတိုင်းဒေသကြီး ပညာရေးမှူး ဦးတင်လှိုင်တို့က အမှာစကား ပြောကြားသည်။

ထို့နောက် ဂန်ချောင်းကျေးရွာ အခြေခံပညာမူလတန်း (လွန်) ကျောင်း ကျောင်းဆောင်သစ်နှင့် သက်ဆိုင်သော စာရင်းဇယားများကို တာဝန်ရှိသူများက လွှဲပြောင်းပေးအပ်ရာ ခရိုင်ပညာရေးမှူး ဦးအေးနိုင်က လက်ခံယူခဲ့ပြီး ကျောင်းဆောင်သစ်၏ မှတ်တမ်းဓာတ်ပုံကို ခရိုင်ပညာရေးမှူးက ပြန်လည်ပေးအပ်သည်။ **(အပေါ်ပုံ)** ယင်းနောက် ဂန်ချောင်းအခြေခံပညာမူလတန်း (လွန်) ကျောင်း ကျောင်း အကျိုးတော်ဆောင် ဦးမြအေးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားကြောင်း သိရသည်။



**ခရိုင် (ပြန်/ဆက်)**

# မကွေးတိုင်းဒေသကြီးအတွင်းရှိ ပြည်သူ့ဆေးရုံကြီးများတွင် ဒေသခံပြည်သူများအား ကျန်းမာရေး စောင့်ရှောက်မှုပေးလျက်ရှိ

**မကွေး မေ ၂၉**

မကွေးတိုင်းဒေသကြီးအတွင်းရှိ ပြည်သူ့ဆေးရုံကြီးများတွင် ဒေသခံပြည်သူများသာမက ရပ်နီးရပ်ဝေးမှ ပြည်သူများ၏ ကျန်းမာရေးဆိုင်ရာ ကိစ္စများ၊ ကာကွယ်ကုသရေးဆိုင်ရာ ကိစ္စများနှင့် အရေးပေါ်ကျန်းမာရေးကိစ္စများကို ဆရာဝန်/ဆရာမများ၊ ကျန်းမာရေးဝန်ထမ်းများက အရေးပေါ်ဌာနကို နေ့စဉ် နေ့/ည ၂၄ နာရီ ဖွင့်လှစ်၍ ကုသစောင့်ရှောက်ပေးလျက်ရှိသည်။

ထို့ပြင် မကွေးသင်ကြားရေးဆေးရုံကြီး အပါအဝင် မကွေးမြို့၊ မင်းဘူးမြို့၊ သရက်မြို့၊ ပခုက္ကူမြို့တို့ရှိ ပြည်သူ့ဆေးရုံကြီးတို့တွင် အထွေထွေရောဂါအထူးကု၊ ခွဲစိတ်အထူးကု၊ သားဖွား/ မီးယပ်အထူးကု၊ အရိုးအထူးကု၊ ကလေးအထူးကု၊ နား၊ နှာခေါင်း၊ လည်ချောင်းအထူးကု၊ မျက်စိအထူးကု၊ စိတ်ရောဂါအထူးကု၊ အရေပြားအထူးကု ဆရာဝန်ကြီးများက သတ်မှတ်ရက်များအလိုက် လူနာများကို ကြည့်ရှုကုသပေးလျက်ရှိပြီး အရေးပေါ် ကျန်းမာရေးကိစ္စများကိုလည်း နေ့စဉ် နေ့/ည အချိန်မရွေး ကုသစောင့်ရှောက်ပေးလျက် ရှိကြောင်း သိရသည်။

**တိုင်းဒေသကြီး (ပြန်/ဆက်)**

# ဟားခါးပြည်သူ့ဆေးရုံကြီးတွင် နေ့စဉ် ပြည်သူ့ကျန်းမာရေး စောင့်ရှောက်ပေးလျက်ရှိ

**ဟားခါး မေ ၂၉**

ချင်းပြည်နယ် ဟားခါးမြို့ ခုတင် ၂၀၀ ဆံ့ ပြည်သူ့ဆေးရုံကြီးတွင် ဒေသခံတိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကို တပ်မတော်မှ အထူးကုဆရာဝန်ကြီးများနှင့် ကျန်းမာရေးဝန်ထမ်းများက နေ့စဉ် နေ့ / ည မရွေး ကုသစောင့်ရှောက်ပေးလျက်ရှိသည်။

ဟားခါးမြို့ ခုတင် ၂၀၀ ဆံ့ ပြည်သူ့ဆေးရုံကြီးတွင် တပ်မတော်မှ အထူးကုဆရာဝန်ကြီးများဖြစ်သည့် စိတ်ရောဂါအထူးကုဆရာဝန်ကြီး တစ်ဦး၊ အဏုဇီဝဗေဒအထူးကု ဆရာဝန်ကြီး နှစ်ဦး၊ ဓာတ်မှန်အထူးကုဆရာဝန်ကြီး တစ်ဦး၊ ပြည်သူ့ကျန်းမာရေးဆရာဝန် တစ်ဦးနှင့် လက်ထောက်ဆရာဝန် တစ်ဦးတို့က သူနာပြုဆရာမ၊ အထက်တန်းသူနာပြုများ၊ စစ်သူနာပြုများနှင့်အတူ အရေးပေါ်ဌာနကို ၂၄ နာရီ ဖွင့်လှစ်ကာ အရေးပေါ်လူနာများကို ကုသစောင့်ရှောက်ပေးလျက်ရှိသည့်အပြင် သာမန်လူနာများကို ပြင်ပလူနာဌာနတွင် နေ့စဉ်ကုသပေးလျက်ရှိကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# ကချင်ပြည်နယ်အတွင်းရှိ အထွေထွေရောဂါကုဆေးရုံကြီးများတွင် အထူးကုဆရာဝန်ကြီးများနှင့် ကုသမှုခံယူနိုင်ပြီ

**မြစ်ကြီးနား မေ ၂၉**

ကချင်ပြည်နယ် အတွင်းရှိ မြစ်ကြီးနား အထွေထွေရောဂါကုဆေးရုံကြီး၊ ဗန်းမော်အထွေထွေရောဂါကု ဆေးရုံနှင့် ပူတာအိုအထွေထွေရောဂါကု ဆေးရုံများတွင် အထူးကုဆရာဝန်ကြီးများနှင့် နေ့စဉ် ကုသမှုခံယူနိုင်ပြီဖြစ်ကြောင်း သိရသည်။

မြစ်ကြီးနားမြို့ အထွေထွေရောဂါကုဆေးရုံကြီး၌ အင်္ဂါနေ့တွင် သားဖွားမီးယပ်ရောဂါ၊ တနင်္လာ၊ ဗုဒ္ဓဟူး၊ သောကြာနေ့တို့တွင် ကလေးရောဂါ၊ တနင်္လာနှင့် ကြာသပတေးနေ့တို့တွင် ခွဲစိတ်မှုများနှင့် အင်္ဂါနှင့် သောကြာနေ့တို့တွင် နား၊ နှာခေါင်း၊ လည်ချောင်း ရောဂါများကို နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ လာရောက်ပြသနိုင်ပြီဖြစ်သည်။ ဗန်းမော်မြို့အထွေထွေရောဂါကုဆေးရုံ၌ အင်္ဂါနေ့နှင့် သောကြာနေ့တို့တွင် ကလေးအထူးကု ဆရာဝန်ကြီးက နံနက် ၉ နာရီခွဲမှ ညနေ ၄ နာရီအထိ လည်းကောင်း၊ ပူတာအိုမြို့ အထွေထွေရောဂါကု ဆေးရုံတွင် သွားအထူးကု ဆရာဝန်ကြီးနှင့် ခွဲစိတ်အထူးကု ဆရာဝန်ကြီးတို့က နေ့စဉ် နံနက် ၉ နာရီခွဲမှ ညနေ ၄ နာရီအထိ ကြည့်ရှုကုသပေးလျက်ရှိပြီး ဒေသခံပြည်သူများ၏ ကျန်းမာရေးလိုအပ်ချက်များကို ဖြည့်ဆည်းပေးလျက်ရှိကြောင်း သိရသည်။

**နွယ်စိမ်း (ပြန်/ဆက်)**

## အာဖဂန်နစ္စတန်တွင် ကိုဗစ်တတိယအကြိမ် သတိပေးချက်ထုတ်

**ကဘူးလ် ဧပြီ ၂၉**

ပဋိပက္ခများဖြင့် ရုန်းကန်နေရသော နိုင်ငံဖြစ်သည့် အာဖဂန်နစ္စတန်နိုင်ငံတွင် လွန်ခဲ့သော သီတင်းပတ်နှစ်ပတ်အတွင်း ကိုဗစ်- ၁၉ ကူးစက်ဖြစ်ပွားမှု တိုးလာသောကြောင့် အာဖဂန်ပြည်သူ့ကျန်းမာရေးဝန်ကြီးဌာနက ကိုဗစ်-၁၉ တတိယအကြိမ် ကူးစက်ဖြစ်ပွားလာနိုင်မှုအပေါ် သတိပေးချက် ထုတ်ပြန်လိုက်သည်။

လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၁၆၉ ဦးရှိကြောင်း ပြည်သူ့ကျန်းမာရေးဝန်ကြီးဌာနက မှတ်တမ်းတင်ဖော်ပြခဲ့မှုနှင့်အတူ နိုင်ငံအတွင်း စုစုပေါင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၅၉၇၅၄ ဦး ရှိလာခဲ့သည်။

အစိုးရ၏ တရားဝင်စာရင်းဇယားများအရ နေ့စဉ်ကိုဗစ်- ၁၉ ကူးစက်ဖြစ်ပွားမှုနှုန်းသည် ဧပြီ ၂၈ ရက်က ၂၀၆ ဦးနှင့် ဧပြီ ၂၇ ရက်က ၁၆၉ ဦး အသီးသီးဖြစ်ကြသည်။

နိုင်ငံအတွင်း ကိုဗစ်- ၁၉ ကြောင့် နောက်ထပ်သေဆုံးသူ ခုနစ်ဦးရှိလာမှုနှင့်အတူ စုစုပေါင်း သေဆုံးသူ ၂၆၂၅ ဦး ရှိလာခဲ့သည်။ အလားတူ ကိုဗစ်- ၁၉ ကင်းစင်သွားသူ ၁၈၀ တိုးလာသောကြောင့် စုစုပေါင်း ကိုဗစ်-၁၉ ကင်းစင်သွားသူ ၅၃၁၅၄ ဦး ရှိလာခဲ့သည်။

ခေတ္တပြည်သူ့ကျန်းမာရေးဝန်ကြီး ဝါဟစ်မာ့ဂျ်ရောဟ်က ကိုဗစ်- ၁၉ တတိယအကြိမ် ကူးစက်ဖြစ်ပွားလာနိုင်မှုအပေါ် သတိပေးထားပြီး အာဖဂန်ပြည်သူများကို ကျန်းမာရေးလမ်းညွှန်ချက်များ လိုက်နာရန် တိုက်တွန်းထားသည်။ **ဆင်ဟွာ**



ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားနေသူတစ်ဦးကို ဆေးရုံမတင်မီ လူနာတင်ယာဉ်ပေါ်တွင် ဆေးကုသမှု ပေးထားသည်ကို တွေ့ရစဉ်။

## အိန္ဒိယနှင့် ဖိလစ်ပိုင်တွင် ကိုဗစ်- ၁၉ ကူးစက်ဖြစ်ပွားသူ တိုးလာ

ဟောင်ကောင် ဧပြီ ၂၉

**အာရှ- ပစိဖိတ်ဒေသတွင် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသေဆုံးမှု တိုးလာကြောင်း ဧပြီ ၂၉ ရက်က အတည်ပြုဖော်ပြမှုနှင့်အတူ အိန္ဒိယနိုင်ငံတွင် ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၃၇၉၂၅၇ ဦးဖြင့် တစ်နေ့အတွင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုအမြင့်ဆုံး စံချိန်တင်ခဲ့သည်။ ယခုအခါတွင် အိန္ဒိယနိုင်ငံတွင် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူပေါင်း ၁၈၃၇၆၅၂၄ ဦး ရှိလာခဲ့ပြီဖြစ်သည်။**

ထို့အပြင် ဧပြီ ၂၈ ရက် နံနက်ပိုင်းတွင် အိန္ဒိယနိုင်ငံတစ်ဝန်း၌ ကိုဗစ်-၁၉ကပ်ရောဂါဖြင့် ထပ်မံသေဆုံးသူ ၃၆၄၅ ဦးရှိကြောင်းဖော်ပြမှုနှင့် အတူ စုစုပေါင်းသေဆုံးသူ ၂၀၄၈၃၂ ဦး ရှိလာခဲ့သည်။

အိန္ဒိယနိုင်ငံတွင် ယခုအခါ ကိုဗစ်- ၁၉ ဗိုင်းရပ်စ်ကင်းစင်သွားသူပေါင်း ၁၅၀၈၆၈၇၈ ဦး ရှိလာခဲ့သည်။

ဖိလစ်ပိုင်နိုင်ငံတွင် ကိုဗစ်- ၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၈၂၇၆ ဦးအပါအဝင် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူပေါင်း ၁၀၂၈၇၃၈ ဦး ရှိလာခဲ့သည်။

ကိုဗစ်- ၁၉ ဗိုင်းရပ်စ်ဖြင့် ထပ်မံသေဆုံးသူ ၁၁၄ ဦးအပါအဝင် စုစုပေါင်းသေဆုံးသူ ၁၇၁၄၅ ဦးအထိ ရောက်ရှိလာခဲ့ကြောင်း ဖိလစ်ပိုင် ကျန်းမာရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ဖော်ပြလိုက်သည်။

ဧပြီလပထမသီတင်းပတ်တွင် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှု မြင့်တက်လာခြင်းဖြစ်ကြောင်း ကိုဗစ်- ၁၉ ကူးစက်ဖြစ်ပွားသူ ၅၀ ရာခိုင်နှုန်းနီးပါးမှာ မြို့တော်မနီလာမှဖြစ်ကြောင်း သမ္မတ ပြောရေးဆိုခွင့်ရှိသူ ဟာရီရော့ခ်က ပြောကြားလိုက်သည်။ **ဆင်ဟွာ**

## ဘရာဇီးနိုင်ငံသည် ကမ္ဘာ့ဒုတိယကိုဗစ်-၁၉ သေဆုံးမှု အများဆုံး နိုင်ငံအဖြစ် ဆက်လက်တည်ရှိ

**ဆော်ပေါ်လို ဧပြီ ၂၉**

ဘရာဇီးနိုင်ငံတွင် လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ကြောင့် ထပ်မံသေဆုံးသူ ၃၁၆၃ ဦးရှိလာကြောင်း ဧပြီ ၂၈ ရက်က မှတ်တမ်းတင်ဖော်ပြခဲ့မှုနှင့်အတူ နိုင်ငံအတွင်း ကိုဗစ်- ၁၉ ကြောင့် သေဆုံးသူပေါင်းမှာ ၃၉၈၁၈၅ ဦး ရှိလာခဲ့ပြီး အမေရိကန်ပြည်ထောင်စုပြီးလျှင် ကမ္ဘာ့ဒုတိယ ကိုဗစ်- ၁၉ သေဆုံးမှု အများဆုံးနိုင်ငံ တစ်နိုင်ငံဖြစ်လာကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ဖော်ပြသည်။

နောက်ထပ် ကိုဗစ်- ၁၉ စမ်းသပ်တွေ့ရှိသူ ၇၉၇၂၆ ဦးရှိလာမှုနှင့်အတူ စုစုပေါင်း ကိုဗစ်- ၁၉ ကူးစက်အတည်ပြုလူနာပေါင်းမှာ ယခုအခါတွင် ၁၄၅၂၁၂၈၉ ဦး ရှိလာခဲ့ပြီဖြစ်သည်။



ဘရာဇီးနိုင်ငံ ဆေးရုံတစ်ရုံရှိ အထူးကြပ်မတ်ကုသဆောင်တွင် ကိုဗစ်လူနာတစ်ဦးကို ကုသပေးနေစဉ်။

လက်တင်အမေရိကနိုင်ငံ တစ်နိုင်ငံဖြစ်သော ဘရာဇီးနိုင်ငံတွင် ကိုဗစ်- ၁၉ ကပ်ရောဂါကူးစက်ဖြစ်ပွားသည့် အချိန်ကတည်းမှစကာ ဧပြီလသည် သေဆုံးမှုအများဆုံးလဖြစ်သည်။ မတ်လတွင် သေဆုံးသူ ၆၆၀၀၀ နှင့် နှိုင်းယှဉ်လျှင် ဧပြီလတွင် သေဆုံးသူ ၇၀၀၀၀ ခန့် ရှိလာခဲ့သည်။

လူဦးရေ ၄၆ သန်းနေထိုင်သော ဆော်ပေါ်လို အရှေ့တောင်ပိုင်းသည် ကိုဗစ်- ၁၉ ကူးစက်ဖြစ်ပွားမှု အဆိုးဆုံး ဒေသဖြစ်ပြီး ကိုဗစ်- ၁၉ ဖြင့် သေဆုံးသူ ၉၄၆၅၆ ဦးရှိကာ ကိုဗစ်- ၁၉ ကူးစက်ဖြစ်ပွားသူ ၂၈၇၃၂၃၈ ဦးရှိသည်။

ည ၈ နာရီမှ နံနက် ၅ နာရီအထိ ထုတ်ပြန်ထားသော ညမထွက်ရအမိန့်သည် ဒေသခံများကို နေအိမ်များတွင် နေထိုင်ရန် တိုက်တွန်းအားပေးထားသည်။ ယခုကဲ့သို့လုပ်ဆောင်ခြင်းသည် ဆေးရုံအထူးကြပ်မတ် ကုသဆောင်ရှိ လူနာခုတင်ပြည့်ကြပ်မှုကို လျှော့ချရာတွင် အောင်မြင်မှု ရရှိစေကြောင်း ဆော်ပေါ်လို အုပ်ချုပ်ရေးမှူး ဂျော်အာဒိုရီယာက ပြောကြားလိုက်သည်။

**ဆင်ဟွာ**

## တိုကျိုတွင် ကိုဗစ်ကူးစက်သူ ပထမဆုံး ၁၀၀၀ ကျော်လာ

**တိုကျို ဧပြီ ၂၉**

တိုကျိုတွင် ဧပြီ ၂၉ ရက်က ကိုဗစ်- ၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၁၀၂၇ ဦး ရှိကြောင်း အစိုးရက အတည်ပြုဖော်ပြခဲ့သည်။

ဇန်နဝါရီ ၂၈ ရက်မှစကာ ပထမဆုံးအကြိမ်အဖြစ် မြို့တော် တိုကျိုတွင် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၁၀၀၀ ကျော်ခဲ့ခြင်းဖြစ်သည်။

ဧပြီ ၂၈ ရက်က ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၉၂၅ ဦး ရှိခဲ့သည်။ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုကို လျှော့ချရန် တိုကျိုကို လွန်ခဲ့သော တနင်္ဂနွေနေ့ကတည်းက နိုင်ငံတော် အရေးပေါ်အခြေအနေ ပြဋ္ဌာန်းခဲ့သည်။ တိုကျိုတွင် ကိုဗစ်- ၁၉ ကူးစက်ဖြစ်ပွားမှုသည် တစ်ပတ်ပြီးတစ်ပတ် မြင့်တက်လာခဲ့သည်။ **အင်န်အိတ်ချ်ကေ**

## ဖီဂျီတွင် နောက်ထပ်ငါးဦး ကိုဗစ်ကူးစက်

**ဆူဗာ ဧပြီ ၂၉**

ဖီဂျီနိုင်ငံတွင် ဧပြီ ၂၉ ရက်က ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ငါးဦးရှိကြောင်း ဖော်ပြခဲ့ရာ စုစုပေါင်း နိုင်ငံအတွင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၁၁၆ ဦးရှိလာပြီဖြစ်သည်။

လတ်တလောတွင် ဖီဂျီနိုင်ငံ၌ ကိုဗစ်-၁၉ ဖြစ်ပွားနေသူ ၄၉ ဦးရှိသည်။ လွန်ခဲ့သောနှစ်မတ်လ ပထမဆုံး ကိုဗစ်- ၁၉ စတင်ဖြစ်ပွားချိန်ကတည်းက နိုင်ငံအတွင်း ကိုဗစ်-၁၉ ကင်းစင်သွားသူ ၆၅ ဦးရှိလာခဲ့ပြီး သေဆုံးသူနှစ်ဦးရှိကြောင်း သိရသည်။

ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ပိုမိုများပြားလာလျှင် ပိုမိုတင်းကျပ်သည့် ကန့်သတ်ပိတ်ဆို့မှုများ ချမှတ်သွားမည်ဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ဧပြီ ၂၉ ရက်တွင် သတိပေးခဲ့သည်။

**ဆင်ဟွာ**

## ဘင်္ဂလားဒေ့ရှ်တွင် ကိုဗစ်လူနာ ခုနစ်သိန်းကျော်ရှိ

**ဒါကာ ဧပြီ ၂၉**

ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ဧပြီ ၂၉ ရက်က ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၂၃၄၁ ဦးနှင့် ထပ်မံသေဆုံးသူ ၈၈ ဦးရှိကြောင်း အတည်ပြုဖော်ပြခဲ့မှုနှင့်အတူ စုစုပေါင်း ကိုဗစ်- ၁၉ ကူးစက်ဖြစ်ပွားသူ ၇၅၆၉၅၅ ဦးရှိပြီး သေဆုံးသူ ၁၁၃၉၃ ဦး ရှိကြောင်း ကျန်းမာရေးဝန်ဆောင်မှုညွှန်ကြားရေးမှူးချုပ်ရုံးက သတင်းထုတ်ပြန်ခဲ့သည်။

တရားဝင်စာရင်းဇယားများအရ လွန်ခဲ့သော ၂၄ နာရီအတွင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံတစ်ဝန်း ကိုဗစ်- ၁၉ နမူနာပေါင်း ၂၄၉၂၈ ခုကို စစ်ဆေးခဲ့သည်။

နိုင်ငံအတွင်း ကိုဗစ်- ၁၉ ကင်းစင်သွားသူပေါင်း ၆၇၇၁၀၁ ဦးရှိကြောင်း သိရသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံအတွင်း ကိုဗစ်- ၁၉ ဖြင့် သေဆုံးနှုန်းသည် ယခုအခါ ၁ ဒသမ ၅၁ ရာခိုင်နှုန်းရှိပြီး ကိုဗစ်-၁၉ ကင်းစင်သွားသူ ပမာဏမှာ ၈၉ ဒသမ ၄၅ ရာခိုင်နှုန်းရှိကြောင်း သိရသည်။

**ဆင်ဟွာ**

# အီးယူနိုင်ငံများတွင် အရွယ်ရောက်ပြီးသူ ၇၀ ရာခိုင်နှုန်းကို ဇူလိုင်လကုန်ပိုင်းတွင် ကိုဗစ် – ၁၉ ကာကွယ်ဆေး ထိုးပေးနိုင်ဖွယ်ရှိ

ကေကေစိုး

**နှစ်လတာကာလအတွင်း ဥရောပသမဂ္ဂ (အီးယူ)နိုင်ငံများတွင် အရွယ်ရောက်ပြီးသူ ၇၀ ရာခိုင်နှုန်းကို ကိုဗစ် –၁၉ ကာကွယ်ဆေးထိုးပေးသွားနိုင်ရေး မျှော်လင့်ထားသည်ဟု ဥရောပကော်မရှင်ဥက္ကဋ္ဌ အာဆူလာ ဗွန်ဒါလီယန်က မေ ၂၃ ရက်တွင် ပြောကြားထားသည်။**



ဂျွန်ဆင် အင်န် ဂျွန်ဆင် ကာကွယ်ဆေးထိုးပေးရန် ပြင်ဆင်နေသည်ကိုတွေ့ရစဉ် ။

**ရည်မှန်းချက်ချမှတ်ထား**

ဘယ်လ်ဂျီယံနိုင်ငံ Puurs ရှိ ဖိုက်ဇာကိုဗစ် – ၁၉ ကာကွယ်ဆေးစက်ရုံသို့ လာရောက်စဉ် ထိုသို့ ပြောကြားခဲ့ခြင်းဖြစ်သည်။ အဆိုပါ စက်ရုံမှ ထုတ်လုပ်သည့် ကိုဗစ် – ၁၉ ကာကွယ်ဆေးများကို အီးယူနိုင်ငံများအတွင်း အသုံးပြုပြီး ဇူလိုင်လကုန်ပိုင်းတွင် အရွယ်ရောက်ပြီးသူ ၇၀ ရာခိုင်နှုန်းကို ကိုဗစ်– ၁၉ ကာကွယ်ဆေးထိုးပေးသွားရန် ရည်မှန်းချက် ချမှတ်ထားသည်ဟု ဗွန်ဒါလီယန်က ပြောသည်။

ယခင်က စက်တင်ဘာလတွင် လူဦးရေ၏ ၇၀ ရာခိုင်နှုန်းကို ကာကွယ်ဆေးထိုးပေးနိုင်ရေး ရည်ရွယ်ထားခဲ့သည်။ ဖိုက်ဇာ – ဘိုင်ရွန်တက်ခ်နှင့် ကာကွယ်ဆေး ပေးပို့သူများ၏ အရှိန်အဟုန်မြင့် ကြိုးပမ်းအားထုတ်မှုများကြောင့် ဥရောပသမဂ္ဂအတွင်း အရွယ်ရောက်ပြီးသူ ၇၀ ရာခိုင်နှုန်းကို ဇူလိုင်လကုန်တွင် ကာကွယ်ဆေးထိုးပေးရန် လုံလောက်သည့်ဆေးဝါးရှိသည်ဟု ယခုအခါ ယုံကြည်ချက်ရှိကြောင်း ပြောကြားခဲ့သည်။

**ဆွေးနွေးမှုနီးစပ်လာ**

ထို့ပြင် ဥရောပသမဂ္ဂ၏ ကာကွယ်ဆေးထိုးပေးရေးအစီအစဉ်မှာ လမ်းကြောင်းပေါ်တွင်ရောက်နေကြောင်း၊ ကာကွယ်ဆေးပေါင်း သန်း ၁၅၀ ကို ဖြန့်ထားပေးပြီးဖြစ်ကာ ၁၂၃ သန်းကိုလည်း အဆင်သင့်ပြင်ဆင်ထားကြောင်း ၎င်းကဆက်လက် ပြောကြားခဲ့သည်။ ယင်းသို့ ပြုလုပ်နိုင်ခြင်းကြောင့် အမေရိကန်ပြည်ထောင်စုနှင့်တရုတ်နိုင်ငံပြီးလျှင် ဥရောပသမဂ္ဂအဖွဲ့ကြီးသည် ကမ္ဘာပေါ်တွင် တတိယ မြောက် ထိပ်တန်း ကိုဗစ် – ၁၉ ကာကွယ်ဆေး ဖြန့်ဝေပေးနိုင်လာမည်ဖြစ်သည်။ ၂၀၂၂ ခုနှစ်နှင့် ၂၀၂၃ ခုနှစ်တို့အတွက် နောက်ထပ် ကိုဗစ် – ၁၉ ကာကွယ်ဆေး ၁ ဒသမ ၈ ဘီလီယံကို ရရှိထားနိုင်ရေး ဖိုက်ဇာကုမ္ပဏီနှင့် ဆွေးနွေးမှုမှာလည်း နီးစပ်လာပြီဟု ၎င်းကဆက်လက်ပြောကြားခဲ့သည်။

**၂၀ ရာခိုင်နှုန်းတိုးမြှင့်ရန် အတည်ပြု**

လာမည့်ရက်ပိုင်းအတွင်း ကာကွယ်ဆေး အတွက် လုပ်ဆောင်ဖွယ်ရာများကို ဆက်လက် လုပ်ဆောင်မည်ဖြစ်ပြီး ပြည်သူလူထုကြားတွင် ကိုယ်ခံအား တည်ဆောက်နိုင်ရေးအတွက် လုံလောက်သည့် ကာကွယ်ဆေးထိုးမှုများကို ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်နိုင်ရေးဆောင်ရွက် သွားမည်ဟု ၎င်းကဆက်လက်ပြောကြားခဲ့သည်။ ဥရောပဆေးအေဂျင်စီသည်လည်း ထုတ်လုပ်မှု ဆိုက်များ၏ ထုတ်လုပ်နိုင်စွမ်းအားကို ၂၀ ရာခိုင် နှုန်းတိုးမြှင့်သွားရန် အတည်ပြုပေးခဲ့သည်ဟု ဗွန်ဒါလီယန်က ပြောသည်။

**ဂျာမနီနိုင်ငံ၏ ကူးစက်မှုအခြေအနေ**

သို့သော်လည်း ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံတစ် နိုင်ငံဖြစ်သည့် ဂျာမနီနိုင်ငံတွင်လည်း ကိုဗစ် –၁၉ ကူးစက်မှု ရှင်းလင်းသွားပြီဟုပြောရန် စောလွန်း နေသေးသည်ဟု ရောဘတ်ကို့ချ် အင်စတီကျူမှ ဒုတိယဥက္ကဋ္ဌဖြစ်သူ လားစ် ရှက်ဒ် ကပြောကြားခဲ့ သည်။ ဂျာမနီနိုင်ငံတွင် ကိုဗစ် –၁၉ ကူးစက်မှုများ ကြောင့် အသွားအလာ ကန့်သတ်မှုများပြုလုပ်ထား သော်လည်း မေ ၂၃ ရက်တွင် နောက်ထပ်ကူးစက်မှု ၂၇၅၄၃ ဦးတွေ့ရှိခဲ့သည်ဟု ရောဂါထိန်းချုပ်ရေး နှင့် ကာကွယ်ရေးအေဂျင်စီဖြစ်သည့် ရောဘတ် ကို့ချ် အင်စတီကျူမှ ပြောသည်။

**ဆေးရုံတက်ရသူများပြားနေဆဲ**

ဂျာမနီရှိဆေးရုံကြီးများတွင်လည်း ကိုဗစ်–၁၉ ကြောင့် ဆေးရုံတက်ရသူအရေအတွက်မှာ များပြား ဆဲဖြစ်သည်။ အထူးသဖြင့် အသက် ၃၅ နှစ်မှ ၅၉ နှစ်ကြား အများဆုံး ဆေးရုံတက်ရသည်ဟု ၎င်းက ပြောသည်။ အထူးကြပ်မတ်ကုသဆောင်တွင် ကုသမှုခံယူနေသူ ၈၀ ရာခိုင်နှုန်းမှာ အသက်ရှူ အထောက်အကူပြုကိရိယာလိုအပ်သည်ဟု သိရ သည်။ ဂျာမနီနိုင်ငံတွင် မေ ၂၂ ရက်အထိ ကိုဗစ်– ၁၉ ကာကွယ်ဆေး နှစ်ကြိမ်စလုံး ထိုးပြီးသူ အရေ အတွက်မှာ ၅ ဒသမ ၈ သန်းရှိပြီး တိုင်းပြည် လူဦးရေ၏ ၇ ရာခိုင်နှုန်းရှိကြောင်း ရောဘတ်ကို့ချ်က ပြောသည်။ မေ ၂၂ ရက်တွင် ကာကွယ်ဆေး အလုံးရေ ဖ၀ဖ၂၈၃ လုံးကို ထိုးပေးနိုင်ခဲ့သည်။ မေ ၂၂ ရက်အထိ ဂျာမနီတွင်ကိုဗစ် –၁၉ ကူးစက်ခံရသူ ၃ ဒသမ ၂၅ သန်းရှိပြီး သေဆုံးသူမှာ ၈၁၁၅၈ ဦး ရှိသည်ဟု သိရသည်။

**ပို၍အလေးသာ**

ဗီဇပြောင်း ကိုဗစ် –၁၉ ကူးစက်မှုအန္တရာယ်မှာ ရှောင်ရှားနိုင်ရေးအတွက် ကိုဗစ် –၁၉ ကာကွယ် ဆေးထိုးပေးနိုင်ရေးမှာလည်း အရေးကြီးလှသည်။ သို့သော်လည်း အချို့သော ကိုဗစ် –၁၉ ကာကွယ် ဆေးများမှာ ဘေးထွက်ဆိုးကျိုးများကြောင့် အသုံးပြုမှု ယာယီရပ်နားထားရခြင်းမျိုးလည်း ရှိသည်။ ဂျွန်ဆင် အင်န် ဂျွန်ဆင် ကိုဗစ် – ၁၉ ကာကွယ်ဆေးများ ရှားပါးသည့် သွေးခဲမှုဘေးထွက် ဆိုးကျိုးအန္တရာယ်ကြောင့် အသုံးပြုမှုကို ခေတ္တ ရပ်နားထားရသည်။ အမေရိကန်တွင် အဆိုပါ ကာကွယ်ဆေးအသုံးပြုမှုကို ခေတ္တရပ်နားထားခဲ့ ပြီး ဥရောပသမဂ္ဂဆေးကြီးကြပ်မှုအဖွဲ့အစည်း က အဆိုပါကာကွယ်ဆေး၏ ကောင်းကျိုးများမှာ ဆိုးကျိုးထက်ပို၍ အလေးသာသည်ဟု တွေ့ရှိ ခဲ့ကြသည်။

**ဆေးတင်ပို့မှုဆိုင်းငံ့ရန် ဆုံးဖြတ်**

မေ ၂၀ ရက်တွင် ဂျွန်ဆင် အင်န် ဂျွန်ဆင်မှ ထုတ်လုပ်သည့် ကိုဗစ် – ၁၉ ကာကွယ်ဆေးကို ဥရောပတွင် ပြန်လည်အသုံးပြုခွင့် စတင်တော့ မည်ဟု ကုမ္ပဏီဘက်မှကြေညာခဲ့သည်။ ကာကွယ် ဆေးကြောင့်နှင့် သွေးခဲမှုဖြစ်စဉ် ဆက်စပ်မှုရှိနိုင် သည်ဟု ဥရောပသမဂ္ဂ၏ ဆေးဝါးကြီးကြပ်ရေး အဖွဲ့အစည်းက သတိပေးချက်ထုတ်ပြန်ခဲ့ပြီး ကာကွယ်ဆေး၏ ကောင်းကျိုးမှာ ဆိုးကျိုးထက် ပို၍ အလေးသာသည်ဟု ပြောဆိုခဲ့သည်။ ယင်းနောက်တွင် ဥရောပသမဂ္ဂ၌ ဂျွန်ဆင် အင်န် ဂျွန်ဆင် ကိုဗစ် –၁၉ ကာကွယ်ဆေးအသုံးပြုမှု ပြန်လည်စတင်တော့မည်ဟု ကြေညာခဲ့ခြင်း ဖြစ်သည်။ ပြီးခဲ့သည့်သီတင်းပတ်အတွင်း ကုမ္ပဏီ ဘက်မှ ဥရောပသမဂ္ဂအဖွဲ့ဝင် ၂၇ နိုင်ငံသို့ ကာကွယ်ဆေးတင်ပို့မှု ဆိုင်းငံ့ရန် ဆုံးဖြတ်ခဲ့ သည်။

**လူတစ်သန်းတွင် တစ်ဦးသာဖြစ်နိုင်**

အမေရိကန်ပြည်ထောင်စုတွင်လည်း ကာကွယ် ဆေး၏ ဘေးထွက်ဆိုးကျိုးအန္တရာယ်ကြောင့် ခေတ္တ ဆိုင်းငံ့ရန် ဆုံးဖြတ်ခဲ့သည်။ သို့သော်လည်း မေ ၂၃ရက်တွင်မှ အသုံးပြုခွင့် ပြန်လည်ခွင့်ပြုပေး လိုက်ပြီဟု သိရသည်။ အက်စ်ထရာဇေနီကာ ကာကွယ်ဆေးအသုံးပြုရာတွင်လည်း သွေးခဲမှု ပြဿနာနှင့် ဆက်စပ်မှုရှိနိုင်သည်ဟုဆိုကာ အသုံး ပြုမှု ခေတ္တဆိုင်းငံ့ခြင်းမျိုး ပေါ်ပေါက်ခဲ့သည်။ ဂျွန်ဆင် အင်န် ဂျွန်ဆင် ကိုဗစ် –၁၉ ကာကွယ်ဆေး တွင်မူ သွေးခဲမှုပြဿနာမှာ ခန့်မှန်းခြေအားဖြင့် လူတစ်သန်းတွင် တစ်ဦးသာဖြစ်နိုင်သည်ဟု ခန့်မှန်း ထားသည်။

**သိမ်းဆည်းရလွယ်ကူ**

အကြောင်းမှာ အဆိုပါကာကွယ်ဆေးသည် အခြား ကိုဗစ် –၁၉ ကာကွယ်ဆေးများနှင့် မတူဘဲ တစ်ကြိမ်သာထိုးရန် လိုအပ်သည့်အတွက် ဖြစ်သည်။ ထို့အပြင် အခြားသောကာကွယ်ဆေး များထက်လည်း သိမ်းဆည်းရ လွယ်ကူသည်။ သွားလာရခက်ခဲသည့်နေရာများသို့ ပို့ဆောင်ပေး ရာတွင်လည်း အဆင်ပြေသည့်အတွက်ဖြစ်သည်။ ဂျွန်ဆင် အင်န် ဂျွန်ဆင် ကိုဗစ် –၁၉ ကာကွယ် ဆေး၏ ဘေးထွက်ဆိုးကျိုးထက် ကောင်းကျိုးမှာ ပို၍ အလေးသာသည့်အတွက် ဥရောပသမဂ္ဂသည် အဆိုပါဆေး ပြန်လည်အသုံးပြုမှုကို အမေရိကန် ထက်အရင် ခွင့်ပြုချက်ပေးခဲ့သည်ဟု သိရ သည်။ ။

ဆင်ဟွာ

**အမေရိကန်ပြည်ထောင်စုတွင်လည်း ကာကွယ် ဆေး၏ ဘေးထွက်ဆိုးကျိုးအန္တရာယ်ကြောင့် ခေတ္တဆိုင်းငံ့ရန် ဆုံးဖြတ်ခဲ့သည်။ သို့သော်လည်း မေ ၂၃ ရက်တွင်မှ အသုံးပြုခွင့် ပြန်လည်ခွင့်ပြုပေးလိုက်ပြီဟု သိရသည်။ အက်စ်ထရာဇေနီကာ ကာကွယ်ဆေးအသုံးပြုရာတွင်လည်း သွေးခဲမှု ပြဿနာနှင့် ဆက်စပ်မှုရှိနိုင်သည်ဟုဆိုကာ အသုံးပြုမှု ခေတ္တဆိုင်းငံ့ခြင်းမျိုး ပေါ်ပေါက်ခဲ့သည်။ ဂျွန်ဆင် အင်န် ဂျွန်ဆင် ကိုဗစ် - ၁၉ ကာကွယ်ဆေးတွင်မူ သွေးခဲမှုပြဿနာမှာ ခန့်မှန်းခြေအားဖြင့် လူတစ်သန်းတွင် တစ်ဦးသာဖြစ်နိုင်သည်ဟု ခန့်မှန်းထားသည်။**

# COVID-19 ကာကွယ်ဆေးဝယ်ယူရရှိရေးရန်ပုံငွေ စီမံခန့်ခွဲမှုဆပ်ကော်မတီ၏ အသိပေးကြေညာချက်

မြန်မာ့စီးပွားရေးဘဏ် (နေပြည်တော်)တွင် ဖွင့်လှစ်ထားရှိသော COVID- 19 ကာကွယ်ဆေး ဝယ်ယူရရှိရေးရန်ပုံငွေ (COVID-19 Vaccination Fund) မြန်မာကျပ်ငွေစာရင်း OA 013733 သို့ ဧပြီ ၂၆ ရက်မှ ၂၉ ရက် အထိ ပြည်တွင်း / ပြည်ပ အလှူရှင်များမှ ထည့်ဝင်လှူဒါန်းငွေ စုစုပေါင်းမှာ ငွေကျပ် ၂ ဒသမ ၁၅၃ သန်း ဖြစ်သည်။ ဧပြီ ၂၉ ရက်အထိ ရန်ပုံငွေစာရင်း၏ အခြေအနေမှာ အောက်ပါအတိုင်းဖြစ်သည်-

**COVID-19 ကာကွယ်ဆေးဝယ်ယူရရှိရေးရန်ပုံငွေ OA- 013733 စာရင်း**

| | ငွေကျပ် |
|---|---|
| ၂၆-၄-၂၀၂၁ ရက်နေ့ရှိ စာရင်းဖွင့်လက်ကျန် | ၃၀,၇၈၄,၂၅၀,၁၁၅.၃၉ |
| (+) ၂၆-၄-၂၀၂၁ မှ ၂၉-၄-၂၀၂၁ ရက်နေ့ထိ ရရှိငွေ | ၂,၁၅၃,၀၀၀.၀၀ |
| ၂၉-၄-၂၀၂၁ ရက်နေ့ရှိ စာရင်းပိတ်လက်ကျန် | ၃၀,၇၈၆,၄၀၃,၁၁၅.၃၉ |

**COVID-19 ကာကွယ်ဆေးဝယ်ယူရရှိရေးရန်ပုံငွေ EDC 600012 စာရင်း**

| | အမေရိကန်ဒေါ်လာ |
|---|---|
| ၂၆-၄-၂၀၂၁ ရက်နေ့ရှိ စာရင်းဖွင့်လက်ကျန် | ၁၇၈,၁၄၀,၁၄၉.၅၃ |
| (+)၂၆-၄-၂၀၂၁ မှ ၂၉-၄-၂၀၂၁ ရက်နေ့ထိ ရရှိငွေ | - |
| ၂၉-၄-၂၀၂၁ ရက်နေ့ရှိ စာရင်းပိတ်လက်ကျန် | ၁၇၈,၁၄၀,၁၄၉.၅၃ |

**COVID-19 ကာကွယ်ဆေးဝယ်ယူရရှိရေးရန်ပုံငွေ(COVID-19 Vaccination Fund) OA 013733 သို့ အများပြည်သူများမှ လှူဒါန်းငွေစာရင်း**
**(၂၆-၄-၂၀၂၁ ရက်နေ့မှ ၂၉-၄-၂၀၂၁ ရက်နေ့ထိ)**

| စဉ် | လှူဒါန်းငွေပေးသွင်းသူအမည် | ကျပ် |
|---|---|---|
| | ၂၇-၄-၂၀၂၁ | ၁၅၃,၀၀၀ |
| ၁ | (အမည်လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၅၀,၀၀၀ |
| ၂ | ဒေါ်ညိုညိုလှ (ရန်ကုန်မြို့) | ၁၀၃,၀၀၀ |
| | | |
| | | |
| | ၂၉-၄-၂၀၂၁ | ၂,၀၀၀,၀၀၀ |
| ၁ | ဦးညွန့်စိုး (မုံရွာမြို့) | ၂,၀၀၀,၀၀၀ |
| | | |
| | (၂၆-၄-၂၀၂၁ ရက်နေ့မှ ၂၉-၄-၂၀၂၁ ရက်နေ့ထိ) စုစုပေါင်း | ၂,၁၅၃,၀၀၀ |

မှတ်ချက်။ (က) အလှူရှင်များက ပေးပို့ထားသည့် အချက်အလက်များနှင့် ဘဏ်သို့ထည့်သွင်းထားသည့် အချက်အလက်များအရ နေရပ်လိပ်စာဖော်ပြထားခြင်းဖြစ်ပါသည်။
(ခ) မြန်မာ့စီးပွားရေးဘဏ်ရှိ မြန်မာကျပ်ငွေစာရင်းနှင့်နိုင်ငံခြားငွေစာရင်းများသို့ ဝင်ရောက်ပြီးသည့် လှူဒါန်းငွေများဖြစ်ပါသည်။

COVID-19 ကာကွယ်ဆေးဝယ်ယူရရှိရေး ရန်ပုံငွေ စီမံခန့်ခွဲမှုဆပ်ကော်မတီ

# COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၀ ဦး တွေ့ရှိ

## COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း ၁၄၂,၈၀၀ ရှိ

### (၂၉-၄-၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီ

(၂၈-၄-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၉-၄-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း (၁,၇၈၁) ခုအား စစ်ဆေးပြီးစီးခဲ့ရာ COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် (၁၀) ဦး တွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာ စုစုပေါင်း (၂,၅၇၄,၇၇၃) ခု အား စစ်ဆေးခဲ့ပြီး COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၁၄၂,၈၀၀) ဦး ရှိပြီ ဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ(၃) ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၁၃၁,၉၅၈) ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။

** ပြည်သူလူထုအနေဖြင့် COVID-19 ရောဂါ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ရေးအတွက် -

- နေအိမ်ပြင်ပသို့ သွားရောက်ရန်ရှိပါက ပါးစပ်နှင့် နှာခေါင်းစည်း (Mask) ကို မဖြစ်မနေ စနစ်တကျ တပ်ဆင်ခြင်း၊ လက်ကို မကြာခဏ ဆေးကြောခြင်း၊ တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာ နေထိုင်ခြင်းတို့ကို အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြပါရန်၊
- ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် "ရုံးလုပ်ငန်းဌာနများတွင် COVID-19 ရောဂါကာကွယ်ရန်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်" နှင့် "တစ်ဦးကို တစ်ဦး အသိပေးခြင်း/ သတိပေးခြင်း မိသားစုစီမံချက်" အတိုင်း COVID-19 ရောဂါကာကွယ်ရေးနည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ကို လူတိုင်း၊ မိသားစုတိုင်းမှ တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံပါသည်။

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

**၂၉-၄ -၂၀၂၁ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ**

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | ရောဂါပိုးကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၃၂၉၈၆၀၃၉ | ၂၅၅၈၅၄၂၈ | ၅၈၈၃၆၁ |
| ၂။ | အိန္ဒိယ | ၁၈၅၄၈၈၉၁ | ၁၅၁၈၇၁၈၀ | ၂၀၅၉၄၂ |
| ၃။ | ဘရာဇီး | ၁၄၅၂၃၈၀၇ | ၁၃၀၉၁၇၁၄ | ၃၉၈၃၄၃ |
| ၄။ | ပြင်သစ် | ၅၅၆၅၈၅၂ | ၄၄၇၀၂၇၅ | ၁၀၃၉၁၈ |
| ၅။ | ရုရှား | ၄၇၉၆၅၅၇ | ၄၄၁၉၅၄၀ | ၁၀၉၇၃၁ |
| ၆။ | တူရကီ | ၄၇၅၁၀၂၆ | ၄၂၁၂၄၆၁ | ၃၉၃၉၈ |
| ၇။ | ဗြိတိန် | ၄၄၁၁၇၉၇ | ၄၂၀၆၃၂၇ | ၁၂၇၄၈၀ |
| ၈။ | အီတလီ | ၃၉၉၄၈၉၄ | ၃၄၃၁၈၆၇ | ၁၂၀၂၅၆ |
| ၉။ | စပိန် | ၃၅၀၄၇၉၉ | ၃၁၉၂၉၇၀ | ၇၇၉၄၃ |
| ၁၀။ | ဂျာမနီ | ၃၃၆၀၂၄၃ | ၂၉၇၅၂၀၀ | ၈၃၀၉၆ |

**အာဆီယံနိုင်ငံများမှ COVID-19 ရောဂါ သတင်းထုတ်ပြန်ချက်**
**၂၉ - ၄ - ၂၀၂၁**

| နိုင်ငံ | COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၁၆၆၂၈၆၈ | ၁၅၁၇၄၃၂ | ၄၅၃၃၄ |
| ဖိလစ်ပိုင် | ၁၀၂၈၇၃၈ | ၉၄၂၂၃၉ | ၁၇၁၄၅ |
| မလေးရှား | ၄၀၄၉၂၅ | ၃၇၅၃၄၀ | ၁၄၉၂ |
| မြန်မာ | ၁၄၂၈၀၀ | ၁၃၁၉၅၈ | ၃၂၀၉ |
| ထိုင်း | ၆၃၅၇၀ | ၃၅၃၉၄ | ၁၈၈ |
| စင်ကာပူ | ၆၁၁၂၁ | ၆၀၇၁၈ | ၃၀ |
| ကမ္ဘောဒီးယား | ၁၁၇၆၁ | ၄၆၉၈ | ၈၈ |
| ဗီယက်နမ် | ၂၉၁၀ | ၂၅၁၆ | ၃၅ |
| လာအို | ၆၇၂ | ၅၀ | ၀ |
| ဘရူနိုင်း | ၂၂၄ | ၂၁၅ | ၃ |

# နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေရန်ရည်ရွယ်ချက်ဖြင့် CDM လှုပ်ရှားမှုတွင် ပါဝင်သည့် ပညာရေးဝန်ထမ်းများအား ရာဇသတ်ကြီးဥပဒေပုဒ်မ ၅၀၅-က ဖြင့် အမှုဖွင့်အရေးယူဆောင်ရွက်

နေပြည်တော် ဧပြီ ၂၉

နိုင်ငံတော်၏အုပ်ချုပ်မှုယန္တရားပျက်ပြားစေရန် ရည်ရွယ်ချက်ဖြင့် နိုင်ငံ့ဝန်ထမ်းများနှင့် ပညာရေးဝန်ထမ်းများအား CDM လှုပ်ရှားမှုများတွင် ပါဝင်လာစေရန်လှုံ့ဆော်ခြင်း၊ ၎င်းတို့ကိုယ်တိုင် CDM လှုပ်ရှားမှုများတွင် ပါဝင်လုပ်ဆောင်ခြင်း၊ CDM လှုပ်ရှားမှုအပေါ် ထောက်ခံအားပေးခြင်း၊ CRPH မတရားအသင်းအား ထောက်ခံအားပေးခြင်းတို့ကိုဆောင်ရွက်လျက်ရှိသော အောက်ဖော်ပြပါ ပညာရေးဝန်ထမ်းများအား ရာဇသတ်ကြီး ဥပဒေပုဒ်မ ၅၀၅-က ဖြင့် အမှုဖွင့်အရေးယူဆောင်ရွက်ထားပြီးဖြစ်ပါသည်။

| စဉ် | အမည် | အလုပ်အကိုင် | နေရပ်လိပ်စာ | တရားစွဲဆိုထားသည့်ပုဒ်မ | ဓာတ်ပုံ |
|---|---|---|---|---|---|
| ၁ | ဒေါက်တာ အောင်မွန်သက် | ကထိက၊ မန္တလေးတက္ကသိုလ်၊ မဟာအောင်မြေမြို့နယ်။ | မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။ | ၅၀၅-က |   |
| ၂ | ဦးသန်းထိုက်အောင် | ကထိက၊ ရန်ကုန်အရှေ့ပိုင်း တက္ကသိုလ်၊ သန်လျင်မြို့နယ်။ | ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | ၅၀၅-က |  |
| ၃ | ဦးမြင့်ထွေး | ကထိက၊ တောင်ကြီးတက္ကသိုလ်၊ တောင်ကြီးမြို့။ | တောင်ကြီးမြို့၊ ရှမ်းပြည်နယ်(တောင်ပိုင်း)။ | ၅၀၅-က |  |
| ၄ | ဦးကျော်မင်းထိုက် | ကထိက၊ ဟင်္သာတတက္ကသိုလ်၊ ဟင်္သာတမြို့။ | ဟင်္သာတမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး။ | ၅၀၅-က |  |
| ၅ | ဒေါက်တာ ဦးပု | ကထိက၊ မိတ္ထီလာတက္ကသိုလ်၊ မိတ္ထီလာမြို့။ | မိတ္ထီလာမြို့၊ မန္တလေးတိုင်းဒေသကြီး။ | ၅၀၅-က |  |
| ၆ | ဦးတင်အောင်မိုး | ကထိက၊ ရန်ကုန်တက္ကသိုလ်၊ ကမာရွတ်မြို့နယ်။ | လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | ၅၀၅-က |  |
| ၇ | ဦးသန်းလွင်ဦး | ကထိက၊ ရန်ကုန်တက္ကသိုလ်၊ ကမာရွတ်မြို့နယ်။ | သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | ၅၀၅-က |  |
| ၈ | ဦးဇော်ဇော်အောင် | လက်ထောက်ကထိက၊ တောင်ငူတက္ကသိုလ်၊ တောင်ငူမြို့။ | မင်းလှမြို့၊ ပဲခူးတိုင်းဒေသကြီး။ | ၅၀၅-က |  |
| ၉ | ဒေါက်တာ ဇော်ဇော်ထက် | ဌာနမှူး၊ စီမံ/ဘဏ္ဍာ၊ နည်းပညာတက္ကသိုလ်၊ ဟင်္သာတမြို့။ | ခေတ္တရာမြို့သစ်၊ ပြည်မြို့၊ ပဲခူးတိုင်းဒေသကြီး။ | ၅၀၅-က |  |
| ၁၀ | ဒေါက်တာ သက်သက်အောင် | ဌာနမှူး၊ မိတ္ထီလာတက္ကသိုလ်၊ မိတ္ထီလာမြို့။ | မိတ္ထီလာမြို့၊ မန္တလေးတိုင်းဒေသကြီး။ | ၅၀၅-က |  |



ဦးသန်းထိုက်အောင်(ကထိက၊ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်)မှ CDM ပြုလုပ်သည့် ဝန်ထမ်းများအား ထောက်ပံ့ရေးပစ္စည်းများ ပေးအပ်နေစဉ်



ဦးမြင့်ထွေး(ကထိက၊ တောင်ကြီးတက္ကသိုလ်)မှ ဦးဆောင်၍ ဆန္ဒဖော်ထုတ်နေစဉ်



ဒေါက်တာ အောင်မွန်သက် ( မန္တလေးတက္ကသိုလ် ဆရာ၊ ဆရာမများသမဂ္ဂ)မှ ဦးဆောင်၍ ဆန္ဒဖော်ထုတ်နေစဉ်



ဦးကျော်မင်းထိုက်(ကထိက၊ ဟင်္သာတတက္ကသိုလ်)မှ ဦးဆောင်၍ ဆန္ဒဖော်ထုတ်နေစဉ်

စာမျက်နှာ ၁၇ သို့

စာမျက်နှာ ၁၆ မှ



ဒေါက်တာ ဦးပု(ကထိက၊ သတ္တဗေဒဌာန၊ မိတ္ထီလာတက္ကသိုလ်)မှ ဆန္ဒဖော်ထုတ်နေစဉ်




ဦးဇော်ဇော်အောင်(လက်ထောက်ကထိက၊ တောင်ငူတက္ကသိုလ်)မှ ဦးဆောင်၍ ဆန္ဒဖော်ထုတ်နေစဉ်




ဦးတင်အောင်မိုး(ကထိက၊ ရန်ကုန်တက္ကသိုလ်)၏ CDM ပြုလုပ်သည့် Profile အား တွေ့ရစဉ်



ဒေါက်တာ ဇော်ဇော်ထက်(ဌာနမှူး၊ စီမံ/ဘဏ္ဍာ၊ နည်းပညာတက္ကသိုလ်၊ ဟသ်ာတမြို့)မှ ဆန္ဒဖော်ထုတ်နေစဉ်




ဦးသန်းလွင်ဦး(ကထိက၊ ရန်ကုန်တက္ကသိုလ်)မှ ဦးဆောင်၍ ဆန္ဒဖော်ထုတ်နေစဉ်




ဒေါက်တာ သက်သက်အောင်(ဌာနမှူး၊ မိတ္ထီလာတက္ကသိုလ်)မှ ဦးဆောင်၍ဆန္ဒဖော်ထုတ်နေစဉ်

အဆိုပါ အမှုဖွင့်လှစ်ထားသော ပညာရေးဝန်ထမ်းများအား ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိပြီး ဖော်ပြပါပုဂ္ဂိုလ်များနှင့်စပ်လျဉ်း၍ နီးစပ်ရာရဲစခန်းများသို့ သတင်းပေးပို့ရန်နှင့် လက်ခံထားရှိသူများအားလည်း တရားဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**သတင်းစဉ်**

○ *ကျောဖုံးမှ*

ပိုင်ဆိုင်နိုင်ရေးအတွက် နှစ်သင်းစလုံး အားစိုက်ကစားလာခဲ့သောကြောင့် ပွဲစသည်နှင့် တစ်ပြိုင်နက် အပြန်အလှန် ထိုးဖောက်မှုများဖြင့် ပရိသတ်အကြိုက် ပွဲကောင်းတစ်ပွဲ ဖြစ်ခဲ့သည်။ ပွဲချိန် ၁၅ မိနစ်တွင် ပီအက်စ်ဂျီအသင်း ဦးဆောင်ဂိုးရရှိခဲ့သည်။ အဆိုပါဂိုးကို ဒီမာရီယာ၏ ဖန်တီးပေးမှုမှ တစ်ဆင့် အသင်းခေါင်းဆောင် မာကွင်ဟိုက ခေါင်းတိုက်သွင်းယူပေးနိုင်ခဲ့သည်။ ဦးဆောင်ဂိုးပေးလိုက်ရပြီးနောက် မန်စီးတီးအသင်း ချေပဂိုးရရှိရေးကြိုးစားလာခဲ့သော်လည်း ဂိုးအဖြစ်ပြောင်းလဲနိုင်ခြင်းမရှိသော ကြောင့် ပထမပိုင်းကို ပီအက်စ်ဂျီအသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် ဦးဆောင်နိုင်ခဲ့သည်။ ဒုတိယပိုင်းပြန်လည် စတင်ချိန်တွင် မန်စီးတီးအသင်းသည် ကစားကွက် အပြောင်းအလဲပြုလုပ်ကာ ကန်ဆယ်လို၏ နေရာကို ဇင်ချန်ကိုဖြင့် အစားထိုးခဲ့သည်။ ထို့နောက် မန်စီးတီး အသင်း ကစားအားတက်လာပြီး ပွဲချိန် ၆၁ မိနစ်တွင် ချေပဂိုးရရှိခဲ့သည်။ အဆိုပါ ချေပဂိုးကို လူစားဝင် ကစားသမား ဇင်ချန်ကို၏ ဖန်တီးပေးမှုမှတစ်ဆင့် ဒီဘရိုင်းက သွင်းယူပေးနိုင်ခဲ့သည်။ ကစားအားတက်လာသည့် မန်စီးတီးအသင်း ပွဲချိန် ၇၁ မိနစ်တွင် ဒုတိယဂိုးရရှိခဲ့ပြီး မာရက်ဇ်ကတည်ကန်ဘောမှ သွင်းယူပေးနိုင်ခဲ့သည်။

**အနီကတ်ပြ ထုတ်ပယ်ခံရ**

ပီအက်စ်ဂျီအသင်းမှ ဂွီရီသည် ပွဲချိန် ၇၇ မိနစ်တွင် ကစားပုံကြမ်းတမ်းသောကြောင့် အနီကတ်ပြထုတ်ပယ်ခံခဲ့ရသည်။ ထို့နောက် ပီအက်စ်ဂျီအသင်း လူစားလဲမှုများ ပြုလုပ်လာခဲ့သော်လည်း ပွဲချိန်ပြည့်သည်အထိ လိုအပ်နေသည့်ဂိုးများကို သွင်းယူနိုင်ခြင်း မရှိသောကြောင့် မန်စီးတီးအသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ မန်စီးတီးအသင်းသည် ယနေ့ပွဲစဉ်အဝေးကွင်းတွင် ပီအက်စ်ဂျီအသင်းကို အနိုင်ရရှိခဲ့သောကြောင့် နောက်ဆုံးပြိုင်ပွဲစုံ အဝေးကွင်း ၁၈ ပွဲဆက် နိုင်ပွဲရရှိခဲ့သည်။ အဆိုပါ ၁၈ ပွဲတွင် ရဂိုး ၄၆ ဂိုးရှိပြီး ပေးဂိုးက ကိုးဂိုးသာ ခွင့်ပြုပေးထားရကြောင်း သိရသည်။ ပီအက်စ်ဂျီအသင်းသည် ချန်ပီယံလိဂ်ပြိုင်ပွဲ၌ ပထမပိုင်းတွင် ဦးဆောင်နိုင်ခဲ့ပြီး အရှုံးနှင့်ရင်ဆိုင်ခဲ့ရခြင်းမှာ ၂၀၁၁ ခုနှစ် မတ်လတွင် ဒီပို့တီဗိုအသင်းကို ရှုံးနိမ့်ပြီးနောက်ပိုင်း ပထမဆုံးအကြိမ်ဖြစ်ကြောင်း သိရသည်။

ပီအက်စ်ဂျီအသင်းနှင့် မန်စီးတီးအသင်းတို့၏ ချန်ပီယံလိဂ် ဆီမီးဖိုင်နယ် ဒုတိယအကျော့ ပွဲစဉ်ကို မေ ၅ ရက်တွင် မန်စီးတီးအိမ်ကွင်း၌ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**အောင်ဇော်**

# လူမှုကွန်ရက်အားအသုံးပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုကိုပျက်ပြားစေရန် ရည်ရွယ်ချက်ဖြင့် လှုံ့ဆော်ခဲ့သည့် တက္ကသိုလ်/ကောလိပ်/ကျောင်းများရှိ ကျောင်းသားသမဂ္ဂအဖွဲ့ဝင်များအား ၅၀၅-က ဖြင့် အမှုဖွင့် အရေးယူဆောင်ရွက်

နေပြည်တော် ဧပြီ ၂၉

နိုင်ငံတော်၏အုပ်ချုပ်မှုယန္တရား ပျက်ပြားစေရန် ရည်ရွယ်ချက်ဖြင့် နိုင်ငံ့ဝန်ထမ်းများအား CDM လှုပ်ရှားမှုတွင် ပါဝင်စေရန် လှုံ့ဆော်ခြင်း၊ CRPH မတရားအသင်းအားထောက်ခံသည့် အကြောင်းအရာများ၊ မမှန်သတင်းများအား ဖြန့်ဝေခြင်း၊ နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေပြီး ဆူပူအုံကြွမှုဖြစ်ပေါ်စေရန်နှင့် အများပြည်သူ အထိတ်တလန့်ဖြစ်စေရန်အတွက် သွေးထိုးလှုံ့ဆော်မှုများ ပြုလုပ်ခြင်း၊ Social Punishment ပြုလုပ်ခြင်းများကို လူမှုကွန်ရက်စာမျက်နှာများတွင် ရည်ရွယ်ချက်ရှိရှိ ဖော်ပြခြင်းနှင့် ဖြန့်ဝေခြင်းများ ဆောင်ရွက်လျက်ရှိသည့် အောက်ပါ ကျောင်းသားသမဂ္ဂအဖွဲ့ဝင်များနှင့် အခြားပါဝင်ပတ်သက်သူများအား ရာဇသတ်ကြီး ပုဒ်မ ၅၀၅-က ဖြင့် အမှုဖွင့် အရေးယူဆောင်ရွက်လျက်ရှိကြောင်း ထုတ်ပြန်အပ်ပါသည်။

## လူမှုကွန်ရက်အား အသုံးချ၍ တရားဥပဒေချိုးဖောက်မှုကြောင့် ပုဒ်မ ၅၀၅ – က ဖြင့် အရေးယူထားသည့် ကျောင်းသားသမဂ္ဂ အဖွဲ့ဝင်များ

| စဉ် | အကောင့်အမည် | Profile | နေရပ်လိပ်စာ | တရားစွဲဆိုထားသည့်ပုဒ်မ | ဓာတ်ပုံ |
|---|---|---|---|---|---|
| ၁ | Ko Zay Yar Min https://www.facebook.com/profile.php?id=100056369073505 | ဇေယျာမင်း  | ထားဝယ်မြို့နယ်၊ တနင်္သာရီတိုင်းဒေသကြီး | ၅၀၅-က |  |
| ၂ | Khant Htoo Aung https://www.facebook.com/profile.php?id=100010165603704 | ခန့်ထူးအောင်  | ဇေယျာသီရိမြို့နယ်၊ နေပြည်တော်ကောင်စီနယ်မြေ | ၅၀၅-က |  |
| ၃ | Sithu Aung (Paw Oo) https://www.facebook.com/profile.php?id=100009524918322 | စည်သူအောင်  | ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ၅၀၅-က |  |
| ၄ | Chaw Su San (ဘရိဂျစ်) https://www.facebook.com/chawhsu.san | ချောစုစံ  | ပုသိမ်မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး | ၅၀၅-က |  |
| ၅ | Saw Thiha https://www.facebook.com/saw.thiha.73 | စောသီဟ  | ပြည်မြို့နယ်၊ ပဲခူးတိုင်းဒေသကြီး | ၅၀၅-က |  |
| ၆ | Khant Nyar https://www.facebook.com/khant.nyar.1656 | ခန့်ညား  | ပုသိမ်မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး | ၅၀၅-က |  |
| ၇ | Thaw Lwin Aung https://www.facebook.com/pharonic.mardaygar | သော်လွင်အောင်  | ထားဝယ်မြို့နယ်၊ တနင်္သာရီတိုင်းဒေသကြီး | ၅၀၅-က |  |
| ၈ | U Sein Phyo Han https://www.facebook.com/profile.php?id=100004049720766 | စိန်ဖြိုးဟန်  | တိုက်ကြီးမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ၅၀၅-က |  |
| ၉ | Phyu Phyu Phue Khaing https://www.facebook.com/phue.phue.96199344 | ဖြူဖြူဖူးခိုင်  | မြိတ်မြို့နယ်၊ တနင်္သာရီတိုင်းဒေသကြီး | ၅၀၅-က |  |
| ၁၀ | Alex's Buddy (ကိုကျော်) https://www.facebook.com/alex.kristen.908 | ကျော်ရဲလင်း  | ပေါင်မြို့နယ်၊ မွန်ပြည်နယ် | ၅၀၅-က |  |
| ၁၁ | Kaung Htet San https://www.facebook.com/profile.php?id=100016729277813 | ကောင်းထက်စံ  | ညောင်လေးပင်မြို့နယ်၊ ပဲခူးတိုင်းဒေသကြီး | ၅၀၅-က |  |
| ၁၂ | Nay Myo Naing https://www.facebook.com/profile.php?id=100010707829224 | နေမျိုးနိုင်  | ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ၅၀၅-က |  |
| ၁၃ | Zaw Zaw Lin https://www.facebook.com/profile.php?id=100022872361643 | ဇော်ဇော်လင်း  | မိုးညှင်းမြို့နယ်၊ ကချင်ပြည်နယ် | ၅၀၅-က |  |
| ၁၄ | Zay Ya Htoo Mg https://www.facebook.com/profile.php?id=100024960007361 | ကောင်းဇေယျ  | မြိတ်မြို့နယ်၊ တနင်္သာရီတိုင်းဒေသကြီး | ၅၀၅-က |  |
| ၁၅ | Shin Min Han (သျှင်မင်းဟန်) https://www.facebook.com/profile.php?id=100009558492226 | ဟန်မျိုးထွန်း  | ဘားအံမြို့နယ်၊ ကရင်ပြည်နယ် | ၅၀၅-က |  |
| ၁၆ | Zarni Myat Lynn https://www.facebook.com/people/Zarn-Myat-Lynn/100015934299237/ | ဇာနည်မြတ်လင်း  | တပ်ကုန်းမြို့နယ်၊ နေပြည်တော်ကောင်စီနယ်မြေ | ၅၀၅-က |  |
| ၁၇ | Lvy Yee Mon (Su Yeemon) https://www.facebook.com/su.y.mon.1447 | ဆုရည်မွန်  | ရန်ကုန်တိုင်းဒေသကြီး | ၅၀၅-က |  |
| ၁၈ | Thant Zin Aye https://www.facebook.com/thantzin.aye.5209 | သန့်ဇင်အေး  | မြောင်းမြမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး | ၅၀၅-က |  |
| ၁၉ | သခင်ကိုယ်တော်ဖြိုး https://www.facebook.com/phyomin.khant.921 | ဖြိုးမင်းခန့်(ခ) ဖြိုးကိုကို  | ပေါက်ခေါင်းမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး | ၅၀၅-က |  |
| ၂၀ | Wai Phyo https://www.facebook.com/profile.php?id=100009951275244 | ဝေဖြိုး  | ထားဝယ်မြို့နယ်၊ တနင်္သာရီတိုင်းဒေသကြီး | ၅၀၅-က |  |

အထက်ဖော်ပြပါ ပြစ်မှုကျူးလွန်သူများအား လက်ခံထားရှိသူများကိုလည်း အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ကျန်ရှိနေသည့် ထိုကဲ့သို့ ဆောင်ရွက်နေသူများကိုလည်း ဆက်လက်ထုတ်ပြန်သွားမည် ဖြစ်ပါသည်။

**သတင်းစဉ်**

✪ *ကျောဖုံးမှ*

အပြောင်းအလဲဖြစ်ကာ အကောင်းဆုံးထိုးသတ်နိုင်ခြင်းမရှိခဲ့ပေ။ ဒီရစ်ဒါသည် အချီစတင်ကတည်းက ချုပ်ကွက်ဖြင့် တိုက်စစ်ဆင်ရာ အောင်လအန်ဆန်အနေဖြင့် ချုပ်ကွက်ဖြင့် ပွဲသိမ်းမခံရရန် ရုန်းထွက်နေရသဖြင့် တန်ပြန်ထိုးသတ်နိုင်ခြင်းမရှိဘဲ အမှတ်ဖြင့် ဆုံးဖြတ်ရာတွင် အသာမရဘဲ အရေးနိမ့်ခဲ့ခြင်းဖြစ်သည်။ ဒီရစ်ဒါသည် အောင်လအန်ဆန်နှင့် ပထမအကြိမ်တွေ့ဆုံရာတွင် အနိုင်ယူခဲ့သည့်အတိုင်း ချုပ်ကွက်ဖြင့် အဓိကထိုးသတ်ခဲ့ပြီး ပထမအချီနှင့် ဒုတိယအချီတွင် ပွဲသိမ်းနိုင်သည့်အနေအထား ရှိခဲ့သော်လည်း အောင်လအန်ဆန် ရုန်းထွက်နိုင်ခဲ့သည်။ အောင်လအန်ဆန်အနေဖြင့် ဒီရစ်ဒါ၏ ချုပ်ကွက်ဖြင့် ပွဲသိမ်းမခံရစေရန် စွမ်းဆောင်နိုင်ခဲ့သော်လည်း ထိရောက်သည့်တန်ပြန်တိုက်ခိုက်မှုများ ပြုလုပ်နိုင်ခြင်း မရှိခဲ့ပေ။ ဒီရစ်ဒါသည် အောင်လအန်ဆန်နှင့် တွေ့ဆုံသည့် နှစ်ကြိမ်စလုံး အနိုင်ရခဲ့သဖြင့် အောင်လအန်ဆန်ရယူထားသည့် မစ်ဒယ်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံဆုနှင့် လိုက်ဟဲဗီးဝိတ်တန်း ကမ္ဘာ့ချန်ပီယံဆုတို့ကို လွှဲပြောင်းရယူနိုင်ခဲ့သည်။ အောင်လအန်ဆန်သည် ခြောက်လအတွင်း ၎င်းရရှိထားသည့် ကမ္ဘာ့ချန်ပီယံဆုနှစ်ခုစလုံးအား လက်လွှတ်ခဲ့ရခြင်းဖြစ်သည်။

**ရဲရင့်လွင်**

## ပညာရေးဝန်ကြီးဌာန၊ နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာနရှိ အစိုးရနည်းပညာကောလိပ်နှင့် အစိုးရစက်မှုလက်မှုသိပ္ပံများရှိ A.G.T.I (၃)နှစ် ဒီပလိုမာသင်တန်းများ၏ နောက်ဆုံးနှစ်ဖြစ်သည့် တတိယနှစ်သင်တန်းများနှင့် အစိုးရနည်းပညာအထက်တန်းကျောင်းများ၏ နောက်ဆုံးနှစ်ဖြစ်သည့် ဒုတိယနှစ်သင်တန်းများ စတင်ဖွင့်လှစ်မည်

ပညာရေးဝန်ကြီးဌာန၊ နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာနရှိ အစိုးရနည်းပညာကောလိပ်နှင့် အစိုးရစက်မှုလက်မှုသိပ္ပံများရှိ A.G.T.I (၃)နှစ် ဒီပလိုမာသင်တန်းများ၏ နောက်ဆုံးနှစ်ဖြစ်သည့် တတိယနှစ်သင်တန်းများနှင့် အစိုးရနည်းပညာအထက်တန်းကျောင်းများ၏ နောက်ဆုံးနှစ်ဖြစ်သည့် ဒုတိယနှစ်သင်တန်းများအား (၅-၅-၂၀၂၁) ရက်နေ့မှ စတင်ဖွင့်လှစ်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာနရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များ၌ ၂၀၁၉-၂၀၂၀ ပညာသင်နှစ်တွင် ဖွင့်လှစ်ခဲ့သည့် နောက်ဆုံးနှစ်သင်တန်းများနှင့် မဟာဘွဲ့(ရေးဖြေ) သင်တန်းများ စတင်ဖွင့်လှစ်မည်

ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာနရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များ၌ ၂၀၁၉-၂၀၂၀ ပညာသင်နှစ်တွင် ဖွင့်လှစ်ခဲ့သည့် နောက်ဆုံးနှစ်သင်တန်းများနှင့် မဟာဘွဲ့(ရေးဖြေ) သင်တန်းများအား ၅-၅-၂၀၂၁ ရက်နေ့မှ စတင်ဖွင့်လှစ်မည် ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်




## အသိပေးကြေညာချက်

ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေ (၂၀၁၄)အရ ပြန်ကြားရေးဝန်ကြီးဌာနက တရားဝင်ထုတ်ဝေခွင့်ပြုထားသည့် စာအုပ်စာစောင်များတွင် ပါဝင်ခြင်းမရှိသည့် စာအုပ်စာစောင်အချို့အား ၂၀၂၁ ခုနှစ်၊ ဧပြီလ (၁၁) ရက်ခန့်မှစ၍ တရားမဝင် ထုတ်ဝေဖြန့်ချိနေသည်ကို တွေ့ရှိနေရပါသည်။ ထိုကဲ့သို့ ခွင့်ပြုချက်မရှိဘဲ လုပ်ငန်းဆောင်ရွက်ခြင်းနှင့် ထောက်ပံ့ကူညီခြင်းတို့ ပြုလုပ်ပါက တည်ဆဲဥပဒေနှင့်အညီ မည်သူမဆို အရေးယူခံရမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန
(၁၄-၄-၂၀၂၁)

အမြို့မြို့အနယ်နယ် ပျံ့နှံ့သည့် သတင်းစာ မြန်မာ့အလင်း သတင်းစာတွင် ကြော်ငြာပါ

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၉ - ၄ - ၂၀၂၁

ရွှေ

| | | | | | |
|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၄၃၅၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၃၉၅၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၄၃၅၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၃၉၅၀၀၀ |

စက်သုံးဆီ

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၈၆၀ | ကျပ် | ၉၀၀ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၈၅၀ | ကျပ် | ၉၁၀ | ကျပ် |
| အောက်တိန်း ၉၂ | ၈၈၅ | ကျပ် | ၈၉၀ | ကျပ် |
| အောက်တိန်း ၉၅ | ၉၃၀ | ကျပ် | ၁၀၀၀ | ကျပ် |

(ပြင်ပပေါက်ဈေးဖြစ်ပါသည်)

နိုင်ငံတကာ ငွေကြေးများ

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၄၉၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၆၄၀ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၀၃၀ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၆ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၃၁၉ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၃၁ |

(ပြင်ပပေါက်ဈေးဖြစ်ပါသည်)

စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉၀၀၀ | ၉၀၀၀ | ၅၀ | ၄၅၀၀၀၀ |
| MTSH | ၃၃၀၀ | ၃၃၀၀ | ၄၅၅ | ၁၅၁၉၇၅၀ |
| MCB | ၈၀၀၀ | ၈၀၀၀ | ၆၆ | ၅၂၈၀၀၀ |
| FPB | ၁၉၀၀၀ | ၁၉၀၀၀ | ၁၄၀ | ၂၆၆၀၀၀၀ |
| TMH | ၂၆၅၀ | ၂၆၅၀ | ၁ | ၂၆၅၀ |
| EFR | ၃၀၅၀ | ၃၀၅၀ | ၅ | ၁၅၂၅၀ |

ညီညီ - စုစည်းသည်

မြန်မာ့အလင်း

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | - | ဝင်းကျော် |
| သတင်းထောက်ချုပ် | - | မြင့်ဆွေ |
| စာတည်းများ | - | ကြည်ဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ |
| ဘာသာပြန် စာတည်း | - | ခြူးစန္ဒီနွေး၊ တင်လင်းအောင် |
| အကြီးတန်း သတင်းထောက်များ | - | ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော် |
| အငယ်တန်း သတင်းထောက်များ | - | နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မီမီဖြိုး |
| ဓာတ်ပုံ သတင်းထောက် | - | တင်စိုး |
| သုတေသန | - | အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - | အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - | သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

## တနင်္သာရီတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ မြိတ်မြို့ရှိ ဆန်စက်၊ ရော်ဘာစက်ရုံနှင့် ပုလောမြို့ရှိလမ်းခင်းခြင်းလုပ်ငန်း စစ်ဆေး

**မြိတ် မေ ၂၉**

တနင်္သာရီတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ဦးတင်အောင်သည် တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေး ကောင်စီဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ မြိတ်ခရိုင်အတွင်း ဆန်ထုတ်လုပ် ဖြန့်ချိလျက်ရှိသော OK ရတနာဆန်စက်နှင့် ရော်ဘာကုန်ချောထုတ်လုပ် တင်ပို့လျက်ရှိသော ဖိုးလမင်းရော်ဘာစက်မှုလုပ်ငန်းကုမ္ပဏီတို့ကို ယမန်နေ့က ကွင်းဆင်းကြည့်ရှုသည်။

တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌနှင့် အဖွဲ့သည် မြိတ်မြို့နယ် ကျောက်ဖျာကျေးရွာရှိ OK ရတနာဆန်စက်သို့ ရောက်ရှိရာ ဆန်စက်ပိုင်ရှင် ဦးထွေးဝေက ဆန်စက်အနေဖြင့် ဒေသခံတောင်သူများအား ဒေသနှင့်ကိုက်ညီသည့် မျိုးစပါးနှင့် အထွက်တိုး မျိုးစပါးများ ဖြန့်ချိဆောင်ရွက်ပေးနေမှု၊ စပါးများ ဝယ်ယူရရှိမှု အခြေအနေ၊ ဆန်စက်မှ မြိတ်ခရိုင်အတွင်း ဆန်ထုတ်လုပ်ဖြန့်ချိနေမှုများကို ရှင်းလင်းတင်ပြပြီး ဆန်စက်လည်ပတ် ဆောင်ရွက်နေမှု အခြေအနေ၊ စပါးများ အခြောက်ခံစက်ဖြင့် အခြောက်ခံပြီး သိုလှောင်ထားရှိမှု အခြေအနေ၊ စပါးခွံဖြင့် လျှပ်စစ်ထုတ်လုပ်၍ ဆန်စက်အတွင်း အသုံးပြုနေမှုများကို လိုက်လံပြသရာ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌနှင့်အဖွဲ့က ကြည့်ရှုကြသည်။

ဆက်လက်၍ ပင်းအိုကျေးရွာအုပ်စု ငါးအင်းကျေးရွာရှိ ဖိုးလမင်းရော်ဘာစက်မှုလုပ်ငန်း ကုမ္ပဏီလီမိတက်၏ ခရမ့်ရော်ဘာစက်ရုံသို့ ရောက်ရှိကြရာ စက်ရုံအစည်းအဝေးခန်းမ၌ ကုမ္ပဏီတာဝန်ရှိသူတစ်ဦးက ရော်ဘာကုန်ကြမ်း စုဆောင်းရရှိမှုနှင့် ကုန်ချောထုတ်လုပ်၍ နိုင်ငံခြားသို့ တင်ပို့ဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြသည်။ ယင်းနောက် ခရမ့်ရော်ဘာစက်ရုံအတွင်း ကုန်ချောထုတ်လုပ်နေမှုများကို တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့က ကြည့်ရှုကြသည်။ **(အောက်ပုံ)**

ဖိုးလမင်း ရော်ဘာစက်မှုလုပ်ငန်း ကုမ္ပဏီလီမိတက် ခရမ့်ရော်ဘာ စက်ရုံမှ ရော်ဘာကုန်ချောအနေဖြင့် တစ်လလျှင် တန် ၁၃၅၀ ထုတ်လုပ်၍ တရုတ်နိုင်ငံ၊ မလေးရှား နိုင်ငံ၊ စင်ကာပူနိုင်ငံသို့ တင်ပို့လျက်ရှိကြောင်း၊ မြိတ်ခရိုင်တွင် ရော်ဘာ စိုက်ဧက စုစုပေါင်း ၁၄၆၀၀၀ ကျော်ရှိပြီး ရော်ဘာ ခြံရှင် ၇၀၀ ခန့်ရှိကြောင်း သိရသည်။

ထိုမှတစ်ဆင့် တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌသည် တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေး ကောင်စီဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ဘုရားကြီး-မော်လမြိုင်-ထားဝယ်-မြိတ်လမ်းပိုင်း ၆၈၁ ဒသမ ၈၉၄ ကီလိုမီတာမှ ၆၈၃ ဒသမ ၈၉၄ ကီလိုမီတာအကြား ၂ ကီလိုမီတာကို ပုလောမြို့နယ် လမ်းဦးစီးဌာနမှ ကတ္တရာ ကွန်ကရစ် AC လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုများကို စစ်ဆေးကြသည်။ အဆိုပါလမ်းပိုင်းကို တိုင်းဒေသကြီး ရန်ပုံငွေကျပ် ၇၈၆ သန်းဖြင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**





## ရှမ်းပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့မှ သာသနာပြုကျောင်းများအား ဆွမ်းဆန်တော် လှူဒါန်း

**ကျိုင်းတုံ မေ ၂၉**

ရှမ်းပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဒေါက်တာကျော်ထွန်း၊ တြိဂံဒေသတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မျိုးမင်းထွန်း၊ ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ပြည်နယ်အဆင့် တာဝန်ရှိသူတို့သည် မေ ၂၆ ရက်က သာသနာ့ဗိမာန်သို့ သွားရောက်ကာ ကျိုင်းတုံမြို့ပေါ်ရှိ စာသင်တိုက်များ၊ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများနှင့် သာသနာပြုကျောင်းများသို့ ဆွမ်းဆန်တော် လှူဒါန်းပေးကြကြောင်း သိရသည်။

ဆက်လက်၍ ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ် မျိုးမင်းထွန်းနှင့် ပြည်နယ်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင်များ၊ တာဝန်ရှိသူများသည် ကျိုင်းတုံမြို့တော်ခန်းမ၌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း) အတွင်းရှိ စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများအား ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် ထောက်ပံ့ကြေးငွေများ ပေးအပ်ခြင်းအခမ်းအနား တက်ရောက်ကာ ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက အမှာစကားပြောကြားပြီး ပြည်နယ် စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ၊ တြိဂံဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူးတို့က စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများသို့ ထောက်ပံ့ငွေများ ပေးအပ်ရာ စေတနာ့ဝန်ထမ်းအဖွဲ့များ လက်ခံယူပြီး ဂေဟာအုပ်ချုပ်ရေးမှူးတစ်ဦးက ကျေးဇူးတင်စကားပြန်လည် ပြောကြားကြောင်း သိရသည်။

ထို့နောက် ယန်းလှဝက်မွေးမြူရေးခြံနှင့် ယန်းလောတွင် ဦးစိုင်းရီတစ်၊ ဦးရီမုန့်၊ ဒေါ်နန်းရှန်အင်း စိုက်ပျိုးထားသည့် နွေစပါး၊ ရွှေရင်အေးစပါး မြေဩဇာကြဲပက်ခြင်းနှင့် မျိုးကွဲနုတ်ပယ်ခြင်း သရုပ်ပြသမှုကို ကြည့်ရှု၍ ကျိုင်းတုံရေတံခွန်သို့ သွားရောက်ကာ ရေတံခွန်အနီးတစ်ဝိုက်တွင် စိုက်ပျိုးဖြစ်ထွန်းအောင်မြင်နေသော သခွားမွေးခြံ၊ စပျစ်ခြံတို့ကို ကြည့်ရှုပြီး ကျိုင်းတုံရေ တံခွန်သို့ သွားရောက် လေ့လာကြကြောင်း သိရသည်။

**မောင်မောင်သန်း (တောင်ကြီး)**

## မကွေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ခရိုင် / မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့နှင့် တွေ့ဆုံ

**သရက် မေ ၂၉**

မကွေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ဦးတင့်လွင်သည် အဖွဲ့ဝင်များနှင့်အတူ ခရိုင်/ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၊ ခရိုင်/ မြို့နယ်ဌာနဆိုင်ရာများ၊ ရပ်ကွက်/ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် တွေ့ဆုံပွဲအခမ်းအနားကို မေ ၂၇ ရက်က သရက်မြို့တေဇ အားကစားခန်းမ၌ ကျင်းပသည်။

### ကျေးရွာအုပ်ချုပ်ရေးမှူးများက တင်ပြ

အခမ်းအနားတွင် တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌက အမှာစကားပြောကြားပြီး မြစကိုင်းကျေးရွာ အုပ်ချုပ်ရေးမှူး ဦးအောင်မြင့်ကျော်က မိမိတို့ရွာတွင် လျှပ်စစ်မီးမရရှိသေးခြင်းနှင့် လယ်မြေများ မိုးရေရရှိနိုင်စေရန် ရေမြောင်းတူးဖော်ပေးရေး၊ ညောင်ရွာငယ်ကျေးရွာနှင့် ကြာကန်ကျေးရွာအုပ်ချုပ်ရေးမှူးက မြန်မာ့မီးရထားလမ်းဖောက်လုပ်မှုကြောင့် ရေတိုက်စားမှုဖြစ်ပြီး ရေရရှိမှုမရှိသည့် လယ်ယာမြေများအတွက် ရေမြောင်း ပြန်လည်ဖောက်လုပ်ပေးရန် တင်ပြသည်။

ထို့နောက် အလတ်လယ်ကျေးရွာအုပ်ချုပ်ရေးမှူးက မိမိတို့ကျေးရွာ စာသင်ကျောင်းအတွက် ဆရာလိုအပ်ချက် ရှိနေခြင်းကို ဖြည့်ဆည်းပေးရန် တင်ပြသည်။




ဆက်လက်၍ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး လှိုင်တင့်က နယ်မြေဒေသ အေးချမ်းသာယာရေးအတွက် မိမိတို့ရဲတပ်ဖွဲ့အနေဖြင့် လုံခြုံရေးဆောင်ရွက်လျက်ရှိရာ မကွေးတိုင်း ဒေသကြီးသည် အခြား တိုင်းဒေသကြီးများနှင့်စာလျှင် တည်ငြိမ်အေးချမ်းလျက်ရှိပြီး သရက်ခရိုင်သည် ထိခိုက်နစ်နာမှု အနည်းဆုံးဖြစ်သဖြင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ဆက်လက်၍ ကူညီဆောင်ရွက်သွားကြရန်နှင့် CDM ဝန်ထမ်းများကိုလည်း အလုပ်ပြန်လည်ဝင်ရောက်ရန် ယခုလကုန်အထိ အချိန်ပေးထားကြောင်း ပြောကြားသည်။

### ပန်းခင်းစီမံချက်

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးကျော်ကျော်က သရက်မြို့နယ်၏ ဒေသန္တရ အခြေအနေများကို တင်ပြပြီး တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌက မိမိတို့တာဝန်ထမ်းဆောင်သည့်ကာလအတွင်း ကျေးရွာများ၏ ဖွံ့ဖြိုးတိုးတက်ရေး၊ တည်ငြိမ်အေးချမ်းရေးကို အဓိကထား၍ ဆောင်ရွက်လျက်ရှိရာ ရပ်ကွက်၊ ကျေးရွာ အုပ်ချုပ်ရေးမှူးများက ကူညီဆောင်ရွက်ပေးရန်လိုအပ်ကြောင်း၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနမှ ပန်းခင်းစီမံချက်ဖြင့် မှတ်ပုံတင်စာရင်းများ ပြုစုတော့မည်ဖြစ်သဖြင့် ရပ်ကွက်၊ ကျေးရွာ အုပ်ချုပ်ရေးမှူးများ၊ စာရေးများက ပူးပေါင်းဆောင်ရွက်ပေးကြစေလိုကြောင်း၊ ညှဲ့စာရင်းဥပဒေ ပြဋ္ဌာန်းပြီးဖြစ်၍ ဥပဒေနှင့်အညီ လိုက်နာကြစေလိုကြောင်း နိုင်ငံ့ဝန်ထမ်းများအနေဖြင့် နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေနှင့်အညီ တာဝန်ထမ်းဆောင်ကြစေလိုကြောင်း ပြောကြားသည်။

**ဇော်ဝမ်းထွန်း (အောင်လံ)**

# ပဲခူးတိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ပြည်မြို့နယ်အတွင်း တောင်သူအကျိုးပြုလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**ပဲခူး မေ ၂၉**

ပဲခူးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ဦးမျိုးဆွေဝင်းနှင့် ကောင်စီအဖွဲ့များ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများသည် ယမန်နေ့က ပြည်မြို့ ခုတင် ၅၀၀ ဆံ့ ပြည်သူ့ဆေးရုံသို့ ရောက်ရှိရာ ဆေးရုံဝင်းအတွင်း သံကူကွန်ကရစ် ငါးထပ် အထွေထွေရောဂါကု ဆေးရုံ အဆောက်အအုံသစ် ဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ကျန်းမာရေး ဝန်ထမ်းများအား တွေ့ဆုံ၍ လိုအပ်သော ကျန်းမာရေး စောင့်ရှောက်မှု အခြေအနေများ လမ်းညွှန်မှာကြားကာ ဆေးရုံတက်ရောက်ကုသနေသည့် လူနာများအား လိုက်လံကြည့်ရှု အားပေးစကားပြောကြားသည်။



ထို့နောက် တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌနှင့်အဖွဲ့သည် ဇီးအုပ်ကျေးရွာအုပ်စုအတွင်းရှိ တောင်သူလယ်သမား သင်တန်းကျောင်းသို့ ရောက်ရှိပြီး ဒေသခံတောင်သူလယ်သမားများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံကာ တောင်သူများအတွက် နွေစပါးစိုက်ပျိုးရန် ရေလိုအပ်ချက်ကို သက်ဆိုင်ရာ ဌာနဆိုင်ရာများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးကာ တက်ရောက်လာသည့် ဒေသခံတောင်သူများအား ဟင်းသီးဟင်းရွက် ၁၀ မျိုးပါ သီးနှံမျိုးစေ့ကို အခမဲ့ဖြန့်ဝေပေးသည်။ (ဓါတ်ပုံ) ယင်းနောက် သင်တန်းကျောင်းအတွင်းရှိ စာသင်ခန်းမ၊ အိပ်ဆောင်၊ ထမင်းစားဆောင်နှင့် စပါး၊ ငါး၊ ဝက်၊ ကြက်၊ ဘဲ ဘက်စုံ စိုက်ပျိုးမွေးမြူရေး စုပေါင်းလယ်ယာစနစ် ဆောင်ရွက်နေမှုကို ကွင်းဆင်းစစ်ဆေးသည်။

ယင်းနောက် တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌနှင့်အဖွဲ့သည် ပြည်မြို့ ကြည်သာအေးမြဘုန်းတော်ကြီးကျောင်း၊ ကျောင်းထိုင်ဆရာတော် ဘဒ္ဒန္တကောသလ္လနှင့် ခမ္မသိဂီမင်းကျောင်းတိုက် ကျောင်းထိုင်ဆရာတော် ဒေါက်တာ ဘဒ္ဒန္တပညာစက္ကတို့အား သွားရောက်ဖူးမြော်ကန်တော့ကာ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ မွန်းလွဲပိုင်း၌ ပြည်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ရုံး၌ ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် တွေ့ဆုံပြီး နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီက ရှေ့ဆက်ဆောင်ရွက်မည့် ရှေ့လုပ်ငန်းစဉ် (၅)ရပ်၊ နိုင်ငံ့ဝန်ထမ်း တစ်ဦးချင်းစီ သိရှိလိုက်နာရမည့် အခြေခံအချက်အလက်များ ရှင်းလင်းပြောကြားပြီး တက်ရောက်လာသည့် ခရိုင်/မြို့နယ် အဆင့် ဌာနဆိုင်ရာများက ကဏ္ဍအလိုက် လုပ်ငန်းဆောင်ရွက်မှု အခြေအနေများအား ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေး ကောင်စီ ဥက္ကဋ္ဌက လိုအပ်သည်များ ဖြည့်စွက်လမ်းညွှန်မှာကြားသည်။

ထို့နောက် ပြည်ခရိုင် ပန်းတောင်းမြို့နယ်ရှိ ဆုတောင်းပြည့် ရေးဟောင်းရွှေဘုံသာမုနိ စေတီတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ပြီး အလှူငွေများ ဆက်ကပ်လှူဒါန်းကာ နဝဒေးတံတား ချဉ်းကပ်လမ်း ပြည်ဘက်ကမ်း ကတ္တရာကွန်ကရစ် AC ခင်းခြင်းလုပ်ငန်းကို ကွင်းဆင်းစစ်ဆေးကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**

# ဧရာဝတီတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ဝါဝါဝင်း (စိုက်ပျိုးမွေးမြူရေး)ကုမ္ပဏီသို့ သွားရောက်ကြည့်ရှု

**ညောင်တုန်း မေ ၂၉**

ဧရာဝတီတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ဦးရဲမြင့်နှင့်အဖွဲ့သည် မေ ၂၆ရက်က ညောင်တုန်းမြို့နယ် ကျွန်းဦးကျေးရွာအုပ်စု ခတ္တိယကျေးရွာရှိ ဝါဝါဝင်း (စိုက်ပျိုးမွေးမြူရေး) ကုမ္ပဏီသို့ သွားရောက် ကြည့်ရှုသည်။

ထို့နောက် ကုမ္ပဏီပိုင်ရှင် ဦးရွှေကြိုင်က ကုမ္ပဏီ၏ ရည်ရွယ်ချက်၊ လုပ်ငန်းဆောင်ရွက်ချက်များနှင့် ဆက်လက်အကောင်အထည်ဖော် ဆောင်နေသည့် လုပ်ငန်းများကို ရှင်းလင်းဆွေးနွေးရာ တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက လိုအပ်သည်များ မှာကြားပြီး ကုမ္ပဏီမှ ထုတ်လုပ်သည့် မွေးမြူရေး ခြံထွက်ထုတ်ကုန်များနှင့် ကုမ္ပဏီအတွင်းရှိ အအေးခန်းစက်ရုံ နို့ပေါင်းခန်း၊ နွားမွေးမြူရေးခြံများနှင့် ငါးမွေးမြူရေးကန်များကို လိုက်လံကြည့်ရှုရာ တာဝန်ရှိသူများက ရှင်းလင်းပြသကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**





# ချင်းပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ကိုဗစ်-၁၉ ကာကွယ်ဆေး ဒုတိယအကြိမ်ထိုးနှံမှု ကြည့်ရှုအားပေး

**ဟားခါး မေ ၂၉**

ချင်းပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီမှ ဦးဆောင်ပြုလုပ်သည့် သံဃာတော်များ၊ ဘာသာရေးခေါင်းဆောင်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိသားစုဝင်များ၊ အသက်(၆၀)နှင့် အထက်ရှိသူများအား ဒုတိယအကြိမ် ကိုဗစ်-၁၉ ကာကွယ်ဆေး ဒုတိယနေ့ဆက်လက်ထိုးနှံပေးခြင်းကို ယမန်နေ့က ဟားခါးမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးမှုကို ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ဦးငွန်ဆန်းအောင်၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်မျိုးထွဋ်လှိုင်နှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးကြသည်။

ချင်းပြည်နယ်အတွင်း မြို့နယ်များရှိ သံဃာတော်များ၊ သီလရှင်များ၊ ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာဝန်ထမ်းများနှင့် မိသားစုဝင်များ၊ အသက်(၆၀)နှစ်နှင့် အထက်ရှိသူများအား ပထမအကြိမ် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေးခြင်းကို မတ် ၃၀ရက်နှင့် မတ် ၃၁ရက်တို့တွင် ဆောင်ရွက်ပေးခဲ့ပြီး ပထမအကြိမ်ထိုးနှံပြီးသူများအား ဒုတိယအကြိမ် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေးခြင်းကို မေ ၂၇ ရက်နှင့် ၂၈ ရက်တို့တွင် ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ပုလောမြို့နယ်၌ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ကျေးရွာ ၁၀ရွာ ရွေးချယ်

**ပုလော မေ ၂၉**

ပုလောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် ကျေးရွာ ၁၀ ရွာ ရွေးချယ်ခြင်း အခမ်းအနားကို မေ ၂၇ ရက်က မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ထိုသို့ ရွေးချယ်ရာ၌ ကျေးလက်ပြည်သူများ ကိုယ်တိုင် ကျေးရွာ၏ ပကတိလိုအပ်ချက်များကို ဖော်ထုတ်ပြီး ဦးစားပေး အစီအစဉ်အလိုက် စီမံချက်များ ရေးဆွဲကာ ကျေးရွာများ၏ ဦးစားပေး စီမံချက်များအပေါ် အခြေခံ၍ နှစ်စဉ် ရန်ပုံငွေများ လျာထားပြီး ကျေးရွာတစ်ရွာလျှင် ငွေကျပ်သိန်း ၁၀၀ စီ ထောက်ပံ့ပေးခြင်းဖြစ်ကြောင်း မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးလမင်းချစ်ကိုက ပြောသည်။

ပုလောမြို့နယ်တွင် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းကို ၂၀၁၅-၂၀၁၆ ခုနှစ်မှ စတင်၍ ကျေးရွာ ၅၅ ရွာကို ဆောင်ရွက်နိုင်ခဲ့ပြီး ယခုနှစ် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် ဂက်တိုး၊ ကျောက်သဘော်၊ ကပတောင်ကြီး၊ သမုတ်တော၊ အုန်းတော၊ မကျည်းကုန်း၊ အင်းမ၊ ဖောင်းတော၊ မှော်ဖျား၊ ညောင်ရှင် ကုန်းကျေးရွာ ၁၀ ရွာကို တစ်ရွာလျှင် ငွေကျပ် သိန်း ၁၀၀ ဖြင့် ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများကို ဆောင်ရွက်နိုင်ပေးမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေရန် ရည်ရွယ်ချက်ဖြင့် CDM လှုပ်ရှားမှုတွင် ပါဝင်သည့် ဆရာဝန်များအား ရာဇသတ်ကြီးပုဒ်မ ၅၀၅-က ဖြင့် အမှုဖွင့်အရေးယူဆောင်ရွက်

**နေပြည်တော် ဧပြီ ၂၉**

နိုင်ငံတော်၏ အုပ်ချုပ်မှုယန္တရားပျက်ပြားစေရန် ရည်ရွယ်ချက်ဖြင့် နိုင်ငံ့ဝန်ထမ်းနှင့် ကျန်းမာရေးဝန်ထမ်းများအား CDM လှုပ်ရှားမှုများတွင် ပါဝင်လာစေရန် လှုံ့ဆော်ခြင်း၊ ၎င်းတို့ကိုယ်တိုင် CDM လှုပ်ရှားမှုများတွင် ပါဝင်လုပ်ဆောင်ခြင်း၊ CDM လှုပ်ရှားမှုအပေါ် ထောက်ခံအားပေးခြင်း၊ CRPH မတရားအသင်းအား ထောက်ခံအားပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည့် အောက်ဖော်ပြပါ ဆရာဝန်များအား ရာဇသတ်ကြီးပုဒ်မ ၅၀၅-က ဖြင့် အမှုဖွင့်အရေးယူဆောင်ရွက်ထားပြီး ဖြစ်ပါသည်။

| စဉ် | အမည် | ဆေးရုံအမည် | နေရပ်လိပ်စာ | တရားစွဲဆိုထားသည့်ပုဒ်မ | ဓာတ်ပုံ |
|---|---|---|---|---|---|
| ၁ | ဒေါက်တာ ကောင်းမြတ် (ဆေးရုံအုပ်ကြီး) | ညောင်ရွှေ ပြည်သူ့ဆေးရုံ | ညောင်ရွှေမြို့၊ ရှမ်းပြည်နယ်(တောင်ပိုင်း)။ | ၅၀၅-က |  |
| ၂ | ဒေါက်တာ အေးသီတာထွန်း (လ/ထ ဆရာဝန်) | ရွှေကူ ပြည်သူ့ဆေးရုံ | မြစ်ကြီးနားမြို့၊ ကချင်ပြည်နယ်။ | ၅၀၅-က |  |
| ၃ | ဒေါက်တာ ကျော်ဇင်ထွန်း (လ/ထ ဆရာဝန်) | ဘိုကုန်း တိုက်နယ်ဆေးရုံ | ရွှေကူမြို့၊ ကချင်ပြည်နယ်။ | ၅၀၅-က |  |
| ၄ | ဒေါက်တာ ဇင်ဘိုဦး (လ/ထ ဆရာဝန်) | ကျုံကဒတ် တိုက်နယ်ဆေးရုံ | သံဖြူဇရပ်မြို့၊ မွန်ပြည်နယ်။ | ၅၀၅-က |  |
| ၅ | ဒေါက်တာ ခန့်ကိုကိုဇော် (လ/ထ ဆရာဝန်) | မြဝတီ ပြည်သူ့ဆေးရုံ | မြဝတီမြို့၊ ကရင်ပြည်နယ်။ | ၅၀၅-က |  |
| ၆ | ဒေါက်တာ ဝေယံဦး (လ/ထ ဆရာဝန်) | ကသာ ပြည်သူ့ဆေးရုံ | ကသာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး။ | ၅၀၅-က |  |
| ၇ | ဒေါက်တာ အေးစန္ဒာထွန်း (လ/ထ ဆရာဝန်) | ကသာ ပြည်သူ့ဆေးရုံ | ကသာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး။ | ၅၀၅-က |  |
| ၈ | ဒေါက်တာ အေးချမ်းမောင်မောင် (လ/ထ ဆရာဝန်) | ကျိုင်းတုံ ပြည်သူ့ဆေးရုံကြီး | ကျိုင်းတုံမြို့၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)။ | ၅၀၅-က |  |
| ၉ | ဒေါက်တာ မိုးလွင် (အထူးကု) | ရွှေဘို ပြည်သူ့ဆေးရုံ | ရွှေဘိုမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး။ | ၅၀၅-က |  |
| ၁၀ | ဒေါက်တာ မြင့်ထွေး (အထူးကု) | ရွှေဘို ပြည်သူ့ဆေးရုံ | ရွှေဘိုမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး။ | ၅၀၅-က |  |

ဖော်ပြပါ ဆရာဝန်များအနက် ကျိုင်းတုံပြည်သူ့ဆေးရုံကြီးမှ ဒေါက်တာအေးချမ်းမောင်မောင် (လ/ထ ဆရာဝန်)သည် “စေတနာ”ဆေးရုံ၌ လည်းကောင်း၊ ရွှေဘိုပြည်သူ့ဆေးရုံမှ ဒေါက်တာ မိုးလွင်(အထူးကု)နှင့် ဒေါက်တာမြင့်ထွေး (အထူးကု)တို့သည် “မေခ” ဆေးရုံ၌ လည်းကောင်း တာဝန်ကျရာ ဆေးရုံများတွင် ကုသခြင်းမပြုဘဲ CDM ပြုလုပ်၍ ပြင်ပပုဂ္ဂလိက ဆေးရုံ/ဆေးခန်းများတွင် သွားရောက်ကုသလျက်ရှိကြောင်း မှတ်တမ်းဓာတ်ပုံများနှင့်အတူ အောက်ပါအတိုင်း စိစစ်တွေ့ရှိရပါသည်။



ဒေါက်တာ အေးချမ်းမောင်မောင် (လက်ထောက်ဆရာဝန်၊ ကျိုင်းတုံပြည်သူ့ဆေးရုံကြီး)အား ဆေးကုသခွင့်ပေးထားသည့် “စေတနာ”ဆေးရုံ မှတ်တမ်းဓာတ်ပုံ



ဒေါက်တာ အေးချမ်းမောင်မောင်



ဒေါက်တာ မိုးလွင်နှင့် ဒေါက်တာ မြင့်ထွေး(အထူးကု၊ ရွှေဘိုပြည်သူ့ဆေးရုံ)တို့အား ဆေးကုသခွင့်ပေးထားသည့် “မေခ”ဆေးရုံမှတ်တမ်းဓာတ်ပုံ



ဒေါက်တာ မိုးလွင်



ဒေါက်တာ မြင့်ထွေး

အဆိုပါအမှုဖွင့်လှစ်ထားသော ဆရာဝန်များအား ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိရာ လက်ခံထားသူများအား တရားဥပဒေအရ အရေးယူဆောင်ရွက်သွားမည့်အပြင် ၎င်းတို့ကိုလက်ခံ၍ ဆေးကုသခွင့်ပေးထားသည့် ပြင်ပပုဂ္ဂလိက ဆေးရုံ/ဆေးခန်းများကိုလည်း လုပ်ငန်းလိုင်စင် ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း၊ ဆေးရုံ/ဆေးခန်းပိုင်ရှင်များကိုလည်း တရားဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် မည်သည့်ကျန်းမာရေးဝန်ထမ်းမဆို တာဝန်ကျရာ ဆေးရုံများ၌ CDM လှုပ်ရှားမှုတွင် ပါဝင်ကာ မူလတာဝန်များထမ်းဆောင်ခြင်းမရှိဘဲ အခြားပြင်ပပုဂ္ဂလိက ဆေးရုံ/ဆေးခန်းများသို့ သွားရောက်၍ အခကြေးငွေရယူ ဆေးကုသခြင်း၊ ကူညီလုပ်ဆောင်ခြင်းများ ပြုလုပ်ပါက တရားဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အဆိုပါ ဆရာဝန်များနှင့် ကျန်းမာရေးဝန်ထမ်းများအား လက်ခံထားသည့် ပုဂ္ဂလိက ဆေးရုံ/ ဆေးခန်းပိုင်ရှင်များအား CDM လှုပ်ရှားမှု၌ ပါဝင်သူများကို ထောက်ခံအားပေးခြင်းအရ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**သတင်းစဉ်**

# စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့နှင့် ဒီပဲယင်းမြို့များရှိ ဆူပူအကြမ်းဖက်သူများက ၎င်းတို့၏ နောက်ကွယ်မှ သွေးထိုးလှုံ့ဆော်မှုများအပေါ် အခြေခံ၍ အေးချမ်းစွာနေထိုင်သော ပြည်သူလူထုနေအိမ်များအား အကြမ်းဖက်မှုများ လုပ်ဆောင်ခဲ့မှုကြောင့် အမျိုးသားနှစ်ဦး သေဆုံးကာ အမျိုးသားခြောက်ဦးနှင့် အမျိုးသမီးတစ်ဦး ထိခိုက်ဒဏ်ရာရရှိ

နေပြည်တော် မေ ၂၉

**စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့နှင့် ဒီပဲယင်းမြို့များရှိ ဆူပူအကြမ်းဖက်သူများက ၎င်းတို့၏နောက်ကွယ်မှ သွေးထိုးလှုံ့ဆော်မှုများအပေါ် အခြေခံ၍ အေးချမ်းစွာနေထိုင်သော ပြည်သူလူထုနေအိမ်များအား အကြမ်းဖက်မှုများ လုပ်ဆောင်ခဲ့မှုကြောင့် အမျိုးသားနှစ်ဦးသေဆုံးကာ အမျိုးသားခြောက်ဦးနှင့် အမျိုးသမီးတစ်ဦးတို့ ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။**



အခင်းဖြစ်ပွားသည့်နေရာပြမြေပုံ။

ဖြစ်စဉ်မှာ မေ ၂၈ ရက် မွန်းလွဲ ၁၂ နာရီခွဲတွင် ဒီပဲယင်းမြို့နယ် ဘုရားထွက်ကျေးရွာနေ ပြည့်ဖြိုးအောင် (၃၇နှစ်) (ဘ) ဦးထွန်းနှင့် သူငယ်ချင်းဖြစ်သူ အောင်ဖြိုးတို့ နှစ်ဦးသည် ၎င်းတို့၏ လုပ်ငန်းခွင်မှ နေအိမ်သို့ပြန်လာစဉ် ဆပ်ပြာကျင်းကျေးရွာအနီး အရောက် အဆိုပါကျေးရွာမှ ဦးဆောင်သူ (စိစစ်ဆဲ) ဆူပူအကြမ်းဖက်သူ အင်အား ၂၀ ခန့်သည် ပြည့်ဖြိုးအောင်တို့နှစ်ဦးအား "ဒလန်"ဟု ပြောဆိုကာ ဓား၊ ဂျင်ကလိများဖြင့် ဝိုင်းဝန်းထိုးခုတ် ပစ်ခတ်ခဲ့သဖြင့် ပြည့်ဖြိုးအောင်တွင် နဖူး၊ လည်ကုပ်နှင့် လက်ဖျံတို့တွင် ပြတ်ရှ၊ ဂျင်ကလိစိုက်ဝင် ဒဏ်ရာများ ရရှိခဲ့သဖြင့် မုံရွာမြို့ရှိ တပ်မတော်ဆေးရုံသို့ ပို့ဆောင်ထားရှိခဲ့ပြီး ၎င်း၏ သူငယ်ချင်းဖြစ်သူ အောင်ဖြိုးမှာ အခင်းဖြစ်နေရာမှ ထွက်ပြေးတိမ်းရှောင်လျက်ရှိသဖြင့် လိုအပ်သော ကူညီစောင့်ရှောက်မှုများ ပေးနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုက်လံရှာဖွေလျက်ရှိကြောင်း သိရသည်။

အလားတူ ည ၇ နာရီ ၅ မိနစ်တွင် ရွှေဘိုမြို့နယ် သီးလုံးကျေးရွာ၌ ၎င်းကျေးရွာနေ ထွန်းလွင်နှင့် ဇော်ဖုန်းနိုင်တို့နှစ်ဦး ဦးဆောင်သော ဆူပူအကြမ်းဖက်သူအင်အား ၈၀ ခန့်သည် အဆိုပါကျေးရွာနေ ဦးသွပ်ကြီး (၆၀ နှစ်) (ဘ) ဦးဖိုးပိန်၏ နေအိမ်ရက်ကန်းရုံအတွင်းသို့ တုတ်၊ ဓား၊ ဂျင်ကလိများ ကိုင်ဆောင်ရောက်ရှိလာကာ ရက်ကန်းရုံအတွင်းရှိ လူများအား "ဒလန်"ဟု စွပ်စွဲပြောဆိုကာ ဝိုင်းဝန်းရိုက်နှက် ထိုးခုတ်ခြင်းများ ပြုလုပ်ခဲ့သဖြင့် ဦးသွပ်ကြီးနှင့် ၎င်း၏သားဖြစ်သူ မျိုးသန်း (၃၀နှစ်) တို့ နှစ်ဦးတွင် ထိုးသွင်း၊ ပြတ်ရှဒဏ်ရာများဖြင့် သေဆုံးခဲ့ပြီး ဦးချစ်ကို (၄၅နှစ်) (ဘ) ဦးပန်းဌေး ပါ အမျိုးသားငါးဦးနှင့် အမျိုးသမီးတစ်ဦးတို့တွင် ထိုးသွင်း၊ ပြတ်ရှဒဏ်ရာများ ရရှိခဲ့သဖြင့် ဆေးဝါးကုသမှုခံယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက ရွှေဘိုမြို့ ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ထားရှိကြောင်း သိရသည်။

အထက်ပါ ဆူပူအကြမ်းဖက်မှုဖြစ်စဉ်များတွင် ဦးဆောင်သူများနှင့် ပူးပေါင်းပါဝင် ပတ်သက်သူများကို စုံစမ်းဖော်ထုတ်၍ ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

(၂၄)နာရီ HELP LINE ဝန်ဆောင်မှု

အိမ်တွင်းအကြမ်းဖက်မှုအပါအဝင် ကျားမရေးရာအခြေပြု အကြမ်းဖက်မှုဖြစ်ရပ်များ၊ သက်ငယ်မုဒိမ်းဖြစ်ရပ်များ၊ ကလေးသူငယ်များ ၊ ဆယ်ကျော်သက်များ၊ အမျိုးသမီးများ၊ မသန်စွမ်းသူများ၊ သက်ကြီးရွယ်အို တို့နှင့် ပတ်သက်၍ လူမှုရေးနည်းလမ်းအရ ဖြေရှင်းဆောင်ရွက်ပေးရန်လိုအပ်ပါက

- ✓ ကာယကံရှင်ကိုယ်တိုင်သော်လည်းကောင်း၊
- ✓ သိရှိသူ ပြည်သူများမှလည်းကောင်း

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာန၏ Helpline တယ်လီဖုန်းနံပါတ် ၀၆၇-၄၀၄၂၂၂ နှင့် ၀၆၇-၄၀၄၉၉၉** သို့ ယုံကြည်စိတ်ချစွာ ဆက်သွယ်တိုင်ကြားနိုင်ပါသည်။

၀၆၇-၄၀၄၂၂၂၊ ၀၆၇-၄၀၄၉၉၉

TOP SECRET CONFIDENTIAL TOP SECRET

တိုင်ကြားသူများ၏ သတင်းအချက်အလက် မပေါက်ကြားရေးကို အထူးအလေးထား ကာကွယ်ပေးသွားမှာဖြစ်ပြီး တိုင်ကြားမှုများအား လူမှုရေးနည်းလမ်းများဖြင့် ကူညီဖြေရှင်းဆောင်ရွက်ပေးခြင်း၊ လိုအပ်သည်များကို ညွှန်းပို့ချိတ်ဆက်ပေးခြင်းတို့ဖြင့် ဝန်ဆောင်မှုများကို ဖြည့်ဆည်း ဆောင်ရွက်ပေးသွားမှာဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

# တစ်ပြည်လုံးတွင် မိုးဆက်လက် ထစ်ချုန်းရွာနိုင်

နေပြည်တော် မေ ၂၉

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ တစ်ပြည်လုံးတွင် မိုးဆက်လက် ထစ်ချုန်းရွာနိုင်သည်။

မိုး/ဇလ

# မြို့နယ်အချို့၌ ဆူပူအကြမ်းဖက်မှုလုပ်ရပ်များတွင် အသုံးပြုမည့် လက်နက်၊ ပစ္စည်း၊ ကိရိယာများအား လက်ဝယ်ထားရှိသူများနှင့်အတူ ဆက်လက်ဖော်ထုတ်ဖမ်းဆီး

နေပြည်တော် မေ ၂၉

**လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ဆူပူအကြမ်းဖက်မှုလုပ်ရပ်များတွင် အသုံးပြုမည့် လက်နက်၊ ပစ္စည်း၊ ကိရိယာများအား ပြုလုပ်သူ၊ လက်ဝယ်ထားရှိသူများအား ဆက်လက်ဖော်ထုတ်ဖမ်းဆီးလျက်ရှိပါသည်။**

ထိုသို့ဆောင်ရွက်ခဲ့ရာတွင် ၂၀၂၁ ခုနှစ် မေ ၂၈ ရက် နံနက် ၉ နာရီတွင် မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ် အမှတ်(၁၇)ရပ်ကွက်နေသူများဖြစ်သည့် ဒိုးဒိုး(ခ) ဟိန်းထက်နိုင် (၁၇နှစ်) (ဘ)ဦးဇော်ကြီး၊ ရဲမြင့်အောင်(ခ)ကိုရဲ (၄၀နှစ်) (ဘ) ဦးတင်မောင်နှင့် ကုလား(ခ) ကျော်စိုးလွင် (၃၁နှစ်) (ဘ) ဦးမင်းသူတို့အား လက်လုပ်သေနတ် ခြောက်လက်၊ လက်လုပ်မိုင်း တစ်လုံး၊ အချက်ပြမီးကျည် နှစ်တောင့်၊ ဖိုင်ဘာဦးထုပ် ၁၀ လုံးနှင့် အခြားဆက်စပ် ပစ္စည်းများအား လည်းကောင်း၊ နံနက် ၁၀ နာရီတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ရန်ကုန်တိုင်းဒေသကြီး လသာမြို့နယ်အတွင်း လှည့်ကင်းဆောင်ရွက်နေစဉ် အမှတ်(၈) ရပ်ကွက် မဟာဗန္ဓုလလမ်းနှင့် ရွှေတိဂုံဘုရားလမ်းထိပ်အရောက်၌ စိုးမင်းအောင်(ခ)အလီ (၄၆)နှစ် (ဘ)ဦးစိုးဝင်း မောင်းနှင်လာသော YGN 5G/3889 Suzuki Swift ယာဉ်အား ရပ်တန့်စစ်ဆေးခဲ့ရာ အဆိုပါယာဉ်ပေါ်မှ ကန့်မှုန့် ၁၄ ထုပ်၊ ယမ်းစိမ်း သုံးထုပ်နှင့် ဆိုဒါမှုန့် နှစ်ထုပ်တို့အား တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် ဖမ်းဆီးထိန်းသိမ်းခဲ့ကြောင်း သိရသည်။

အလားတူ နံနက် ၁၀ နာရီခွဲတွင် ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ ကျောက်ကြီးစုရပ်ကွက် တိုးချဲ့(၄)လမ်းဘေး၌ ပြုလုပ်ဆဲ လက်လုပ်သေနတ် သုံးလက်၊ ဒိုင်းနှစ်ခု၊ ဒူးလေးတစ်လက်နှင့် ဂျင်ကလိ ရှစ်ချောင်းတို့အား လည်းကောင်း၊ မွန်းလွဲ ၁ နာရီခွဲတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့ ဟိုမွန်ရပ်ကွက် (၄၅)ကုန်း ရပ်ကွက်မီးသတ်စခန်းအနီး၌ ခေတ်ဆီပုလင်းအလုံး ၉၀ နှင့် ဆူပူအကြမ်းဖက်ရာတွင် အသုံးပြုသည့် ပစ္စည်းများအား လည်းကောင်း၊ မွန်းလွဲ ၂ နာရီတွင် ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ ဇိုင်းဂနိုင်းတောင်ပိုင်းရပ်ကွက် ကွက်သစ်(၁)လမ်းနေ နိုင်နိုင်ထက်(၂၆နှစ်) (ဘ)ဦးကျော်ကျော်ဦး၏ လက်လုပ်သေနတ် နှစ်လက်နှင့် ဆက်စပ်ပစ္စည်းများနှင့် ၎င်း၏မိခင်ဖြစ်သူနေထိုင်သော မဇင်းရပ်ကွက်ရှိ စန်းစန်းမော် (၅၀နှစ်) (ဘ) ဦးကြည်တင်၏ နေအိမ်မှ ဆူပူအကြမ်းဖက်ရာတွင် အသုံးပြုသည့် ပစ္စည်းများအား လည်းကောင်း၊ မွန်းလွဲ ၂ နာရီခန့်တွင် ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ် ရိပ်သာလမ်းရှိနေအိမ်၌ ဖြိုးမောင်မောင်ဟိန်း(ဘ) ဦးဇော်ဟိန်း အား လက်လုပ်ဗုံးသုံးလုံး၊ မီးခိုးဗုံးလေးလုံးနှင့် ဆူပူအကြမ်းဖက်ရာတွင် အသုံးပြုသည့် ပစ္စည်းများနှင့်လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး မိုးကုတ်မြို့ ကသဲကျေးရွာအုပ်စု လူးထရပ်နေ ကျော်ဇင်ထွန်း(ခ)ဗိုလ်ထွဋ်(ဘ)ဦးကျော်ဆွေနှင့် ဆူပူအကြမ်းဖက်ရာတွင် ပါဝင်သူ ကိုကိုဦး(ဘ)ဦးစိန်တင်တို့အား ဆူပူအကြမ်းဖက်ရာတွင် အသုံးပြုသည့် ပစ္စည်းများနှင့် လည်းကောင်း၊ ညနေ ၆ နာရီခန့်တွင် ကော့သောင်းမြို့ ရွှေဇင်ယော်ရပ်ကွက်နေ ညွန့်သူရအောင်(ဘ)ဦးညွန့်နိုင်အား ဆူပူအကြမ်းဖက်မှုတွင် အသုံးပြုသည့်ပစ္စည်းများနှင့်လည်းကောင်း အသီးသီးတွေ့ရှိဖမ်းဆီးရမိခဲ့သည်။

အလားတူ ယနေ့နံနက် ၁ နာရီ ၁၅ မိနစ်ခန့်တွင် တောင်ဥက္ကလာပမြို့နယ် (၁၅)ရပ်ကွက် မြင်သာ(၁)လမ်းရှိ နေအိမ်အတွင်းမှ လက်လုပ်သေနတ်တစ်လက်၊ မီးခိုးဗုံး ၁၀ လုံး၊ ဒူးလေးတစ်လက်နှင့် ဆူပူအကြမ်းဖက်ရာတွင် အသုံးပြုသည့်ပစ္စည်းများနှင့် လည်းကောင်း၊ ယနေ့ နံနက် ၃ နာရီ ၁၆ မိနစ်ခန့်တွင် တောင်ဥက္ကလာပမြို့နယ်၊ အမှတ်(၁၀)ရပ်ကွက် ဘယသကြဲန်လမ်းနေ ကျော်ကိုကို(ဘ)ဦးတင်စိုးအား လက်လုပ်ဗုံးတစ်လုံး၊ မြောက်အိုး ရှစ်ခု၊ ဆူပူအကြမ်းဖက်ရာတွင်အသုံးပြုသည့် ဆက်စပ်ပစ္စည်းများနှင့် လည်းကောင်း၊ နံနက် ၉ နာရီ မိနစ် ၄၀ ခန့်တွင် တနင်္သာရီတိုင်းဒေသကြီး လောင်းလုံးမြို့နယ် ဝေဒီကျေးရွာနေ စိုင်းညီညီ(ဘ)ဦးသန်းစိုးအား လက်လုပ်သေနတ် တစ်လက်နှင့် ဆက်စပ်ပစ္စည်းများအား လည်းကောင်း ဖမ်းဆီးထိန်းသိမ်းရမိခဲ့သည်။

အထက်ပါဖြစ်စဉ်များမှ ဆူပူအကြမ်းဖက်ရာတွင် အသုံးပြုမည့် လက်နက်၊ ပစ္စည်း၊ ကိရိယာများအား လက်ဝယ်ထားရှိသူများနှင့် သိုဝှက်သိမ်းဆည်းထားရှိသူများအား ဥပဒေနှင့်အညီ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ကိုဗစ်အလွန် ရာသီဥတုနှင့်လိုက်လျောညီထွေသော လယ်ယာကဏ္ဍပြုပြင်ပြောင်းလဲရေး

ဦးမိုဃ်း(လယ်ဝန်)

*ယမန်နေ့မှအဆက်*

ပညာရပ်နယ်ပယ်၏ အဆီအနှစ်ကို ထိုးထွင်းဉာဏ်ဖြင့် ပိုင်နိုင်စွာ ဆုပ်ကိုင်နိုင်သော ပညာရှင်၊ ဆရာကြီးများအဆင့်ဟုပင် မှတ်ယူ၍ရပါသည်။ ထို့ကြောင့် စာဖတ်နည်း (၃) နည်းကို – နားလည် သဘောပေါက်လျက် စူးစမ်းလေ့လာ၊ သုံးသပ်ကာ ချဉ်းကပ်အသုံးပြုကြခြင်းဖြင့် အကျိုးရှိစွာဆောင်ရွက် နိုင်ပါသည်။ ထို့ကြောင့် Skill (၅) မျိုးအနက် ပထမဆုံးတင်ပြလိုသော Skill နံပါတ်(၁) မှာ Reading Skill ဖြစ်ပါသည်။

ဒုတိယ Skill မှာ Practical Skill ဖြစ်ပါသည်။ အချို့သည် စာဖတ်သော်လည်း လက်တွေ့နယ်ပယ်သို့ဝင်ရောက်လုပ်ကိုင်ရန် ဝန်လေးကြပါသည်။ ပျင်းရိကြပါသည်။ ခါးချိုးပြီး လက်တွေ့ဝင်ရောက် လုပ်ကိုင်လျက် လေ့လာဆည်းပူးရန် အခက်အခဲရှိတတ်ပါသည်။ ထိုသူများသည် Practical Skill အဆင့်သို့ရောက်ရန် ခက်ခဲသွားရတတ်ပါသည်။ ထို့အတူ အပြန်အလှန်အားဖြင့် အချို့သည်လည်း Reading Skill ကို ရယူရန် ဝန်လေးကြပြီး– Practical Skill ၌ပင် ပျော်မွေ့သူများလည်း ရှိတတ်ပါသည်။ လူအမျိုးမျိုး၊ စိတ်အထွေထွေဖြစ်၍ မိမိ၏ ရည်မှန်းချက်အတိုင်းပင် ရှိကြမြဲဖြစ်ပါသည်။ ထို့ကြောင့် ဒုတိယ Skill မှာ Practical Skill ဖြစ်ပါသည်။

## သမ္မာအဆင့် အရည်အချင်း သတ်မှတ်ချက်

တတိယ Skill မှာ ( Technical Skill ) တစ်နည်းအားဖြင့် သမ္မာအဆင့် အရည်အချင်း သတ်မှတ်ချက်ဖြစ်ပါသည်။ စာတွေ့လက်တွေ့ပေါင်းစုံပြီဆိုလျှင် အတွေ့အကြုံပေါင်းမြောက်မြားစွာ ရှိလာပါက ဤသမ္မာအဆင့်သို့ရောက်ရှိပါပြီ။ ဤသမ္မာအဆင့်ရှိသူများကို နယ်ပယ်စုံတွင်တွေ့မြင်နိုင်ကြသော်လည်း ရောက်ရှိသူနည်းလှပါသည်။ အရေအတွက်ကမူ များလှမည်မဟုတ်ပါ။ ဤအဆင့် ရောက်ပြီဆိုလျှင်– သက်ဆိုင်ရာနယ်ပယ်၌ ထိုသူများအား – အားကိုး– အားထားပြုလုပ်၍ ရပါပြီ။

စတုတ္ထအဆင့်မှာ Critical Thinking Skill ဖြစ်ပါသည်။ အချို့သောပုဂ္ဂိုလ်များ၊ အထူးသဖြင့် ထူးချွန်သော ခေါင်းဆောင်အတော်များများတွင် ဤ Skill ကို တွေ့ရလေ့ရှိသော်လည်း– သာမန် အဆင့်များတွင်မူ တွေ့မြင်ရမှု နည်းပါးပါသည်။ သင်္ချာအခြေခံအပါအဝင် အခြေခံများစွာဖြင့် ပြဿနာကို ခွဲခြမ်းစိတ်ဖြာလျက် analysis ပြုလုပ်ဖြေရှင်းခြင်းဖြစ်ပါသည်။ လူထုနှင့်တွေ့ဆုံပွဲ အစည်းအဝေးများတွင် ခေါင်းဆောင်ကြီးများ၏ Critical Thinking Skill ကို အကဲဖြတ်၍ရပါသည်။ မေးလာသော မေးခွန်းများကို တိုတိုနှင့်လိုရင်းထိရောက်စွာ ဖြေရှင်း၊ ပြောကြား၊ ကိုင်တွယ်သွားနိုင်သော ၎င်းတို့၏ ဦးနှောက်အရည်အသွေးကို ဤ Skill တွင် တွေ့မြင်နိုင်ပါသည်။ ပြဿနာတစ်ရပ်၊ အခက်အခဲ၊ အခြေအနေတစ်ခုကို ပိုင်းခြားစိတ်ဖြာလျက် ထိုးထွင်းဉာဏ်ဖြင့် ဆောင်ရွက်နိုင်သော Skill ဟုပင် ဆိုပါရစေ။

## အဆင့်မြင့်ပုဂ္ဂိုလ်များ

ပဥ္စမအဆင့်– Skill မှာ Artistic Skill ဖြစ်ပါသည်။ အနုပညာမြောက် ဖန်တီးခြင်း၊ အနုပညာမြောက် စွမ်းဆောင်ခြင်းအဆင့်ဟု တင်ပြလိုပါသည်။ ဤအဆင့်ရောက်ရှိသူများသည် မည်သည့်ကိစ္စရပ်ကိုမဆို– ပါးပါးနပ်နပ်၊ ပိုင်ပိုင်နိုင်နိုင် ကိုင်တွယ်ဖြေရှင်းနိုင်သည့် စွမ်းဆောင်ရည်ရှိကြပါသည်။ ဥပဒေ၊ လုပ်ထုံး လုပ်နည်းများကို ပိုင်နိုင်ကျွမ်းကျင်သကဲ့သို့ လက်တွေ့နယ်ပယ်မှ အခြေအနေများကို သိနားလည် သဘောပေါက်ကာ ထိုးထွင်းဉာဏ်ဖြင့် ကိုင်တွယ်ဖြေရှင်းနိုင်သည့် အဆင့်မြင့်ပုဂ္ဂိုလ်များဖြစ်ပါသည်။

ဤ Skill (၅)မျိုးဖြင့် ပြည့်စုံသော လူမှန်နေရာမှန်များဖြင့် ယခု လက်တွေ့ရင်ဆိုင်ကျော်လွှားရမည့် ကိုဗစ်အလွန် ရာသီဥတုနှင့် လိုက်လျောညီထွေသော လယ်ယာကဏ္ဍပြုပြင်ပြောင်းလဲရေးကို ဆောင်ရွက်ကြမှသာ– မြန်မာနိုင်ငံ၏ လယ်ယာကဏ္ဍသည် အမှန်တကယ် တိုးတက်လာနိုင်ပါသည်။ သို့မဟုတ်ပါက လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးသည် ရွှေပြည်တော်မျှော်တိုင်းဝေးနေမည်ဖြစ်ပါသည်။ ထို့အတူ တိုင်းပြည်နှင့်တောင်သူလယ်သမားများအတွက်လည်း– အချိန်ကုန်သွားသည်ပဲရှိနိုင်ပါသည်။ ပိုးသာကုန်မောင်ပုံစောင်းမတတ်ပါခင်ဗျား။ ထို့ကြောင့် လူမှန်နေရာမှန်ဆိုသည်မှာ–ဤအရည်အချင်း (၅)မျိုး ရှိသူများကို ၎င်းတို့ ကျွမ်းကျင်ပိုင်နိုင်သော နယ်ပယ်အသီးသီး၌ ခန့်ထားတာဝန်ပေးအပ်ရန် တင်ပြရခြင်းဖြစ်ပါသည်။ မိမိတို့ နိုင်ငံအတွက် လူမှန်နေရာမှန်ဆိုသောစကားသည် ပို၍ပင်လိုအပ်ပါသည်။ ဤအချက်သည် မြန်မာနိုင်ငံအတွက် အခြေခံအကျဆုံးလိုအပ်ချက် ဖြစ်ပါသည်ဟု တင်ပြလိုပါသည်။

စာရေးသူအမြင်ဖြင့် ကိုဗစ်ကာလအလွန်၊ ရာသီဥတုနှင့် လိုက်လျောညီထွေဖြစ်မည့် လယ်ယာကဏ္ဍ ပြုပြင်ပြောင်းလဲရေးဆိုင်ရာ How to do? ကို တတ်စွမ်းသမျှ အကျဉ်းချုပ်တင်ပြသွားလိုပါသည်။ ပြည့်စုံမည်တော့မဟုတ်ပါ။ အကျဉ်းချုပ်မျှသာ တင်ပြရန်ရည်ရွယ်ပါသည်။ ထိုသို့ တင်ပြရာတွင် အဓိကအခြေခံအကြောင်းအရင်းနှင့်ပတ်သက်၍လည်းကောင်း၊ လတ်တလောအကြောင်းအရင်းနှင့် ပတ်သက်၍လည်းကောင်း ခွဲခြားတင်ပြသွားပါမည်။

ယခုကာလ၏ ပထမဆုံးအခက်အခဲဖြစ်စေသည့် ကိုဗစ်၏ တရားခံကို ဖော်ထုတ်စေ့ငုမှု မပြုလုပ်လိုပါ။ သို့သော် ဒုတိယအခက်အခဲ ရာသီဥတုဖောက်ပြန်ပျက်စီးမှု၏ အဓိကတရားခံမှာမူ သစ်တောသစ်ပင် ဂေဟစနစ်များ ပျက်စီးခဲ့ခြင်းကြောင့် ဖြစ်သည်ဟုယူဆပါသည်။ သစ်တောသစ်ပင်ပျက်စီးဆုံးရှုံးခြင်းသည် ဂေဟစနစ်ကိုများစွာ ထိခိုက်စေပါသည်။ ဂေဟစနစ်ပြန်လည်မကောင်းလာသမျှ ကာလပတ်လုံး ရာသီဥတုသည် ပြန်ကောင်းလာစရာမရှိပါ။ ထို့ကြောင့် ရာသီဥတုဖောက်ပြန်ပျက်စီးစေခြင်း၏ အဓိကအကြောင်းအရင်းကို ကုစားရန်လိုအပ်ပါမည်။ ဂေဟစနစ်ပြန်ကောင်းပါမှ မိုးလေဝသ မှန်ကန်နိုင်ပြီး– သဘာဝမိုးရေကိုလည်း ပိုမိုရရှိအသုံးချနိုင်ပါမည်။ မြန်မာနိုင်ငံ၏ သစ်တော သစ်ပင် (သစ်တောကြိုးဝိုင်းဧရိယာ)ကို ၂၀၃၀ ပြည့်နှစ်တွင် ၄၀ ရာခိုင်နှုန်းထားရှိရန် မူဝါဒချမှတ်ပြီး ဖြစ်ပါသည်။ ဤအချက်သည် နိုင်ငံ၏ ရေရှည်အကျိုးစီးပွားအတွက် ရာသီဥတုဖောက်ပြန်ပျက်စီးမှုကို အဓိကကုစားမည့် အခြေခံအကျဆုံးအချက်ဖြစ်ပါသည်။ ဤအချက်ကို ပထမဦးစွာ အားဖြည့်ဖို့ လိုအပ်ပါကြောင်းတင်ပြလိုပါသည်။

## လယ်ယာကဏ္ဍကို အထောက်အကူပြု

ယခင်က လယ်ကန်သင်းများ၊ ခြံစည်းရိုးများတွင် အရိပ်ရသစ်ပင် များစွာရှိခဲ့ပါသည်။ သစ်ပင်များသည် ဂေဟစနစ်ကို များစွာအားဖြည့်ပေးပါသည်။ လယ်ယာလုပ်ငန်းအတွက် အရိပ်ပင်ဖြစ်ရုံမက– ငှက်သတ္တဝါများ၏ ခိုအောင်းရာနေရာဖြစ်ပါသည်။ သီးနှံဖျက်ပိုးဖြစ်သော ကြွက်များ၊ Pests (အင်းဆက်) များကို စားသုံးခြင်းဖြင့် Bio Control ဖြစ်ကာ လယ်ယာကဏ္ဍကို အထောက်အကူပြုပါသည်။ ထိုမှတစ်ဆင့် ရာသီဥတု ကောင်းမွန်လာရေးကို ထပ်မံအကျိုးပြုပါသည်။ ထို့ပြင် သစ်ပင်အမြင့် ၄ ဆ (4 x Height) ကို မြေပြင်၌ လေတိုက်စားမခံရအောင် အကာအကွယ်ပေးပါသည်။ ဥပမာ–အပင်အမြင့် ၁၅ ပေရှိသော သစ်ပင်၏ဝန်းကျင် ၆၀ ပေ (၁၅ပေx၄ပေ)အတွင်း လေတိုက်စားမခံရအောင် အကာအကွယ်ပြုသကဲ့သို့ ရေတိုက်စားမခံရအောင်လည်း ၎င်း၏အမြစ်များက ကုပ်တွယ်လျက် စွမ်းဆောင်မှုပြုနိုင်ပါသည်။ ထို့ကြောင့် လယ်ယာကန်သင်းများတွင် အရိပ်ရသစ်ပင်များ စိုက်ပျိုးခြင်းကို ရေရှည်အကျိုးစီးပွားအတွက် ပြန်လည်ဆောင်ရွက်သင့်ပါသည်။ ဤနည်းလမ်းအပြင် ကျေးရွာ စိုက်ခင်းများ၊ သစ်ပင်သစ်တောရောနှော စိုက်ခင်းများကို အားပေးရန်လိုအပ်ပါသည်။

မြန်မာနိုင်ငံတွင် လက်ရှိကာလ၌ မြေရိုင်းဧက ၁၄ သန်းကျော်၊ တောရိုင်းဧက ၃၅ သန်းကျော်ရှိပါသဖြင့် ကျေးရွာရှိ စိတ်ပါဝင်စားသူများ၊ လူမှုရေးအဖွဲ့အစည်းများ၊ NGO များ၏ ဦးဆောင်မှုဖြင့် တစ်ပိုင်တစ်နိုင် သစ်တောသစ်ပင် စိုက်ခင်းများ ထူထောင်စေချင်ပါသည်။ ဥပဒေနှင့် ညီညွတ်စွာ မြေလွတ်မြေရိုင်းများကို ရယူစိုက်ပျိုးဆောင်ရွက်ခြင်းဖြင့် ရေရှည်စိတ်ချယုံကြည်မှုကိုလည်း ပိုင်နိုင်စွာ ရရှိနိုင်ပါမည်။ ဤလုပ်ငန်းစဉ်များ သည် ရေရှည်အကျိုးစီးပွားအတွက် ဦးစားပေးအဆင့်ဖြစ်ပြီး နှစ်စဉ် စဉ်ဆက်မပြတ် ဆောင်ရွက်သွားရမည် ဖြစ်ပါသည်။ သို့မှသာ ရာသီဥတုဖောက်ပြန်ပျက်စီးမှုကို ရေရှည် ကာလတွင် ပြုပြင်နိုင်ပါမည်။

ဤလုပ်ငန်းစဉ်တွင် သစ်ပင်တောအုပ်ဖြစ်ရုံမျှမက မြေပြင်တစ်ခုလုံးကို သစ်ပင်အုပ်မိုးမှု အလွှာ ၃ ခု၊ 3 Canopy (အပင်လွှာ ၃ မျိုး) ဖြင့် ဖုံးလွှမ်းထားနိုင်သော ဆောင်ရွက်မှုလည်းလိုအပ်ပါသည်။ သစ်ပင်အုပ်မိုးမှုအလွှာ 3 Canopy ဆိုသည်မှာ– မြေပြင်နှင့် ကပ်လျက်ရှိသော နေရာ၌ သစ်ပင်အငယ်များအလွှာ (ရာသီသီးနှံများ)စိုက်ခြင်း၊ အလယ်အလတ်အမြင့်ရှိ သစ်ပင်လတ်များ (ချုံအဆင့်ရှိအပင်လတ်များ) အလွှာကိုလည်း ထည့်သွင်းစိုက်ပျိုးခြင်းနှင့် နောက်ဆုံးအပင်ကြီးများ အလွှာကိုလည်း စိုက်ပျိုးခြင်းဖြင့် မြေပြင်တစ်လျှောက် အပင်ဖုံးလွှမ်းမှု သုံးလွှာဖြင့် သစ်တောသစ်ပင်များ ဖုံးလွှမ်းထားပြီး– နေ၊ ရေ၊ လေ တိုက်စားမှုကို ကာကွယ်ခြင်းလုပ်ငန်းစဉ်ဖြစ်ပါသည်။ Watershed Management လုပ်ငန်းစဉ်လည်း ဖြစ်ပါသည်။ မြစ်ချောင်း၊ အင်းအိုင်များ၊ ပင်လယ်သမုဒ္ဒရာများသို့ နှစ်စဉ်– Soil Particle, Humas အပါအဝင် မြေမှုန်ပမာဏ မြောက်မြားစွာ ရောက်ရှိဆုံးရှုံးရလျက်ရှိသည်ကို အများသတိပြုမိမည်ဟု ယူဆပါသည်။

မြေသားမှုန်များသည် အပင်နှင့် သက်ရှိလောကအတွက် အဖိုးမဖြတ်နိုင်သည့် မြေသားအာဟာရအဆီအနှစ်များဖြစ်ပါသည်။ ၎င်းတို့သည် 3 Canopy ဖြင့် ဖုံးလွှမ်းထားမှသာ နေ၊ လေ၊ ရေတိုက်စားစဉ် ခုခံကာကွယ်နိုင်မည်ဖြစ်ပါသည်။ ထိုအခါ အကျိုးဆက်အနေဖြင့် ရေစီးကြောင်းသည် ကြည်လင်နေပြီး သဘာဝပတ်ဝန်းကျင်ကိုလည်း မြင်ကွင်းလှပစေပါသည်။ မြေဆီမြေနှစ်များ ပါဝင်မှုကြောင့် ရေများ နောက်ကျိနေလျှင်မူ– သဘာဝပတ်ဝန်းကျင်ကို မလှပစေရုံမျှမက အချိန်တိုင်းစက္ကန့်တိုင်း လူသားထုအတွက် အဖိုးမဖြတ်နိုင်သော အာဟာရ မြေဆီမြေနှစ်များ ဆုံးရှုံးမှုဖြစ်ပေါ်စေလျက်ရှိကြောင်း သိသာနိုင်ပါသည်။ မြစ်ချောင်းတစ်လျှောက်စီးဆင်းရေတွင် ပါဝင်သွားသော မြေသားမှုန်များသည် ရေကြောင်းကို ပိတ်ဆို့စေနိုင်ပြီး ရေလမ်းကြောင်းပြောင်းခြင်း၊ ရေကြီးရေလျှံမှုကိုလည်း ဖြစ်ပေါ်စေခြင်း တို့ဖြင့် ဆိုးကျိုးပြုပါသည်။ မြန်မာနိုင်ငံတွင် နှစ်စဉ်မြေနုကျွန်းပေါင်း ၈၀၀ ဝန်းကျင် ပေါ်ပေါက်လျက်ရှိသည်သာမက– ပင်လယ်ကမ်းရိုးတန်းတွင်လည်း သောင်ထွန်းမြေ၊ ကမ်းတက်မြေများ(မြေရိုင်း)များ နှစ်စဉ်ပေါ်ပေါက်လျက် ရှိရပါသည်။ အဆိုပါ မြေရိုင်းများ၊ မြေနုကျွန်းများကို စိုက်ပျိုးလုပ်ကိုင်ကြရသည်ဆိုသော်လည်း ရရှိသော ကောင်းကျိုးနှင့် လူသားထုဆုံးရှုံးသော ဆိုးကျိုးကို နှိုင်းယှဉ်ကြည့်ပါက ဆိုးကျိုးကသာ သာလွန်ဖွယ်ရှိပါသည်။ ထို့ကြောင့် ဤလုပ်ငန်းစဉ်ကို လည်း မလွဲမသွေ

* သစ်တောသစ်ပင်ပျက်စီးဆုံးရှုံးခြင်းသည် ဂေဟစနစ်ကိုများစွာ ထိခိုက်စေပါသည်။ ဂေဟစနစ်ပြန်လည်မကောင်းလာသမျှ ကာလပတ်လုံး ရာသီဥတုသည် ပြန်ကောင်းလာစရာမရှိပါ။ ထို့ကြောင့် ရာသီဥတုဖောက်ပြန်ပျက်စီးစေခြင်း၏ အဓိက အကြောင်းအရင်းကို ကုစားရန်လိုအပ်ပါမည်။

*စာမျက်နှာ ၂၅ သို့*

# ရန်ကုန်မြို့၌ ဘဏ်ဝန်ဆောင်မှုလုပ်ငန်းများ အပြည့်အဝ မရှိသေး၍ ATM ကတ်ဖြင့် ငွေထုတ်ယူမှု ပိုမိုများပြားနေဆဲဖြစ်

**ရန်ကုန် ဧပြီ ၂၉**

ရန်ကုန်မြို့တွင် ဖေဖော်ဝါရီ ၈ ရက်နောက်ပိုင်းမှ စတင်ကာ ပုဂ္ဂလိကဘဏ်များ ဝန်ဆောင်မှု ယာယီရပ်နားထားရာမှ ယခုအခါ ပုဂ္ဂလိကဘဏ် ဝန်ဆောင်မှုလုပ်ငန်းများ ပြန်လည် လည်ပတ်လာသော်လည်း အပြည့်အဝလုပ်ဆောင်နိုင်မှု မရှိသေးခြင်းကြောင့် ယင်းဘဏ်များနှင့် ချိတ်ဆက်ထားသော ATM စက်မှ ငွေထုတ်ယူမှုမှာ ပိုမိုများပြားလာလျက်ရှိကြောင်း တွေ့မြင်နေရသည်။

"တကယ်တော့ ကျွန်တော်တို့လို လုပ်ငန်းရှင်တွေအနေနဲ့က ငွေထုတ်ယူရာမှာ အခုလို ATM ကတ်နဲ့ ထုတ်ယူတာထက် ဘဏ်မှာပဲ တိုက်ရိုက်ထုတ်ယူချင်တယ်။ အဲဒါမှ ထုတ်ယူရတာလည်း ကိုယ်လိုချင်တဲ့ ငွေပမာဏရရှိသလို ပိုပြီးလည်းအဆင်ပြေတယ်လေ။ အခုတော့ ATM စက်တွေက ထုတ်ယူမှုပမာဏ သတ်မှတ်ထားတော့ ကျွန်တော်တို့မှာ အခက်တွေ့ရတယ်။ သာမန် အသုံးစရိတ်လိုလို့ ထုတ်ယူတဲ့သူတွေအတွက် အဆင်ပြေပေမယ့် ကျွန်တော်တို့လို လုပ်ငန်းရှင်တွေအတွက်ကတော့ အခုဆို လုပ်ငန်းတွေကလည်း အရင်လိုပြန်လည်လည်ပတ်ပြီဆိုတော့ ငွေထုတ်ယူရတာ လိုချင်တဲ့ ပမာဏအထိမရတော့ အဆင်မပြေပါဘူး" ဟု ပုဂ္ဂလိကဘဏ်တစ်ခုနှင့် ချိတ်ဆက်ကာ ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများကို လုပ်ကိုင်နေသော လုပ်ငန်းရှင် တစ်ဦးက လတ်တလော ATM စက်များမှ ငွေထုတ်ယူမှုများနှင့် ပတ်သက်၍ ကြုံတွေ့နေရသည်များကို ပြောပြသည်။




ရန်ကုန်မြို့ အရောင်းစင်တာတစ်ခုရှိ ATM စက်မှ ငွေထုတ်ရန် တန်းစီစောင့်ဆိုင်းနေသော သူများကို တွေ့ရစဉ်။

နိုင်ငံတစ်ဝန်းနှင့် ရန်ကုန်မြို့အပါအဝင် မြို့အနှံ့အပြားရှိ ပုဂ္ဂလိကဘဏ်များသည် ပြီးခဲ့သော ဖေဖော်ဝါရီ ၈ ရက်ဝန်းကျင်မှစတင်ကာ ဘဏ်လုပ်ငန်းဆိုင်ရာ ဝန်ဆောင်မှု လုပ်ငန်းများကို ယာယီ ရပ်နားထားခဲ့သည်မှာ နှစ်လကျော် ကြာမြင့်ခဲ့သည်။ ယခုအခါ ပုဂ္ဂလိကဘဏ်များ အနေဖြင့် ပြန်လည်ဖွင့်လှစ်ရန် သက်ဝင်လှုပ်ရှားလာသော်လည်း CDM လှုပ်ရှားမှုနှင့် ဆက်စပ်ကာ ဝန်ထမ်းအခြေအနေ တစ်ရပ်ကြောင့် ဘဏ်ဝန်ဆောင်မှုလုပ်ငန်းများကို ပြည်သူများအား အပြည့်အဝ ဝန်ဆောင်မှု ပေးနိုင်ခြင်း မရှိသေးကြောင်း သိရသည်။

"ကျွန်မ တစ်နေ့ကပဲ ငွေအသုံးစရိတ် နည်းနည်းလိုတာနဲ့ ဟိုဘက်လမ်းမှာရှိတဲ့ ATM စက်မှာ သွားထုတ်လိုက်သေးတယ်။ လိုချင်တဲ့ ငွေပမာဏမရတာနဲ့ နောက်တစ်နေ့ သွားထုတ်တော့တန်းစီနေတဲ့သူတွေများတာနဲ့ တခြား ATM စက်ပြောင်းပြီး ထုတ်ရတယ်။ ကျွန်မနောက်တန်းစီတဲ့သူတွေ ATM စက်မှာ ငွေပြတ်သွားတာနဲ့ သူတို့ ထုတ်မရလိုက်ဘူး။ သူတို့တစ်တွေ အချိန်အကြာကြီး တန်းစီပြီးမှ အခြား ATM စက်ပြောင်းသွားကြတယ်။ တကယ်တော့ လုပ်ငန်းတွေလည်း အများစုက ပြန်လည်ပတ်နေကြပါပြီ။ ဈေးတွေ တော်တော်များများလည်း ပြန်ဖွင့်နေကြတာပဲ။ ကျွန်မကတော့ ပုဂ္ဂလိကဘဏ်တွေ အရင်အတိုင်း မြန်မြန်ပြန်ဖွင့် စေချင်ပြီ" ဟု ဗဟန်းမြို့နယ် ဗိုလ်ချို (၂) ရပ်ကွက်အတွင်း နေထိုင်သော ပြည်သူတစ်ဦးက ပြောသည်။

ရန်ကုန်မြို့၌ ပုဂ္ဂလိကဘဏ်များနှင့် ချိတ်ဆက်ထားသော ATM ငွေထုတ်စက်များသည် ပြီးခဲ့သော ဖေဖော်ဝါရီလနှင့် မတ်လတို့တွင် ငွေထုတ်ယူမှု အနည်းငယ် အခက်အခဲများရှိခဲ့သော်လည်း ယခုအခါ ငွေပမာဏ သတ်မှတ်ထားခြင်းမှလွဲ၍ ငွေထုတ်ယူမှုအများစုမှာ အဆင်ပြေလျက်ရှိသည်။ တချို့ဘဏ်များ၏ ATM စက်ငွေထုတ်ယူနိုင်မှုမှာ ကတ်တစ်ခုလျှင် တစ်ကြိမ် ငွေကျပ် နှစ်သိန်းအထိသာ သတ်မှတ်ပေးထားသော်လည်း တချို့ပုဂ္ဂလိက ဘဏ်များ၏ ATM စက်မှာ တစ်ကြိမ်ထုတ်ငွေ ကျပ်သုံးသိန်းအထိသာ လတ်တလော ထုတ်ယူခွင့်ပြုထားကြောင်း သိရသည်။

**မြင့်မိုရ်၊ ဓာတ်ပုံ– မင်းထက်**

## အခမဲ့မြေလွှဲနှင့် စက်မှုမြေဌားဂရန်ရရှိရေး ကွင်းဆင်းစစ်ဆေး

**မယ်စဲ့ ဧပြီ ၂၉**

ကယားပြည်နယ် မယ်စဲ့မြို့နယ်တွင် ဌာနဆိုင်ရာများ အခမဲ့မြေလွှဲနှင့် စက်မှုမြေဌားဂရန် ရရှိရေးအတွက် ကွင်းဆင်းစစ်ဆေးခြင်းကို ယမန်နေ့က မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးလှမျိုးထွန်းနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများက မြေပြင်တိုင်းတာ စစ်ဆေးခြင်းများ ဆောင်ရွက်ကြောင်း သိရသည်။

အဆိုပါအဖွဲ့သည် ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့နယ်ခန်းမ၊ မြို့နယ်စည်ပင်သာယာဈေး (နယ်စပ်ဈေး)၊ မြန်မာ့ဆက်သွယ်ရေး MPT တာဝါတိုင်တို့အတွက် အခမဲ့ မြေလွှဲနှင့် စက်မှုမြေဌားဂရန်တို့ကို လုပ်ထုံးလုပ်နည်းများနှင့်အညီ ထုတ်ပေးနိုင်ရေးအတွက် မြေပြင်တွင် မြေယာအရှုပ်အရှင်းကင်းပြီး အမှုတွဲနှင့် ပြည့်စုံမှု ရှိ/မရှိကို ကွင်းဆင်းစစ်ဆေးသည်။

**ဝတ်ရည်**
**(ပြန်/ဆက်)**

*စာမျက်နှာ ၂၄ မှ*

ထည့်သွင်းဆောင်ရွက်သွားသင့်ပါသည်။ ဤအချက်သည်လည်း လတ်တလောအကျိုးစီးပွားထက် ရေရှည်အကျိုးစီးပွားအတွက် ရည်ရွယ်ပါကြောင်း တင်ပြလိုပါသည်။

### နိုင်ငံတော်၏ပံ့ပိုးမှုသည် အဓိကကျ

လတ်တလောအကျိုးစီးပွားအတွက်ဆိုလျှင် အလွယ်ဆုံး၊ အမြန်ဆုံး အဆောင်ရွက်သင့်ဆုံး လုပ်ငန်းစဉ်မှာ–One Village, One Product လုပ်ငန်းစဉ်ဖြစ်သည်ဟု ယုံကြည်ပါသည်။ ကျေးရွာတိုင်း၊ ကျေးရွာတိုင်း – သဘာဝပေး အခြေအနေအရ တန်ဖိုးမြင့်ထုတ်ကုန်တစ်မျိုးစီကိုသာ ထုတ်လုပ်နိုင်ကြမည်ဆိုလျှင် လယ်ယာကဏ္ဍသည် အမြန်ဆုံး ဖွံ့ဖြိုးတိုးတက်လာကြမည်ဖြစ်ပါသည်။ One Village, One Product ကို ဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံတော်၏ပံ့ပိုးမှုသည် အဓိကကျပါသည်။ နည်းပညာများပေးခြင်း၊ အရင်းအနှီးများပေးခြင်း၊ SME တွဲဖက်ပေးခြင်း၊ Contract Farming System ဖြင့် လယ်ယာကဏ္ဍတွင် ငွေကြေးအရင်းအနှီးရှိသူများ ဝင်ရောက်စေခြင်း၊ နိုင်ငံတော်အရန်မြေများထားရှိလျက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ဖိတ်ခေါ်ဆောင်ရွက်ခြင်း စသည်ဖြင့်ဘက်ပေါင်းစုံမှ ဝိုင်းဝန်းဖြည့်ပေးဖို့ လိုအပ်ပါသည်။ လိုအပ်သည့် ဥပဒေများဖြင့်လည်း ပြဋ္ဌာန်းအားဖြည့်ပေးရပါမည်။ ထို့အပြင် Eco tourism ဖြင့် ချိတ်ဆက်ခြင်းအားဖြင့်လည်း ခရီးသွားကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေနိုင်ပါသည်။ ခရီးသွား ပြည်သူလူထုကို အပန်းဖြေခြင်းသာမက ဒေသအစားအသောက်ထွက်ကုန်များကိုပါ ရောင်းချနိုင်ပါသည်။ ဤပြောင်းလဲမှုတစ်ခုတည်းဖြင့်ပင် တစ်ချက်ခုတ် ၁၀ ချက်လောက်ပြတ်နိုင်သည့်ကိစ္စဟု စာရေးသူ ယုံကြည်ပါသည်။

အဓိကအကျဆုံးမှာ ကျေးလက်ပြည်သူလူထု ဝင်ငွေရလမ်းများ တိုးတက်ရရှိစေခြင်း၊ ဝင်ငွေတိုးခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေခြင်း၊ ရွှေ့ပြောင်းအလုပ်သမားအဖြစ် မြို့ပြများ၊ နိုင်ငံခြားများသို့ ရွှေ့ပြောင်းအခြေချနေထိုင်ရခြင်းကို ပြန်လည်ကုစားနိုင်ခြင်း၊ နိုင်ငံခြားတိုင်းပြည်များသို့ ရောက်ရှိနေသော အလုပ်သမားများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ရှာဖွေပေးနိုင်ခြင်း၊ ၎င်းတို့အား နိုင်ငံသို့ပြန်လာရန် ဆွဲဆောင်နိုင်ခြင်း၊ ကျေးလက်ကဏ္ဍဖွံ့ဖြိုးတိုးတက်လာခြင်း၊ လူနေမှုဘဝများ အဆင့်မြင့်လာခြင်းနှင့်အတူ နောက်ဆုံး လယ်ယာကဏ္ဍတစ်ခုလုံး တိုးတက်ပြောင်းလဲ ဖြစ်ပေါ်နိုင်ခြင်းတို့ ဖြစ်ပါသည်။

ထို့ပြင် တန်ဖိုးမြင့် ကုန်ချောအဆင့်ထုတ်လုပ်နိုင်မည်ဖြစ်၍ ဈေးကွက်များရှာဖွေနိုင်ခြင်း၊ ယှဉ်ပြိုင်နိုင်ခြင်း၊ အေးချမ်းသာယာဝပြောသော လူနေမှုဘဝအခြေအနေကို ဖန်တီးနိုင်ခြင်းတို့ကိုလည်း ရရှိခံစားနိုင်ပါမည်။ အကျဉ်းဆုံးဟုဆိုရသော်လည်း အမှန်အောင်မြင်အောင် ဆောင်ရွက်နိုင်ပါက ရရှိနိုင်သည့် အကျိုးကျေးဇူးမှာ– မြောက်မြားစွာ ဖြစ်နိုင်ပါသည်။

ဤတင်ပြချက်များသည် How to do? ခေါင်းစဉ်အောက်မှ လတ်တလောအကျိုးစီးပွားအတွက် အချက်တစ်ချက်တည်း အကျဉ်းမျှ တင်ပြခဲ့ခြင်းဖြစ်ပါသည်။ အလွယ်ဆုံးဥပမာတစ်ခုကို တင်ပြခြင်း ဖြစ်ပါသည်။

ဆောင်းပါးသည်လည်း ရှည်ခဲ့ပြီဖြစ်ပါသည်။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်းကောင်း၊ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်းကောင်း လုပ်ဆောင်ရမည့် ရေရှည်နှင့် လတ်တလော လုပ်ငန်းစဉ်များစွာရှိပါသည်။ ထိုအထဲတွင် ရေရရှိမှု– မသေချာခြင်း၊ ရရှိမှုနည်းပါးခြင်းများကြောင့် စိုက်ပျိုးမှုပုံသဏ္ဌာန်ပြောင်းလဲခြင်းသည်လည်း အရေးတကြီးပါဝင်ပါသည်။ မိမိတို့လက်ဝယ်ရှိ ရေပမာဏကို တိုးပွားအောင်ဆောင်ရွက်ရန်အတွက် အထက်တင်ပြပြီး နည်းလမ်းများအပါအဝင် လိုအပ်သည့် နည်းလမ်းများကို ဆောင်ရွက်ရန်လိုအပ်သကဲ့သို့ ရရှိပြီးရေကိုလည်း အကျိုးရှိစွာ အသုံးချရန်လိုအပ်ပါမည်။ ရေအသုံးချနိုင်စွမ်းအပေါ်မူတည်၍ သတင်းအချက်အလက်စနစ်တကျ အသုံးချလျက် မစိုက်ခင်က စဉ်းစားရန် လိုအပ်သကဲ့သို့ အမှန်စိုက်ပျိုးသင့်သည့် စိုက်ရေိယာအတွက် စိုက်ပျိုးရန် မြေပြင်ခြင်း၊ အပင်များစိုက်ပျိုးခြင်း၊ အပင်ပြုစုထိန်းသိမ်းခြင်း၊ ရိတ်သိမ်းခြင်း၊ ကုန်ချောအဆင့်အထိ ထုတ်လုပ်ခြင်းများတွင် ရေသုံးစွဲနိုင်မှုနှင့် ချိတ်ဆက်စဉ်းစားရန် လိုအပ်ပါသည်။

### ပြုပြင်အားဖြည့် ဆောင်ရွက်ရန်လိုအပ်

အချိန်တိုအတွင်း ရှာသွန်းသောမိုးရေကြောင့် သီးနှံထိခိုက်ပျက်စီးမှုများမှ သက်သာနိုင်ရန် ရေသွင်း၊ ရေထုတ်စနစ်များမှအစ ပြုပြင်အားဖြည့် ဆောင်ရွက်ကြရန်လိုအပ်ပါသည်။ ထို့ကြောင့် ရေသွင်းမြောင်း၊ ရေထုတ်မြောင်း၊ ကုန်ထုတ်လမ်းများပါဝင်သည့် စနစ်ကျလယ်ယာမြေဖော်ထုတ်ခြင်း၊ ကွက်ဆင့်သောက် ရေသွင်းစနစ်အစား တိုက်ရိုက်သုံးစွဲနိုင်သောရေသုံးစွဲမှုစနစ်နှင့် ရေအလေအလွင့်နည်းပါးစေသော စနစ်ကျရေသွင်းနည်းစနစ်များကို လက်တွေ့အသုံးချခြင်း၊ စက်မှုလယ်ယာစနစ်ကို ဖော်ဆောင်ခြင်း၊ စက်မှုနည်းပညာ၊ စက်မှုကိရိယာများကိုအသုံးချရန်အားပေးခြင်း၊ နည်းပညာများပြောင်းလဲ အသုံးပြုခြင်း၊ ရိတ်သိမ်းချိန်လွန်နည်းပညာများသုံးစွဲခြင်း၊ ကြိတ်ခွဲခြင်း၊ သိုလှောင်ခြင်း၊ ဓာတ်ခွဲစမ်းသပ်ခြင်း၊ သုတေသနလုပ်ငန်းရပ်များအပေါ် မှီခိုအားထား၍ ထောက်ပံ့ကူညီပေးခြင်း၊ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်စေခြင်း၊ စိတ်ဓာတ်ပြောင်းလဲရေးနှင့် ခံယူချက်ပြောင်းလဲရေးဆိုင်ရာများ ဖော်ဆောင်ခြင်း၊ တိုင်းပြည်၊ ပြည်သူလူထုနှင့် တောင်သူလယ်သမားများအပေါ် စေတနာထား၍ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် အားထည့်လုပ်ဆောင်ခြင်း၊ မည်သည့်လုပ်ငန်းရပ်မဆို Quick Action ဖြင့် ဆောင်ရွက်စေခြင်းများသည်လည်း အမှန်လိုအပ်ချက်များ ဖြစ်ပါသည်။

လယ်ယာကဏ္ဍဖြစ်၍ များစွာကျယ်ပြန့်သကဲ့သို့ တင်ပြရမည့် အချက်များလည်း များစွာကျန်ရှိပါသေးသည်။ မြန်မာနိုင်ငံတွင် အနုပညာမြောက် စွမ်းဆောင်ရည်ရှိသော ဆရာကြီးများစွာရှိသကဲ့သို့ ၎င်းတို့၏အတွေးအမြင်သည်လည်း အလွန်အရေး ကြီးပါသည်။ What to do? ထက် How to do? အကြံဉာဏ်များကို မြန်မာနိုင်ငံလယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝိုင်းဝန်းအကြံပြု တင်ပြပေးကြပါရန် တိုက်တွန်းနှိုးဆော်လျက် နိဂုံးချုပ်အပ်ပါသည်။ အားလုံးကို လေးစားပါသည်ခင်ဗျား။ ။

# မြောက်ဥက္ကလာပမြို့နယ် (ည)ရပ်ကွက် ခေမာကျောင်းလမ်းနှင့် ရော(၁၅)လမ်းထောင့်အနီး၌ ဓားပြတိုက်၊ လူသတ်မှုကို ကျူးလွန်ခဲ့သူများ အပါအဝင် လှိုင်သာယာ (အရှေ့ပိုင်း)မြို့နယ်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်နှင့် ရွှေပေါက်ကံ(မြို့သစ်) မြို့နယ်တို့အတွင်း လူသတ်မှုမူးယစ်ဆေးဝါးမှုတို့ကို ကျူးလွန်ခဲ့သူများကို ပြစ်ဒဏ်အသီးသီးချမှတ်

နေပြည်တော် ဧပြီ ၂၉

ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ် (ည)ရပ်ကွက် ခေမာကျောင်းလမ်းနှင့် ရော(၁၅) လမ်းထောင့်အနီး၌ မတ် ၂၇ ရက် ည ၁၂ နာရီခွဲ ခန့်တွင် စိုင်းခေး(ခ)အိုက်ခေး(ခ)ကေကေ(ဘ) ဦးထွန်းမြင့်အပါအဝင် လူအုပ်စု ၁၉ ဦးခန့်က ဗိုလ်ကြီးထက်အောင်ကျော်နှင့် မောင်သန့်ဇင်ထွေး တို့စီးနင်းမောင်းနှင်လာသည့် APACHE အမျိုးအစား အနက်ရောင်မော်တော်ဆိုင်ကယ်၊ ဗိုလ်ကြီး ထက်အောင်ကျော် ကိုင်ဆောင်သည့် ပစ္စတိုသေနတ် တစ်လက်၊ MAH(U) အမျိုးအစား ICON တစ်လုံး တို့အား လုယက်ယူဆောင်ခြင်း၊ ဗိုလ်ကြီး ထက်အောင်ကျော်နှင့် မောင်သန့်ဇင်ထွေးတို့အား နောက်ပြန်ကြိုးတုပ်ကာ တုတ်များ၊ ဓားများဖြင့် ဝိုင်းဝန်းရိုက်နှက် ထိုးခုတ်ခြင်း၊ လက်သီးဖြင့် ထိုးခြင်းနှင့် ခြေထောက်ဖြင့် ကန်ခြင်းများ ပြုလုပ် ခဲ့သဖြင့် ၎င်းတို့တွင် ဒဏ်ရာများ အသီးသီးရရှိကာ မောင်သန့်ဇင်ထွေးမှာ ယာဘက် ရင်ခေါင်းထိုးသွင်း ဒဏ်ရာကြောင့် ယာဘက်အဆုတ်ထိုးသွင်းဒဏ်ရာ ရရှိပြီး ရင်ခေါင်းအတွင်း သွေးလွန်ခြင်းကြောင့် သွေးထွက်လွန် သွေးလန့်၍ သေဆုံးခဲ့ခြင်းတို့ ဖြစ်ခဲ့ ရသည့်အထိ စိုင်းခေး(ခ)အိုက်ခေး(ခ)ကေကေ(ဘ) ဦးထွန်းမြင့်သည် ဓားပြမှုကို ကျူးလွန်ရာတွင် လူသတ်မှုကိုပါ ကျူးလွန်ခဲ့သည့်အတွက် စစ်အုပ်ချုပ်ရေး (Martial Law) စစ်ခုံရုံးဖွဲ့၍ စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ရာဇသတ်ကြီး ပုဒ်မ-၃၉၆ အရ ဧပြီ ၂၈ ရက်တွင် "သေဒဏ်" အမိန့်ချမှတ်လိုက် ကြောင်း သိရှိရသည်။

ထို့ပြင် လှိုင်သာယာ(အရှေ့ပိုင်း) မြို့နယ်၌ မြင့်ချို(ခ)မဲကြီး (ဘ) ဦးအောင်ငြိမ်းသည် မတ် ၂၆ ရက် ည ၈ နာရီခန့်တွင် မျိုးလေး (ခ) မျိုးလင်း(ဘ) ဦးမြင့်အောင် နှင့်အပြန်အလှန်စကားများကြစဉ် ၎င်း၏ လက်အတွင်းရှိ အရိုးခုနစ်လက်မခန့်၊ အသွား ၂၄ လက်မခန့်၊ အရိုး/အသွား ၃၁ လက်မ ခန့်ရှိ တစ်ဖက်သွားဓားရှည်ဖြင့် ခုတ်ခဲ့သဖြင့် မျိုးလေး (ခ) မျိုးလင်းတွင် ငယ်ထိပ်ပြတ်ရှဒဏ်ရာ တစ်ချက်၊ ဝဲလက်ပြင် ပြတ်ရှဒဏ်ရာ တစ်ချက်၊ ဝဲဘက်ကုပ်ပိုးပြတ်ရှဒဏ်ရာတစ်ချက်တို့ ရရှိခဲ့ပြီး ဦးခေါင်းငယ်ထိပ်တွင် ရရှိသော ပြတ်ရှဒဏ်ရာ ကြောင့် သေဆုံးခဲ့သည့်အတွက် စစ်အုပ်ချုပ်ရေး (Martial Law) စစ်ခုံရုံးဖွဲ့၍ စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ရာဇသတ်ကြီးပုဒ်မ- ၃၀၂ (၂) အရ ဧပြီ ၂၈ ရက်တွင်"အလုပ်နှင့် ထောင်ဒဏ် (၂၀) နှစ်" အမိန့်ချမှတ်လိုက်ကြောင်း သိရှိရသည်။


စိုင်းခေး


မြင့်ချို


ကျော်မောင်မောင်ဇင်


စိမ်းညို

အလားတူ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ် (၃၃)ရပ်ကွက် ပင်လုံလမ်းမပေါ်၌ မတ် ၂၇ ရက် ည ၈ နာရီခွဲခန့်တွင် ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့မရဲစခန်းမှ ဒုရဲမှူး ဇော်မင်းအောင် ဦးစီးလှည့် ကင်းအဖွဲ့မှ ယာဉ်အမှတ်၊ DD/3531 နံပါတ်ပါ Toyota Corolla အမျိုးအစား အငှားယာဉ်အား ရပ်တန့်စစ်ဆေးရာ ယာဉ်နောက်ခန်းတွင် လိုက်ပါ လာသူ ရန်ပိုင် (ဘ) ဦးဝင်းဌေး (ခ) ဦးလှရွှေ၏ Jinljngdi စာတန်းပါ မြင်းချေးရောင် ကျောပိုးအိတ် အတွင်းမှ မြန်မာငွေစက္ကူရောရာ သိန်း ၂၀ ခန့်၊ သားရေကြိုးနှင့် လောက်စာအိမ်တပ်ထားသည့် သစ်သားလေးခွတစ်ခု၊ သံကုံးသီး ၁၇ လုံး၊ နှစ်ဖက် အသွားပါ အရိုးတစ်လက်မခွဲခန့်၊ အသွားငါးလက်မ ခွဲခန့်ရှိ သံဓားအိမ်အတွင်းထည့်ထားသော ဓားဦး ချွန်တစ်ချောင်း၊ သီတာအာမခံစိန်ရွှေရတနာ စာတန်းပါဘူးအတွင်းမှ အဖြူရောင်ပန်းပွင့်များပါ ပလတ် စတစ်အိတ် တစ်လုံး၊ Galaxy – SIII စာတန်း ပါ ဖုန်းဘူးအတွင်းမှ အကြည်ရောင် ပလတ်စတစ် ဖြင့် ထုပ်ထားသည့် (၁ ဒသမ ၉ )ဂရမ်ရှိ ဘိန်းဖြူ အထုပ်တစ်ထုပ်၊ အကြည်ရောင် ပလတ်စတစ် ကပ်ခွာအိတ်ဖြင့် ထုပ်ထားသည့် အရိုး အရွက် အသီး အခြောက် ( ၁ ဒသမ ၇ )ဂရမ်ခန့်ရှိ ဆေးခြောက် အထုပ် တစ်ထုပ်၊ Disposable– Syringe စာတန်းပါ 3 ml/cc ဆေးထိုးပြွန်အသစ် ၁၁ ခုတို့ကို ရှာဖွေတွေ့ရှိခဲ့ခြင်းဖြင့် မူးယစ်ဆေးဝါး(သို့မဟုတ်) စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများကို လက်ဝယ်ထားရှိခဲ့သည့်အတွက် စစ်အုပ်ချုပ်ရေး (Martial Law) စစ်ခုံရုံးဖွဲ့၍ စစ်ဆေးမှုများ ဆောင် ရွက်ခဲ့ရာ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲ စေသော ဆေးဝါးများဆိုင်ရာ ဥပဒေ ပုဒ်မ-၁၆(ဂ) နှင့် လက်နက်များ အက်ဥပဒေပုဒ်မ-၁၉(င) တို့အရ ဧပြီ ၂၈ ရက်တွင် "အလုပ်နှင့် ထောင်ဒဏ်(၁၀) နှစ်" အမိန့်ချမှတ်လိုက်ကြောင်း သိရှိရသည်။

အလားတူ ရွှေပေါက်ကံ (မြို့သစ်) မြို့နယ် အမှတ်(၂၁)ရပ်ကွက် ဆိပ်ကမ်းသာလမ်း အိမ် အမှတ်(၁၃၃)အား မတ် ၃၀ ရက် ည ၁၀ နာရီ မိနစ် ၄၀ ခန့်တွင် သတင်းအရ ဝင်ရောက်ရှာဖွေရာ ကျော်မောင်မောင်ဇင်(ခ)ကျော်ကြီး(ဘ)ဦးမောင် မောင်အား ထိုင်လျက် မူးယစ်းဆေးဝါးသုံးစွဲနေ သည်ကို တွေ့ရှိရပြီး ရှေ့ကြမ်းပြင်ပေါ်မှ ခဲပြားအပိုင်း အစဖြင့် ထုပ်ထားသော WY စာတန်းပါ ပန်းရောင် စိတ်ရူးသွပ်ဆေးပြား ခုနစ်ပြား၊ အလေးချိန်(၀ ဒသမ ၇)ဂရမ်ခန့်အား လက်ဝယ်ထားရှိခဲ့ခြင်းဖြင့် မူးယစ် ဆေးဝါး (သို့မဟုတ်) စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများကို လက်ဝယ်ထားရှိခဲ့သည့်အတွက် စစ်အုပ်ချုပ်ရေး (Martial Law)စစ်ခုံရုံးဖွဲ့၍ စစ်ဆေး မှုများ ဆောင်ရွက်ခဲ့ရာ မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ- ၁၆(ဂ)အရ ဧပြီ ၂၈ ရက်တွင်"အလုပ်နှင့် ထောင်ဒဏ် (၁၀) နှစ်" အမိန့်ချမှတ်လိုက်ကြောင်း သိရှိရသည်။

ထို့အပြင် ရွှေပေါက်ကံ (မြို့သစ်) မြို့နယ် အမှတ်(၂၁)ရပ်ကွက် ပင်းယလမ်းပေါ်၌ စိမ်းညို(ဘ) ဦးလှသိန်းသည် နွားနှစ်ကောင်ကို လည်ပင်းတွင် တာယာကွင်းစွပ် သံကြိုးခတ်၍ လမ်းပိတ်ထားပြီး ရှေ့တန်းအမှတ် (၅၉၇) ခြေမြန်တပ်ရင်း၊ ခေတ္တတပ် ရင်းမှူး ဗိုလ်မှူးစိုင်းဇော်မိုးထွန်း ဦးစီးပူးပေါင်း အဖွဲ့အား အရိုးရှစ်လက်မခွဲခန့်၊ အသွား ၁၈ လက်မ ခန့်၊ စုစုပေါင်း အရိုး/အသွား၂၆ လက်မခွဲခန့်ရှိ ဓားဦး ချွန်၄က်ကြီးတောင်ဓားတစ်ချောင်းဖြင့် ဝင်ရောက် ခုတ်ခဲ့ခြင်းဖြင့် ရပ်ရွာအေးချမ်းသာယာရေးနှင့် အများပြည်သူလုံခြုံရေး တာဝန်ထမ်းဆောင်လျက် ရှိသော တပ်မတော်သားများကို နှောင့်ယှက် တားဆီးခြင်းပြုခဲ့သည့်အတွက် စစ်အုပ်ချုပ်ရေး (Martial Law) စစ်ခုံရုံးဖွဲ့၍ စစ်ဆေးမှုများ ဆောင် ရွက်ခဲ့ရာ ရာဇသတ်ကြီးပုဒ်မ-၁၂၄- ဃ အရ ဧပြီ ၂၈ ရက်တွင် "အလုပ်နှင့် ထောင်ဒဏ် (၇) နှစ်" အမိန့် ချမှတ်လိုက်ကြောင်း သိရှိရသည်။

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်၊ ရွှေပြည်သာမြို့နယ်၊ ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်၊ ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်၊ ဒဂုံမြို့သစ် (ဆိပ်ကမ်း) မြို့နယ်နှင့် မြောက်ဥက္ကလာပမြို့နယ် တို့တွင် အထည်ချုပ်စက်ရုံများ၊ အခြေခံပညာ အထက်တန်းကျောင်းများနှင့် ရပ်ကွက်အုပ်ချုပ်ရေး မှူးရုံးများအား မီးရှို့ဖျက်ဆီးခြင်း၊ မီးငြိမ်းသတ်မှု မဆောင်ရွက်နိုင်ရန် တားဆီးနှောင့်ယှက်မှုများ ဆောင်ရွက်သည့်အပြင် အကြမ်းဖက်မှုများကိုပါ ဆောင်ရွက်လာသဖြင့် စစ်အုပ်ချုပ်ရေးအမိန့် ( Martial Law) အား မတ် ၁၄ ရက်နှင့် ၁၅ ရက်တို့ တွင် ထုတ်ပြန်ကြေညာခဲ့သည်။ စစ်အုပ်ချုပ်ရေး အမိန့်ထုတ်ပြန်ကြေညာထားသည့် မြို့နယ်များ အတွင်း စစ်ခုံရုံးဖြင့် စစ်ဆေးမည့်ပြစ်မှုဆိုင်ရာ ၂၃ မျိုးကိုလည်း ပူးတွဲထုတ်ပြန်ထားကြောင်းနှင့် အဆိုပါ ပြစ်မှုများကို ဖောက်ဖျက်ကျူးလွန်ပါက စစ်ခုံရုံးဖွဲ့၍ စစ်ဆေးမှုများ ဆောင်ရွက်ကာ ထိထိ ရောက်ရောက် မြန်မြန်ဆန်ဆန်အရေးယူဆောင်ရွက် သွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# မြို့နယ်အချို့၌ ဆူပူအကြမ်းဖက်သူများမှ နိုင်ငံတော်ပိုင်အဆောက်အအုံများ၊ အများပြည်သူပိုင် အဆောက်အအုံများကို မီးရှို့ဖျက်ဆီး

နေပြည်တော် ဧပြီ ၂၉

**ဆူပူအကြမ်းဖက်သူများအနေဖြင့် မြို့နယ်အချို့၌ ဆူပူအကြမ်းဖက်သူများမှ နိုင်ငံတော်ပိုင် အဆောက်အအုံ များ၊ အများပြည်သူပိုင် အဆောက်အအုံများကို မီးရှို့ဖျက်ဆီးမှုများ ပြုလုပ်ခဲ့ကြသည်ကို တွေ့ရှိရသည်။**

ထိုသို့ လုပ်ဆောင်ရာတွင် ဧပြီ ၂၈ ရက် နံနက် ၁ နာရီခန့်တွင် မန္တလေးတိုင်းဒေသကြီး အမရပူရ မြို့နယ် ထုံးဘို-ပြင်ဦးလွင် ကား လမ်းဘေးရှိ ဒေါင်းရွေးကျေးရွာနေ ဦးလှတင့်၏ နေအိမ်ကို အကြမ်းဖက်သူ အမျိုးသားလေးဦး မောင်းနှင်လာသော ဆိုင်ကယ် တစ်စီးမှ လက်လုပ်ဗုံး၊ မီးပုလင်း များဖြင့် ပစ်ပေါက်ထွက်ပြေးခဲ့ရာ ဦးလှတင့်နေအိမ်ခြံဝင်းအတွင်းရှိ စပါးကျီဘေး အဖီ အမိုးပေါ် ကျရောက်ခဲ့ပြီး မီးပုလင်းတစ်လုံး ပေါက်ကွဲကာ စပါးကျီအမိုး အနည်းငယ် မီးလောင်ကျွမ်းခဲ့ ကြောင်းနှင့် အဆိုပါ အကြမ်းဖက် သူများမှာ ထုံးဘို –ပြင်ဦးလွင် ကားလမ်း မင်္ဂလာတံတားအနီး ရပ်တန့်ထားသော စဉ့်ကိုင်မြို့နယ် ပင်ချားကျေးရွာနေ ဦးမျိုးဝေ (၆၅) နှစ် (ဘ) ဦးခင်ဦး ပိုင်ဆိုင်သော Loader ယာဉ်အား ဓာတ်ဆီ လောင်း၍ မီးရှို့ခဲ့သဖြင့် မီးလောင် ခဲ့ကြောင်း သတင်းအရ လုံခြုံရေး တပ်ဖွဲ့ဝင်များက သွားရောက် စစ်ဆေးခဲ့ရာ ဦးလှတင့်၏ စပါးကျီအနီးမှ ပေါက်ကွဲထားသည့် မီးပုလင်း တစ်လုံး၊ ဓာတ်ဆီထည့် ထားသည့် ရေသန့်ဘူး နှစ်ဘူးနှင့် မပေါက်ကွဲသေးသည့် လက်လုပ် ဗုံး နှစ်လုံးတို့အား သိမ်းဆည်းရမိ ခဲ့ပြီး ဦးမျိုးဝေပိုင် Loader ယာဉ်၏ ဘီးနှစ်လုံးနှင့် ဟိုက်ဒရော လစ်ဂျိုင်းဆက်ပိုက် တစ်ခု မီးလောင် ပျက်စီးဆုံးရှုံးခဲ့သည်ကို တွေ့ရှိရသည်။




အလားတူ ယနေ့နံနက် ၅ နာရီ မိနစ် ၄၀ တွင် ရန်ကုန် တိုင်းဒေသကြီး ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ် အမှတ်(၅၄) ရပ်ကွက်ရှိ ရပ်ကွက်စီမံအုပ်ချုပ် ရေးအဖွဲ့ရုံးအတွင်း၌ အဆိုပါ ရပ်ကွက် ရာအိမ်မှူးဖြစ်သူ ဦးလှမျိုးအောင် (၄၃)နှစ် (ဘ) ဦးကျားကြီး ရှိနေစဉ် ဆူပူအကြမ်း ဖက်သူများ ရုံးအတွင်း ရောက်ရှိ လာပြီး ၎င်းအား ဝိုင်းဝန်းရိုက်နှက် ၍ ရုံးအားမီးပုလင်းများ ပစ်ပေါက် ခဲ့ကာ မီးရှို့ခဲ့၍ မီးလောင်နေ ကြောင်း သတင်းအရ လုံခြုံရေး တပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ ဝင်များက သွားရောက်မီးငြိမ်း သတ်ခဲ့ရာ နံနက် ၆ နာရီတွင် မီးငြိမ်းသွားခဲ့ပြီး မီးလောင်မှု ကြောင့် အဆိုပါရုံးနှင့် ရုံးအတွင်းရှိ ပရိဘောဂများ မီးလောင်ပျက်စီး ဆုံးရှုံးခဲ့ပြီး ဦးလှမျိုးအောင်တွင် ထိခိုက်ဒဏ်ရာများ ရရှိခဲ့သဖြင့် မြောက်ဥက္ကလာပမြို့နယ်ရှိ ဆေး ခန်းသို့ ပို့ဆောင်ထားရှိခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

အထက်ပါ ဖြစ်စဉ်များမှ ကျူးလွန်သူများအား စုံစမ်း ဖော်ထုတ်၍ ဥပဒေနှင့်အညီ အရေးယူသွားနိုင်ရေး ဆောင် ရွက်လျက်ရှိကြောင်း သတင်း ရရှိသည်။

သတင်းစဉ်

# အကြမ်းဖက်သောင်းကျန်းသူ(စိစစ်ဆဲ)အဖွဲ့များက မကွေးမြို့နှင့် မိတ္ထီလာမြို့တို့ရှိ နယ်မြေခံတပ်များသို့ ၁၀၇ မမ ရှော့တိုက်ဒုံးများဖြင့် လာရောက်နှောင့်ယှက် ပစ်ခတ်တိုက်ခိုက်

နေပြည်တော် မေ ၂၉

**မကွေးတိုင်းဒေသကြီး မကွေးမြို့ရှိ နယ်မြေခံတပ်နှင့် မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့ရှိ နယ်မြေခံတပ်များသို့ ယနေ့နံနက်အစောပိုင်းတွင် သောင်းကျန်းသူ (စိစစ်ဆဲ)အဖွဲ့က ၁၀၇ မမ ရှော့တိုက်ဒုံးများဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း သိရှိရသည်။**



ဖြစ်စဉ်မှာ မကွေးမြို့ရှိ နယ်မြေခံတပ်အား ယနေ့ နံနက် ၃ နာရီခန့်တွင် သောင်းကျန်းသူ(စိစစ်ဆဲ) အဖွဲ့က မကွေးမြို့၏ အရှေ့မြောက်ဘက် မီတာ ၅၀၀၀ ခန့်အကွာမှ ၁၀၇ မမ ရှော့တိုက်ဒုံးများဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ရာ ရှော့တိုက်ဒုံးတစ်လုံးသည် နယ်မြေခံတပ်အနီးသို့လည်းကောင်း၊ ရှော့တိုက်ဒုံး သုံးလုံးသည် ယာခင်းများအတွင်းသို့ လည်းကောင်း ကျရောက်ပေါက်ကွဲခဲ့သည်။

အဆိုပါ ရှော့တိုက်ဒုံးပစ်ခတ်ခဲ့သည့်နေရာသို့ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်ပိတ်ဆို့ ရှင်းလင်းခဲ့ရာ သပြေစမ်း(တောင်)ရွာနှင့် စမ်းကန် ရွာအကြားရှိ ယာမြေကန်သင်းရိုးအနီး၌ ရှော့တိုက်ဒုံး ပစ်ခတ်ရာတွင်အသုံးပြုသည့် သဲအိတ်များ၊ ဘက်ထရီ အိုး လေးလုံး၊ ဝါးညှပ်လေးခု၊ PVC ပိုက်နှစ်ချောင်း၊ ဝိုင်ယာကြိုးများနှင့် ဒရစ်ဘူး လေးဘူးတို့ကို တွေ့ရှိ သိမ်းဆည်းရမိခဲ့သည်။

အလားတူ မန္တလေးတိုင်းဒေသကြီး မိတ္ထီလာ မြို့ရှိ နယ်မြေခံတပ်ကိုလည်း ယနေ့နံနက် ၄ နာရီ ၄၈ မိနစ်ခန့်တွင် သောင်းကျန်းသူ(စိစစ်ဆဲ)အဖွဲ့က မိတ္ထီလာမြို့နယ် ငါးစက္ကန့်ကျေးရွာနှင့် သံကြိုးရ ကျေးရွာသွား လှည်းလမ်း၏ ညာဘက်ခြမ်းနေရာမှ ၁၀၇ မမ ရှော့တိုက်ဒုံးများဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ရာ ဓမ္မပါလကျေးရွာ၏ မြောက်ဘက် သဲကျင်းအနီးတွင် တစ်လုံး၊ ရေတွင်းဖြူကျေးရွာနှင့် ဓမ္မပါလကျေးရွာ အကြားရှိ ရေမြောင်းဘေးအနီးတွင် တစ်လုံး၊ ဓမ္မပါလကျေးရွာအနီး၌ တစ်လုံး၊ ရှမ်းတဲကျေးရွာ၏ အနောက်မြောက်ဘက် မီတာ ၄၀၀ ခန့်အကွာရှိ သရက်ခြံအတွင်းတွင် တစ်လုံးနှင့် ဘောလုံးကွင်း အနီးတွင် တစ်လုံး စုစုပေါင်း ငါးလုံး ကျရောက် ပေါက်ကွဲခဲ့ပြီး လူနှင့် အဆောက်အအုံများ ထိခိုက် ပျက်စီးမှုမရှိကြောင်း သိရှိရသည်။

အဆိုပါ ရှော့တိုက်ဒုံးပစ်ခတ်ခဲ့သည့်နေရာသို့ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်ပိတ်ဆို့ ရှင်းလင်းခဲ့ရာ လာရောက်ပစ်ခတ်ခဲ့သည့်နေရာမှ ရှော့တိုက်ဒုံးပစ်ခတ်ရာတွင် အသုံးပြုသည့် သဲအိတ် များ၊ ဘက်ထရီအိုးများ၊ ဝိုင်ယာကြိုးများနှင့် ပေါက်ကွဲမှုမရှိသေးသော ရှော့တိုက်ဒုံးတစ်လုံးတို့အား တွေ့ရှိ သိမ်းဆည်းရမိခဲ့သဖြင့် ရှော့တိုက်ဒုံးအား အများ ပြည်သူများ အန္တရာယ်မဖြစ်စေရေး သက်မဲ့ ပြုလုပ်ခဲ့သည်။ **(အပေါ်ပုံ)**

အဆိုပါ ဖြစ်စဉ်ဖြစ်ပွားခဲ့သည့် နယ်မြေများ အတွင်း လုံခြုံရေးတပ်ဖွဲ့ဝင်များက နယ်မြေလုံခြုံရေး လုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ဆူပူအကြမ်းဖက်သူလူစု အုပ်စုများအနေဖြင့် အကြမ်းဖက်ဖျက်ဆီးမှုလုပ်ရပ်များအား လုပ်ဆောင်

နေပြည်တော် မေ ၂၉

**ဆူပူအကြမ်းဖက်သူလူစုအုပ်စု များအနေဖြင့် နိုင်ငံတော်ပိုင်အဆောက်အအုံများ၊ အေးချမ်းစွာ နေထိုင်လိုသော ပြည်သူလူထုအချို့၏ နေအိမ်များ၊ အများပြည်သူ သွားလာလှုပ်ရှားနေသော လမ်းမကြီးများပေါ်တွင် လက်လုပ်ဗုံးများ ပစ်ဖောက်ခြင်း၊ မိုင်းထောင်ထားခြင်းများအား ဆောင်ရွက် လျက်ရှိသည်။**



ထိုသို့ ဆောင်ရွက်လျက်ရှိရာ မေ ၂၇ ရက် ညပိုင်းတွင် ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့ရှိ လုံခြုံရေး တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး အတွက် မြို့ပေါ်ရပ်ကွက်များ အတွင်း လှည့်ကင်းဆောင်ရွက် နေစဉ် မေ ၂၈ ရက် နံနက် ၁ နာရီ ခန့်က ရတနာသီရိရပ်ကွက်၊ အနောက်မြို့ပတ်လမ်းနှင့် အောင် မင်္ဂလာလမ်းထောင့် အရောက်၌ စိန်ပန်းရပ်ကွက်နေ ဖြိုးကိုကို(ခ) အရှရက်အလီ (၂၀)နှစ် (ဘ)ဦးခင် မောင်ဝင်းနှင့် ဟော်ကုန်းရပ်ကွက် နေ ဖြိုးငယ်ထွေး(ခ)ဗစ်လား(၂၁) နှစ် (ဘ) ဦးတင်မောင်လတ်တို့ နှစ်ဦးကို ရေသန့်ဘူးဖြင့် ပြုလုပ် ထားသော လက်လုပ်မိုင်းသုံးလုံး ကို တွေ့ရှိရပြီး အများပြည်သူ သွားလာ အသုံးပြုနေသော လမ်း များပေါ်တွင် မိုင်းထောင်ရန်ပြုလုပ် နေကြောင်း သိရှိရသဖြင့် ဖမ်းဆီး စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**လက်လုပ်ဗုံး တွေ့ရှိသိမ်းဆည်း**

ထို့အတူ မွန်းလွဲ ၂ နာရီ ၂၅ မိနစ်တွင် ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ် အမှတ် (၁၀)ရပ်ကွက် ဓမ္မရာဇာလမ်း ကြားရှိ တောင်ဥက္ကလာပ မြို့မ ရဲစခန်း၏ အနောက်ဘက် အုတ်တံတိုင်းနှင့်ရေမြောင်းကြား ၌ ပေါက်ကွဲထားသည့် Keypad ဖုန်းနှင့် တွဲဆက်ပြုလုပ်ထား သော လက်လုပ်မိုင်း အပိုင်းအစ များကိုလည်းကောင်း၊ ညနေ ၄ နာရီ မိနစ် ၅၀ ခန့်တွင် လှိုင်သာယာ (အနောက်ပိုင်း) မြို့နယ် ဒဂုံဈေး အဝေးပြေးဝင်း တွင် သခင်မြပန်းခြံမှ ဒဂုံဈေး အဝေးပြေးသို့ ပြေးဆွဲသည့် YGN 4N-6125 (YBS 20) ယာဉ်၏ နောက်ဆုံးခရီးသည် ထိုင်ခုံ အောက်တွင် ပလတ်စတစ်အိတ် ဖြင့် ထုပ်ထားသော Gold Label တံဆိပ်ပါ စက္ကူဘူးခွံအတွင်းမှ Keypad ဖုန်းဖြင့် ချိတ်ဆက် ပြုလုပ်ထားသည့် လက်လုပ် ဗုံးတစ်လုံးကို လည်းကောင်း၊ ည ၇ နာရီခန့်တွင် သဃ်န်းကျွန်း မြို့နယ် သုဝဏ္ဏမြို့ အမှတ်(၂၃) ရပ်ကွက် သံသုမာလမ်းရှိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုး ရေးပါတီ၊ ခရိုင်ရုံးအနီးမှ မပေါက် ကွဲသေးသည့် လက်လုပ်ဗုံး တစ်လုံးအားလည်းကောင်း တွေ့ရှိ ရသဖြင့် သက်မဲ့ပြုလုပ် သိမ်း ဆည်းခဲ့ကြောင်း သိရသည်။

**လက်ပစ်ဗုံးဖြင့် ပစ်ပေါက်ထွက်ပြေး**

အလားတူ ည ၇ နာရီ မိနစ် ၂၀ က မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် (ဆ) ရပ်ကွက်၊ ၁၃၀ လမ်း၊ ၅၃ လမ်းနှင့် ၅၄ လမ်းကြားရှိ ဒုတိယမြို့တော် ဝန် နေအိမ်ကို လည်းကောင်း၊ ည ၇ နာရီ ၃၅ မိနစ်ခန့်တွင် ချမ်းအေးသာစံမြို့နယ် ပါတ်ကုန်း ဝန်းကျင် ရပ်ကွက်၊ ၇၃ လမ်း၊ ၂၇ လမ်းနှင့် ၂၈ လမ်းကြားရှိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုး ရေးပါတီ၊ တိုင်းရုံးကို လည်း ကောင်း ဆူပူအကြမ်းဖက်သူများ က ဆိုင်ကယ်များဖြင့် ရောက်ရှိ လာပြီး လက်လုပ်ဗုံး/ လက်ပစ်ဗုံး များဖြင့် ပစ်ပေါက်ထွက်ပြေးခဲ့ရာ အဆိုပါဗုံးများ ပေါက်ကွဲမှုကြောင့် ရုံးများနှင့် နေအိမ်အဆောက်အအုံ များ အနည်းငယ်ပျက်စီးခဲ့ကြောင်း သိရှိရသည်။

**ထိမှန်ဒဏ်ရာရ**

ထို့အတူ ယနေ့နံနက် ၅ နာရီ မိနစ် ၅၀ တွင် ရန်ကုန်တိုင်းဒေသ ကြီး လှိုင်သာယာ (အနောက်ပိုင်း) မြို့နယ် အမှတ်(၁၆)ရပ်ကွက် ရပ်ကွက်စီမံအုပ်ချုပ်ရေးရုံးအား အကြမ်းဖက်သူ အမျိုးသားနှစ်ဦး မောင်းနှင်လာသည့် ဆိုင်ကယ် တစ်စီးမှ လက်လုပ်မိုင်းတစ်လုံး ဖြင့် ပစ်ပေါက်ခဲ့၍ ပေါက်ကွဲမှု ဖြစ်ပွားကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွား ရောက်စစ်ဆေးခဲ့ရာ အဆိုပါ လက်လုပ်မိုင်းမှာ ရုံးအပေါ်ထပ်သို့ ကျရောက်ပေါက်ကွဲခဲ့ပြီး ပေါက်ကွဲ မှုကြောင့် ရုံးအပေါ်ထပ်တွင် နေသူ ဗဒင်(ခ) အောင်မြင့်မြတ် (၃၅) နှစ်(ဘ) ဦးကျော်ဝင်းတွင် ထိမှန် ဒဏ်ရာများ ရရှိခဲ့၍ မင်္ဂလာဒုံ၊ တပ်မတော်ဆေးရုံသို့ ပို့ဆောင် ထားရှိကြောင်း သိရသည်။ **(ဝဲပုံ)**

အထက်ပါ ဖြစ်စဉ်များမှ အကြမ်းဖက်မှု လုပ်ရပ်များကို ကျူးလွန်သူများအား ဥပဒေနှင့် အညီ ထိရောက်စွာ အရေးယူနိုင် ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက စုံစမ်းဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## တူမီးသေနတ်၊ လက်လုပ်သေနတ်များနှင့် ဆူပူအကြမ်းဖက်ရာတွင်အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ လုံခြုံရေးတပ်ဖွဲ့ဝင်များထံ လာရောက်အပ်နှံ

နေပြည်တော် မေ ၂၉


တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ မြို့နယ်အချို့၌ လက်နက်ကိုင်ဆောင်လိုခြင်း မရှိဘဲ အေးချမ်းစွာနေထိုင်လိုသည့် ပြည်သူလူထုအများစုက ၎င်းတို့၏ သဘော ဆန္ဒအလျောက် ၎င်းတို့ထံတွင်ရှိသော တူမီးသေနတ်၊ လက်လုပ်သေနတ်၊ ဒူးလေးနှင့် ဂျင်ကလိများကို အုပ်ချုပ်ရေးတာဝန်ရှိသူများမှတစ်ဆင့် လုံခြုံရေး တပ်ဖွဲ့ဝင်များထံ လာရောက်အပ်နှံခဲ့ကြောင်း သိရသည်။

ထိုသို့အပ်နှံရာတွင် မေ ၂၈ ရက်နှင့် ယနေ့တို့တွင် နေပြည်တော် ပြည်ထောင်စု နယ်မြေ ဇေယျာသီရိမြို့နယ်အတွင်းရှိ ကျေးရွာများမှ လက်လုပ်သေနတ် နှစ်လက်ကိုလည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး တမူးမြို့နယ်အတွင်းရှိ ကျေးရွာများမှ လက်လုပ်သေနတ် အလက် ၅၀ နှင့် ပခုက္ကူမြို့နယ်အတွင်းရှိ ကျေးရွာများမှ လက်လုပ်သေနတ်ငါးလက်ကို လည်းကောင်း၊ ကျေးရွာအုပ်ချုပ် ရေးတာဝန်ရှိသူများမှတစ်ဆင့် လုံခြုံရေးတပ်ဖွဲ့ဝင်များထံ လာရောက်အပ်နှံခဲ့ ကြသည်။ လက်နက်ကိုင်ဆောင်လိုခြင်းမရှိသည့် ပြည်သူလူထုမှ လာရောက် အပ်နှံသော လေသေနတ်၊ တူမီးသေနတ်၊ လက်လုပ်သေနတ်နှင့် ဂျင်ကလိ များကို လုံခြုံရေးတပ်ဖွဲ့ဝင်များက လက်ခံရယူခဲ့ပြီး စနစ်တကျသိမ်းဆည်းထား ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဥာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း








မော်ကွန်းတိုက်(၇၂×၃၀)ပေ ၁ လုံး-၈၈၄ သိန်း



ဂေါပကရုံး (၄၈×၂၄)ပေ ၁ လုံး-၄၂၃ သိန်း



ပုတ်တလုတ်ကန်(၁၉၆×၁၁၆)ပေ ၁ ကန်-၈၂၄၀ သိန်း



မြန်မာမှုစကျင်ကျောက်ဖြင့် တည်ဆောက်ပူဇော်ထားသော ဂန္ဓကုဋိတိုက်
(၅၄×၂၇)ပေ ၂၄ လုံး ၁ လုံးလျှင်- ၁၂၅၀ သိန်း



ဓမ္မာရုံ(၂၁၃×၉၀)ပေ ၁ လုံး-၈၇၃၀ သိန်း



သုခမ္မာဇရပ်(၅၄×၃၀)ပေ ၆ လုံး ၁ လုံးလျှင်-၅၅၇ သိန်း

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့်(၇)ရက်သား၊ သမီး ၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှု အထောက်အကူဖြစ်စေရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

(၁) အဝင်မုခ်ဦး(၁၀၀×၄၀)ပေ ၁ ခု - ၈၂၀ သိန်း
(၂) အဝင်မုခ်ဦးငယ်(၇၅×၄၀)ပေ ၃ ခု၊ ၁ ခုလျှင် - ၆၇၆ သိန်း
(၃) ရေပန်းအကြီး(အချင်း ၇၅ ပေ၊ အမြင့် ၁၅ ပေ) ၁ ခု - ၄၃၂၀ သိန်း
(၄) ရေပန်းအသေး(အချင်း ၃၀ ပေ၊ အမြင့် ၉ ပေ) ၁၈ ခု၊ ၁ ခုလျှင် - ၈၀၅ သိန်း
(၅) မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေခန်း) ၂၀၀ ခန်း ၁ ခုလျှင် - ၇၂ သိန်း
(၆) မဟာရံတံတိုင်းစိန်တောင်စကျင်ကနုတ်ပန်း(မြန်မာမှုပါ) ၆၅၂ ခု၊ ၁ ခုလျှင် - ၇ သိန်း
(၇) မဟာရံတံတိုင်းရှိ စကျင်ထောင့်တိုင်(မြန်မာမှုပါ) ၅၀ ခု ၁ ခုလျှင် - ၁၅ သိန်း
(၈) မဟာရံတံတိုင်း၏အင်္ဂတေမြန်မာမှု ၂၁၈ ကျင်း၊ ၁ ကျင်းလျှင် - ၄.၁ သိန်း
(၉) မြန်မာမှု တစ်ဖက်လှခြံစည်းရိုး(၂၇ ပေခန်း) ၄၅၅ ခန်း ၁ ခန်းလျှင် - ၃၁ သိန်း
(၁၀) စကျင်ကျောက်ပြား ၂၁၂၀ ကျင်း၊ ၁ ကျင်းလျှင် - ၄.၇ သိန်း
(၁၁) ကြွေပြား ၁၇၃၆ ကျင်း၊ ၁ ကျင်းလျှင် - ၂ သိန်း
(၁၂) ကွန်ကရစ် ၈ လက်မထုခင်းခြင်း၊ ၅၉၁၀ ကျင်း ၁ ကျင်းလျှင် - ၃.၆ သိန်း
(၁၃) မြောက်ဘက်မုခ်ပင်မလှေကား(မြန်မာမှုပါ) ၁ စင်း - ၁၉၁၄ သိန်း
(၁၄) အရှေ့၊ အနောက်နှင့် တောင်ဘက်မုခ်လှေကား (မြန်မာမှုပါ) ၃ စင်း၊ ၁ စင်းလျှင် - ၄၉၀ သိန်း
(၁၅) ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ × ၁၇၆)ပေ၊ ၈၂ ခန်း ၁ ခန်းလျှင် - ၁၉၃ သိန်း
(၁၆) ရင်ပြင်တော် ပင်မတံတား(၁၀ ပေခန်း) ၉ ခန်း ၁ ခန်းလျှင် - ၁၃၂၂ သိန်း
(၁၇) လမ်းမီးတိုင် (၉ မီတာ) ၁ တိုင်လျှင် - ၁၀ သိန်း
(၁၈) High Mast မီးတိုင်(၂၀ မီတာ) ၁ တိုင်လျှင် - ၄၉၄ သိန်း
(၁၉) Garden Light(၁ မီတာ) ၁ တိုင်လျှင် - ၁.၂ သိန်း
(၂၀) ဆလိုက်မီး(၁၀ မီတာ) ၁ တိုင်လျှင် - ၁၈၅ သိန်း
(၂၁) ဂန္ဓကုဋိတိုက်(Solar) ၂၄ လုံး၊ ၁ လုံးလျှင် - ၄၈ သိန်း
(၂၂) ဓမ္မာရုံ(မီး/ရေ) ၁ လုံး - ၁၉၅ သိန်း
(၂၃) သုခမ္မာဇရပ်(မီး) ၆ လုံး၊ ၁ လုံးလျှင် - ၄၁ သိန်း
(၂၄) မော်ကွန်းတိုက်(မီး) ၁ လုံး - ၄၁ သိန်း
(၂၅) ဇာတ်ရုံ(မီး/ရေ) ၁ လုံး - ၉၉ သိန်း
(၂၆) ဂေါပကရုံး(မီး/ရေ) ၁ လုံး - ၁၁၀ သိန်း

၃။ သို့ဖြစ်ပါ၍ စေတနာရှင်ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့် အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများကိုထည့်ဝင်လိုပါက **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆** နှင့် **ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** သို့ အလှူငွေများအား ငွေသားဖြင့်လည်းကောင်း၊ Account Transfer ဖြင့်လည်းကောင်း ထည့်ဝင်လှူဒါန်းနိုင်ပါရန်နှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော** ၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅
**(ခ) ဒေါ်အေးအေးကြည်** ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆

## အမွေဆက်ခံရန်သက်သေခံလက်မှတ်ရစေခြင်းငှာ လျှောက်ထားကြောင်း
## အကြောင်းကြားစာ

**(အမွေဆက်ခံရန်သက်သေခံလက်မှတ်စာအက်ဥပဒေပုဒ်မ-၃၇၃)**

**ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး**

**၂၀၂၁ ခုနှစ် တရားမအထွေထွေမှုအမှတ် - ၁၀**

ကွယ်လွန်သူ ဦးကျော်လှ၍ ကျန်ရစ်သော ပစ္စည်းအကြောင်း။

ဒေါ်ခင်မျိုးချစ် လျှောက်ထားသူ

အမှတ်-၄၀၊ အခန်းအမှတ်(၅)၊ (၃)လွှာ၊ ၃၁လမ်း၊ (၉)ရပ်ကွက်၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးတွင် နေထိုင်သော ဒေါ်ခင်မျိုးချစ်က ကွယ်လွန်သူ ဦးကျော်လှ၏ တရားဝင်ဇနီးဖြစ်သည်ဟူ၍ အမှတ်-၄၀၊ အခန်းအမှတ်(၅)၊ ၃-လွှာ၊ ၃၁ လမ်း၊ (၉)ရပ်ကွက်၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးတွင်နေထိုင်သော ကွယ်လွန်သူ ဦးကျော်လှမှာ ကျန်ရစ်သော ပစ္စည်းများထဲမှ ရရန်ရှိသော ကြွေးမြီများကို ကောက်ခံရန် အမွေဆက်ခံခြင်းအက်ဥပဒေအရ လက်မှတ်စာရလိုကြောင်း ဤရုံး၌ လျှောက်ထားသည်ဖြစ်၍ ၎င်းကွယ်လွန်သူ ဒေါ်ခင်မျိုးချစ်မှာ ကျန်ရစ်သော ပစ္စည်းများအပေါ်၌ ရရန်ရှိသူလူဟူသမျှတို့သည် ဤရုံးသို့ ၂၀၂၁ ခုနှစ် မေ ၂၇ ရက် (၁၃၈၃ ခုနှစ် ကဆုန်လပြည့်ကျော် ၂ ရက်)တွင် လာရောက်ကြရမည်။ ၎င်းနေ့ရက်တွင် လျှောက်ထားသူ ဒေါ်ခင်မျိုးချစ်၏ လျှောက်ထားချက်ကို ကြားနာ၍ လက်မှတ်ရသင့်မရသင့်သည်ကို စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၂၁ ခုနှစ် ဧပြီ ၂၈ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(မို့မို့အေး)**
**ဒုတိယခရိုင်တရားသူကြီး(၁)**
**ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

(ဦးတင်အောင်)-ဒေါ်ငယ်တို့၏ အိမ်ထောင်ခွဲသားကြီးဖြစ်သူ ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့၊ (၁၈)ရပ်ကွက်၊ နယ်မြေ (၄)၊ အိမ်အမှတ် (၅၅၆)၊ ငွေတောင်ဦးရပ်ကွက်နေ ကိုသန်းစိုးဦး ၇/တငန(နိုင်)၁၅၉၂၃၄သည် ဖခင်ဖြစ်သူ ဦးတင်အောင် ၂၀၂၁ ခုနှစ် ဇန်နဝါရီလတွင် ရုတ်တရက်ကွယ်လွန်သွားပြီးနောက်ပိုင်း မုဆိုးမ မိခင်ကြီးဖြစ်သူ ဒေါ်ငယ်နှင့် သားသမီးလေးယောက်နေထိုင်ရာအိမ်သို့ မကြာခဏလာရောက်၍ မိသားစုတို့အား ဆူပူကြိမ်းမောင်းခြိမ်းခြောက်နေပါသဖြင့် ၎င်းသားကြီးဖြစ်သူ ကိုသန်းစိုးဦးအား ယနေ့မှစ၍ အမွေစားအမွေခံသားကြီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ကြောင်း ကြေညာလိုက်သည်။ (နောက်နောင် ၎င်းနှင့်ပတ်သက်သမျှ ကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း ကြေညာအပ်ပါသည်။)

**မိခင်-ဒေါ်ငယ် ၇/တငန(နိုင်)၀၄၇၈၈၇**
**အမှတ် (၁၈/၁၄၉)၊ ပြည်တော်သာလမ်း၊ တောင်ငူမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 2I/8552, STATION WAGON (4x2)R ယာဉ်လက်ဝယ်ရှိသူ ဒေါ်အားကိုး ၁၃/ကခန(နိုင်)၀၄၅၆၆၅ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (မူဆယ်)၊ မူဆယ်မြို့**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ အကွက်အမှတ် (မ-၂၇)၊ ဦးပိုင်အမှတ်(၄၇)၊ ၄၂x၄၃ လမ်းကြား၊ ၅၈x၅၉ လမ်းကြားရှိ ဗိုလ်ကြီးခင်မောင်အေး အမည်ပေါက် တောဂရန်မြေကွက်အား အစ်ကိုဖြစ်သူ ဗိုလ်ကြီးခင်မောင်အေး(လူပျိုကြီးဘဝ) ကွယ်လွန်သဖြင့် ညီမဖြစ်သူ ဒေါ်ခင်ညိုညိုကျန်ရှိခဲ့ပြီး ဖခင်ဦးစိုးလွင်၊ မိခင်ဒေါ်ခင်ညိုညို သားဦးနေမျိုးသန့်(ခ)နေမျိုးသွင်နှင့် ဦးဝင်းဆက်အောင်(ခ)ဝင်းအောင်ဖြိုး (လူပျိုဘဝ)တို့ အသီးသီးကွယ်လွန်သဖြင့် ကျန်ရစ်သော (တူမ/သမီး) ဖြစ်သူ ဒေါ်ဝင်းပပ ၉/မကန(နိုင်)၀၈၈၈၀၆ က တောဂရန်၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ အမွေဆက်ခံစာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 1P/6774 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်းအများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**
**(မော်လမြိုင်မြို့)**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 2J/9272 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်းအများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**
**(မော်လမြိုင်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 8J/4273 YADANAR TUN BUS ယာဉ်လက်ဝယ်ရှိသူ ဒေါ်နီ ၇/ပမန(နိုင်)၀၂၆၆၀၉ က(ကမ-၃)ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့်ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(ဟသာတ)**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၅)၊ အကွက်အမှတ်(၁၈/ကျောက်တောင်)၊ ဦးပိုင်အမှတ်(၇၇/ယ)၊ မြေရိယာ (၀ဒသမ၀၇၀)ကေရှိ မြေကွက်အား မြေငှားဂရန် (အမည်ပြောင်း၊ သက်တမ်းတိုး) လျှောက်ထားနိုင်ရေး ဒေါ်မိမိခိုင် ၉/မရမ(နိုင်)၀၀၆၇၃၄ မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထား ပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ပြင်ဦးလွင်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 2B/4801 DAEWOO KL BFR 485 ယာဉ်လက်ဝယ်ရှိသူ ဦးလှမြင့် ၁၄/ဟသတ(နိုင်)၀၄၄၁၈၂ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ခရိုင်ရုံး(ဟသာတ)**


## စီမံကိန်း၊ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာန
## ပြည်တွင်းအခွန်များဦးစီးဌာန
## အောင်ဘာလေသိန်းဆုဌာနခွဲ
## ကြေညာချက်
**(ရက်စွဲ၊ ၂၀၂၁ ခုနှစ်၊ ဧပြီ လ ၃၀ ရက်)**

၁။ ၂၀၂၁ ခုနှစ်၊ မေ လ (၁) ရက်နေ့တွင် ကျင်းပမည့် (၂၆) ကြိမ်မြောက် ၁၀၀၀/- ကျပ်တန် အောင်ဘာလေသိန်းဆုဖွင့်ပွဲအတွက် ထီလက်မှတ်များကို **“က”အက္ခရာမှ အစဉ်လိုက် “ကဈ”ထိ** စုစုပေါင်းအက္ခရာ (၄၂) လုံးတွင် ထီစာအုပ် (၂၀၅၃၄၈) အုပ် ရောင်းချခဲ့ပါသည်။

၂။ ထီလက်မှတ်များ ရောင်းချရငွေမှာ ကျပ်သန်း(၂၀၅၃.၄၈၀) ဖြစ်သဖြင့် ၆၀% ခွဲဝေချီးမြှင့်ပေးမည့်ထီဆုငွေမှာ ကျပ်သန်း (၁၂၃၂.၀၈၈) ဖြစ်ပါသည်။

၃။ အဆိုပါ ခွဲဝေချီးမြှင့်ပေးမည့် ထီဆုငွေများမှ အောက်ဖော်ပြပါဆုမဲများ ချီးမြှင့်သွားမည်ဖြစ်ပါသည်-

| | | | | |
|---|---|---|---|---|
| (က) | <u>အထူးဆုကြီးစနစ်</u> | | | |
| | (၁) | ကျပ်သိန်းငါးထောင် | = | (၁) ဆု |
| | (၂) | ကျပ်သိန်းတစ်ထောင် | = | (၁) ဆု |
| (ခ) | <u>ဆုတစ်ဆုချင်းစနစ်</u> | | | |
| | (၁) | ကျပ်သိန်းငါးရာ | = | (၄) ဆု |
| | (၂) | ကျပ်သိန်းနှစ်ရာ | = | (၄) ဆု |
| | (၃) | ကျပ်သိန်းတစ်ရာ | = | (၅) ဆု |
| | (၄) | ကျပ်သိန်းငါးဆယ် | = | (၄) ဆု |
| | (၅) | ကျပ်သိန်းနှစ်ဆယ် | = | (၄) ဆု |
| | (၆) | ကျပ်ဆယ်သိန်း | = | (၅) ဆု |
| (ဂ) | <u>ဝေဝေဆာဆာပဒေသာဆုမဲစနစ်</u> | | | |
| | (၁) | ကျပ် သုံးသိန်း | = | (၃၀) ဆု |
| | (၂) | ကျပ် နှစ်သိန်း | = | (၃၀၀) ဆု |
| | (၃) | ကျပ် တစ်သိန်း | = | (၂၀၀၀) ဆု |

၄။ ထို့ပြင် သတ်မှတ်ကာလအတွင်း လာရောက်ထုတ်ယူခြင်းမရှိသော ဆုမဲများ၏ ဘဏ္ဍာသိမ်းရငွေမှ ကျပ်သန်း (၂၅၀) အား တစ်ဆုချင်းဆုမဲ **ကျပ် ၁၀သိန်း (၄) ဆု** နှင့် ဝေဝေဆာဆာဆုမဲများဖြစ်သည့် **ကျပ် ၃သိန်း(၂၀) ဆု၊ ကျပ် ၂သိန်း (၂၀၀) ဆု၊ ကျပ် ၁သိန်း (၂၀၀၀) ဆု စုစုပေါင်း( ၂၂၂၄) ဆု** ကိုလည်းထပ်မံချီးမြှင့်ပေးမည်ဖြစ်ပါသည်။

၅။ (၂၆)ကြိမ်မြောက် ၁၀၀၀/- ကျပ်တန် အောင်ဘာလေသိန်းဆုဖွင့်ပွဲကို (၁.၅.၂၀၂၁) ရက်နေ့(စနေ)၊နံနက်(၈:၀၀) နာရီအချိန်တွင် အမှတ် (၃၈၄)၊ မဟာဗန္ဓုလလမ်းနှင့် (၃၇)လမ်းထောင့်၊ ကျောက်တံတားမြို့နယ်ရှိ အောင်ဘာလေသိန်းဆုဌာနခွဲ၊ ထီဖွင့်ပွဲခန်းမ၌ ကျင်းပသွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။


## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
## မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန

၁။ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် ငွေလုံးငွေရင်း အခြားအသုံးစရိတ် ခွင့်ပြုရန်ပုံငွေဖြင့် 7500 Real-Time PCR System, Laptop (၁)မျိုးအား ဝယ်ယူရန်အတွက် မြန်မာကျပ်ငွေဖြင့် ဈေးနှုန်းအဆိုပြုလွှာတင်သွင်းနိုင်ကြောင်း ကြေညာအပ်ပါသည်။

၂။ ဈေးနှုန်းအဆိုပြုလွှာပုံစံများကို မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ စီမံရေးရာဌာနခွဲ၊ ဖြည့်တင်းရေးနှင့် သိုလှောင်ရေးဌာနစိတ်၊ ရုံးအမှတ် (၃၆)၊ နေပြည်တော်တွင် ၃-၅-၂၀၂၁ ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပြီး ၁-၆-၂၀၂၁ ရက်တွင် တင်ဒါပုံစံများကို ပိတ်သိမ်း၍ 1% P.O Cheque လက်ခံမည်ဖြစ်ကာ အိတ်ဖွင့်တင်ဒါဖွင့်လှစ်မည့်ရက်ကို အချိန်မီ အကြောင်းကြားသွားမည်ဖြစ်ပါသည်။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၆၇-၃၄၀၈၁၇၇၊ ၀၆၇-၃၄၀၈၄၆၄ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**

## မွေးစားသမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရခိုင်ပြည်နယ်၊ သံတွဲခရိုင်၊ ကျိန္တလီမြို့၊ အမှတ်(၁)ရပ်ကွက်၊ ပြည်ထောင်စုလမ်းနေ ကျွန်တော်၊ ကျွန်မတို့၏မွေးစားသမီးဖြစ်သူ မကြည်ဖြူသန့်စင် ၁၁/ကတလ(နိုင်)၀၀၈၀ ၉၄သည် မိဘ၏ပြောဆိုဆုံးမခြင်းကို နာခံမှုမရှိဘဲ နေအိမ်မှဆင်းသွားပါသဖြင့် ၎င်းအား အမွေစားအမွေခံသမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ (စုံစမ်းမေးမြန်းခြင်းသည်းခံပါ)

**ဦးမြင့်ဝင်း ၁၁/ဂမန(နိုင်)၀၂၇၂၁၂**
**ဒေါ်စမ်းစမ်းနွယ် ၁၁/ဂမန(နိုင်)၀၂၃၉၂၆**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇၅ယ/၇၄၃၄၉ Haojue 100 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဟန်နွယ်ဝင်း ၉/လဝန(နိုင်) ၁၅၁၉၉၇ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန (နေပြည်တော်ရုံး)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆၈ယ/၁၉၆၃၉ Canda -110 ယာဉ်လက်ဝယ်ရှိသူ ဦးရန်ရှန်ချန်း ၉/မကန(နိုင်)၀၈၅၁၈၂ က (ကမ-၃) ပျောက် ဆုံး၍ မိတ္တူ ထုတ် ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန (နေပြည်တော်ရုံး)**

## သွေးသည် အသက်

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးနှင့် ထာဝရငြိမ်းချမ်းရေးအတွက် ထုတ်ပြန်ချက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး
ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးနှင့် ထာဝရငြိမ်းချမ်းရေးအတွက် ထုတ်ပြန်ချက်
(၁၃၈၃ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၄ ရက်)
(၂၀၂၁ ခုနှစ်၊ ဧပြီလ ၃၀ ရက်)

၁။ တပ်မတော်အနေဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကိုဖွဲ့စည်းပြီး ရှေ့လုပ်ငန်းစဉ် (၅)ရပ်၊ ဦးတည်ချက်(၉)ရပ်ချမှတ်၍ နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး စသည့်ဘက်ပေါင်းစုံမှ တိုးတက်ကောင်းမွန်လာစေရန် အင်တိုက်အားတိုက်လုပ်ဆောင်လျက်ရှိပါသည်။

၂။ ထို့ပြင် နိုင်ငံတော်အတွက် ထာဝရငြိမ်းချမ်းရေးအောင်မြင်ပြီးဆုံးသည်အထိ ဆောင်ရွက်ရန်မှာ မဖြစ်မနေဆောင်ရွက်ရမည့် လုပ်ငန်းစဉ်ဖြစ်သည့်အတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်တွင် လက်မှတ်ရေးထိုးပြီးသော လက်နက်ကိုင်အဖွဲ့များ၊ လက်မှတ်ရေးထိုးရန် ကျန်ရှိသည့် ဆက်လက်ဆွေးနွေးဆဲဖြစ်သော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များအား အမြန်ဆုံး ဆက်လက်ဆွေးနွေးနိုင်ရေးအတွက် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီ၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်းကော်မတီနှင့် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီတို့ကိုလည်း ဖွဲ့စည်းထားရှိပြီး ဖြစ်ပါသည်။

၃။ အဆိုပါ တပ်မတော်၏ ငြိမ်းချမ်းရေးဆွေးနွေးမှုကော်မတီနှင့် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) လမ်းကြောင်းအတိုင်း (NCA)လက်မှတ်ရေးထိုးပြီးသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ငြိမ်းချမ်းရေးပိုမိုခိုင်မာအောင် ဆက်လက်ဆွေးနွေးခြင်း၊ (NCA) လက်မှတ်မရေးထိုးရသေးသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအား လက်မှတ်ရေးထိုးနိုင်သည်အထိ ဆက်လက်ဆွေးနွေးခြင်းများ ပြုလုပ်နိုင်ရေး၊ ထာဝရငြိမ်းချမ်းရေး အောင်မြင်ပြီးဆုံးသည်အထိ လိုအပ်သည်များအား ဆက်လက်ဆွေးနွေးသွားနိုင်ရေးတို့အတွက် မြန်မာနိုင်ငံတစ်ဝန်းလုံး၌ နိုင်ငံတော်ကာကွယ်ရေးနှင့် အုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များအပြင် နိုင်ငံတော်အစိုးရ၏ လုံခြုံရေးနှင့် အုပ်ချုပ်ရေးယန္တရားများအား နှောင့်ယှက်ထိပါး တိုက်ခိုက်ချိန်မှအပ တပ်မတော်၏ စစ်ရေးဆိုင်ရာလှုပ်ရှားမှုများကို ၂၀၂၁ ခုနှစ်၊ မေ ၁ ရက်မှ ၃၁ ရက်အထိ ထပ်မံရပ်ဆိုင်းပေးသွားမည်ဖြစ်သည်။ ထိုသို့ တပ်မတော်က စစ်ရေးဆိုင်ရာလှုပ်ရှားမှုများ ထပ်မံရပ်စဲပေးထားသည့် ကာလများအတွင်း ညှိနှိုင်းဆွေးနွေးမှုများဖြင့် ထာဝရငြိမ်းချမ်းရေးရရှိအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြစေလိုကြောင်း တိုက်တွန်းထုတ်ပြန်အပ်ပါသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး

# အောင်လအန်ဆန် ရှုံးပွဲကြုံတွေ့ပြီး ONE လိုက်ဟဲဗီးဝိတ်တန်း ကမ္ဘာ့ချန်ပီယံဆု လက်လွှတ်ခဲ့ရ



ရန်ကုန် ဧပြီ ၂၉

**မြန်မာ MMA ကစားသမား အောင်လအန်ဆန်နှင့် နယ်သာလန်နိုင်ငံသား ဒီရစ်ဒါတို့၏ ONE လိုက်ဟဲဗီးဝိတ်တန်း ကမ္ဘာ့ချန်ပီယံလုပွဲကို မြန်မာစံတော်ချိန် ယနေ့ (ဧပြီ ၂၉ ရက်) နံနက်ပိုင်းက စင်ကာပူနိုင်ငံ၌ ကျင်းပရာ အောင်လအန်ဆန် ရှုံးပွဲကြုံတွေ့ပြီး ချန်ပီယံဆုအား လက်လွှတ်ခဲ့ရသည်။**

ONE Championship က စီစဉ်သည့် ONE ON TNT IV အမည်ရ MMA ပြိုင်ပွဲတွင် အောင်လအန်ဆန်နှင့် ဒီရစ်ဒါတို့၏ တွဲဆိုင်းကို အဓိကတွဲဆိုင်းအဖြစ် ကျင်းပခဲ့ခြင်းဖြစ်သည်။ အောင်လအန်ဆန်နှင့် ဒီရစ်ဒါတို့ပွဲမှာ ငါးချီပြည့်သည်အထိ အရှုံးအနိုင်မပေါ်သဖြင့် ဒိုင်လူကြီးများ၏ ရမှတ်များဖြင့် ဆုံးဖြတ်ရာ ဒီရစ်ဒါကို အနိုင်ပေးခဲ့ခြင်းဖြစ်သည်။ ဒီရစ်ဒါသည် ငါးချီစလုံး အောင်လအန်ဆန်ကို အသာစီးမှ ထိုးသတ်နိုင်ခဲ့ပြီး ၎င်းအားသာသည့် ချုပ်ကွက်ဖြင့်ပင် အထိနာအောင် ပြုလုပ်နိုင်ခဲ့ခြင်းဖြစ်သည်။ အောင်လအန်ဆန်သည် ပြိုင်ပွဲထိုးသတ်ခါနီးမှ ပြိုင်ဘက်ပြောင်းလဲသွားသဖြင့် ပြင်ဆင်ထားသည့် နည်းဗျူဟာပိုင်း

*စာမျက်နှာ ၁၈ ကော်လံ ၁* ❂

ONE လိုက်ဟဲဗီးဝိတ်တန်း ကမ္ဘာ့ချန်ပီယံလုပွဲတွင် မြန်မာ MMA ကစားသမား အောင်လအန်ဆန်နှင့် နယ်သာလန်နိုင်ငံသား ဒီရစ်ဒါတို့ ယှဉ်ပြိုင်ထိုးသတ်စဉ်။

ဓာတ်ပုံ– ONE Championship

**ဘရာဇီးနိုင်ငံသည် ကမ္ဘာ့ဒုတိယ ကိုဗစ် - ၁၉ သေဆုံးမှု အများဆုံး နိုင်ငံအဖြစ် ဆက်လက်တည်ရှိ**
*စာမျက်နှာ - ၁၃*

**အကြမ်းဖက်သောင်းကျန်းသူ (စိစစ်ဆဲ)အဖွဲ့များက မကွေးမြို့နှင့် မိတ္ထီလာမြို့တို့ရှိ နယ်မြေခံတပ်များသို့ ၁၀၇ မမ ရှော့တိုက်ဒုံးများဖြင့် လာရောက်နှောင့်ယှက် ပစ်ခတ်တိုက်ခိုက်**
*စာမျက်နှာ - ၂၇*

# ချန်ပီယံလိဂ်ဆီမီးဖိုင်နယ် ပထမအကျော့ အဝေးကွင်းတွင် ပီအက်စ်ဂျီကို အနိုင်ရခဲ့သည့် မန်စီးတီး

ချန်ပီယံလိဂ်ဆီမီးဖိုင်နယ် ပထမအကျော့အဖြစ် လီဂူးဝမ်းကလပ် ပြင်သစ်အသင်းနှင့် ပရီမီယာလိဂ်ကလပ် မန်စီးတီးအသင်းတို့ပွဲစဉ်ကို ဧပြီ ၂၉ ရက် နံနက်ပိုင်းက ယှဉ်ပြိုင်ကစားခဲ့ရာ မန်စီးတီးအသင်းက ဒီဘရိုင်းနှင့် မာရက်ဇ်တို့၏ သွင်းဂိုးများဖြင့် အနိုင်ရရှိခဲ့သည်။

ယနေ့ပွဲစဉ်တွင် အိမ်ရှင်ပီအက်စ်ဂျီအသင်းသည် နာဗက်စ်၊ ဖလော်ရန်ဇီ၊ မာကွင်ဟို၊ ကင်ပမ်းဘီ၊ ဘက္ကာ၊ ဂွီရီ၊ ပါရီဒက်စ်၊ ဒီမာရီယာ၊ ဗာရက်တီ၊ နေမာ၊ အမ်ဘတ်ပီတို့ဖြင့် ပွဲထွက်လာခဲ့သည်။ မန်စီးတီးအသင်းကလည်း အီဒါဆင်၊ ကန်ဆယ်လို၊ ဒီယက်စ်၊ စတုန်း၊ ဝေါ်လ်ကာ၊ ဂန်ဒိုဂန်၊ ရိုဒရီ၊ ဆေးလ်ဗား၊ ဖိုဒင်၊ ဒီဘရိုင်း၊ မာရက်ဇ်တို့ဖြင့် ပွဲထွက်လာခဲ့သည်။ ပထမအကျော့တွင် ရလဒ်ကောင်း

*စာမျက်နှာ ၁၇ ကော်လံ ၁* ○

